www.burmeseclassic.com

# မေဝဒိုင်ယာ

ရေအဆုံးကုန်းတစ်ဝက် မျှော်လင့်ချက်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆော
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြဲ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ
ရေအဆုံးကုန်းတစ်ဝက် မျှော်လင့်ချက်/ ဒီနိုင်းခ၊ ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၁၁။
၂၄၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ရေအဆုံးကုန်းတစ်ဝက် မျှော်လင့်ချက်


BURMESE CLASSIC .com



တရားပြလို့လည်း မရ ...
ဘာရားချလို့လည်း မရ ...
အစွဲအလမ်း များစွာနဲ့
ကျွဲပြားစွာ ပုံဖော်ထားတဲ့
ဝဋ်ကြွေးများ
ကျန်းမာချမ်းသာကြပါစေ ...။






www.burmeseclassic.com

www.burmeseclassic.com









"ဒီလို .. မအီစွတ်"

"တောက် !..."

နှုတ်ခမ်းလှလှကို မြမြလေးသွေးထားသလို သွားလေးတွေနဲ့ ကိုက်ပြ၊ တဏှာလမ်းကို ကြာပန်းလေးနဲ့ကိုင်ပြီး သွားစေချင်အောင် ဒီကောင်မလေး လုပ်ပြသည်။

"ကျွန်တော်ပြောတာက ဒီလို မအီစွတ် .."

"ရှင် .. ဘယ်လိုဖြစ်နေတာလဲ"

ဟော .. တောင်းပန်နေတဲ့လူက တောင်းပန်နေတာတောင် ဒီအာရုံ ငါးပါးကို ဖမ်းစားနိုင်တဲ့ဟာမလေးက ဒေါသတွေ ဖောဖောသီသီထုတ်ပြ နေသည်။ မိန်းမတွေများ အလွန့်အလွန်လှပနေရင် ဒေါသထွက်လည်း လှတာပါပဲ။ နှပ်ထွက်နေလည်း လှနေမှာပါ။ ထပ်ပြီးထပ်ပြီး ပြောရရင် တစ်မျိုးထင်ကုန်မှာမို့ ဒီလောက်နဲ့ တစ်စခန်းရပ်တာ ကောင်းမှာပါ။ ကဲ .. ဒေါသထွက်တဲ့ ကောင်မလေးအကြောင်းကို ထပ်ဆက်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အခုလို အေးရာအေးကြောင်းပြောနေတာကို ဒီကောင်မလေးက ဒေါနဲ့မောနဲ့ ပြန်လည်တင်ဆက်တော့ ကောင်မလေးဘေးက အဖော်ကောင်မလေးကလည်း အခုလို ကျွန်တော့်ကို ပြောလာပါတယ်။

"အေးလေ .. ရှင် ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော့်နာမည် အေးလေ မဟုတ်ဘူး .. မယာကွတ်"

"ဘာရှင့်!.."

"ဒီကတစ်ယောက်က အီစွတ် ဆိုတော့ ခင်ဗျားလဲ ယာကွတ် ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား မအီစွတ်ရယ် .."

အရန်ကောင်မလေးက ရှူးရှူးဒိုင်းဒိုင်းနဲ့ ...

"ကျွန်မနာမည် ယာကွတ် မဟုတ်ဘူး၊ ကြာကွတ် .. အဲ .. ကြာဖြူညို"

"ဟာ!... ခင်ဗျားကလဲ ကြာဖြူ ဆို ကြာဖြူပေါ့၊ ကြာညို ဆို ကြာညိုပေါ့၊ အခုတော့ အဖြူနဲ့အညို .. ဟာ .. ဘယ်လိုကြီးလဲ"

ကျွန်တော့်ရဲ့ ဝေဖန်ရေးစကားကြောင့် ကြာဖြူညာ ခေါ် ကြာဖြူညို က ...

"ကျွန်မဘာသာ ဘယ်လိုပဲမှည့်မှည့် ရှင်နဲ့ ဘာဆိုင်လဲ ...၊ နေပါဦး .."

"နေပါတယ် .."





ကြာဖြူညို က မျက်စောင်းထိုးသည်။ ဒါပေမယ့် ဟို မအီစွတ် လောက်တော့ မလှပါ။

"ရှင် ဘယ်လိုဖြစ်ပြီး လိုက်နှောင့်ယှက်နေတာလဲ"

"ဩော် .. ခက်ရပြန်ပါပြီ၊ ကျွန်တော်က ခင်ဗျားကို သက်သက် လိုက်နှောင့်ယှက်နေစရာ ရှိမလား၊ အခုမှ စသိကြတဲ့ဟာ ..၊ အခုဟာ က ခင်ဗျားကို မေးစရာရှိလို့"

ကျွန်တော့်စကားကြောင့် မအီစွတ် ခေါ် လှတတ မြတတ ကောင်မလေးက မယုံသင်္ကာဟန်နဲ့ ကြည့်ရင်း ...

"မေး .. မေးပြီးရင် မြန်မြန်ကြွ .."

"ခင်ဗျား စိတ်မဆိုးနဲ့နော်၊ မေးရတာ အကြောင်းရှိလို့ပါဗျာ"

"မေးမှာသာ မေးပါရှင်၊ ဘယ်လိုလူလဲ မသိဘူး"

ကျွန်တော်က ရယ်ကျဲကျဲနှင့် ခပ်ပြစ်ပြစ် စကားဆိုသည်။

"ခင်ဗျားနာမည် မအီစွတ် လား .."

"ရှင့်နော် .."

"မသိဘူးလေ .. ဒီက အဖြူနဲ့အညို ရောထားတဲ့ ကောင်မလေး က ခုန ကော်ဖီဘားမှာ အီစွတ် .. အီစွတ်နဲ့ ခေါ်နေတာ ကြားလို့"

အရန်မိန်းကလေးက ခစ်ခနဲမပြည့်ဘဲ အသံထွက်ရယ်သံနဲ့အဆို ပြုသည်။ အီစွတ်ကောင်မလေးကတော့ စွာတာတာအသံလေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အိစွတ် လဲ .. ကျွန်မနာမည် အိမ်စွန်း။ ရွှေအိမ်စွန်း"

"ဩော် .. အိမ်စွန်း .. အိမ်အစွန်းမှာဆိုတော့ ခင်ဗျားက အိမ်ရှေ့မင်းသမီးပေါ့၊ အိမ်ရှေ့မင်းသမီးဆိုတော့ ခင်ဗျားက ခြံစောင့်ဖြစ်ချင်ဖြစ်မယ်"

"ရှင်လှုပ်မဝခဲ့ ကဲ.. စကားရောဖောရောလုပ်ပြီးရင် ကြွပါတော့"

လက်ဟန်ခြေဟန်နဲ့ ရွှေအိမ်စွန်း က နှင်လွှတ်တော့ ...

"နေပါဦးဗျာ .. အကြောင်းရှိလို့ပါဆို ..၊ ခုန ဒီဖြူညို ကျားက.."

"ကြာဖြူညို .. ကြာဖြူညို"

မိန်းကလေးနှစ်ယောက်က အသံကျယ်ကျယ်ပြိုင်တူအော်တော့..

"တိုးတိုးလုပ်ပါဗျ၊ လမ်းသွားလမ်းလာတွေ ကြည့်နေတော့ ကျွန်တော် ရှက်တယ်၊ မသိရင် နှစ်ယောက်တစ်ယောက်ဆိုတော့ အဟဲ .. ကျွန်တော့်ကို တစ်မျိုးထင်မှာပေါ့"

"တောက်!... လာပြာ ..., ဒီလူနဲ့ ပြောမနေပါနဲ့တော့"

ရွှေအိမ်စွန်း က ကြာဖြူညို လက်ကိုဆွဲကာ ပြောပြောဆိုဆိုနှင့် လှည့်ထွက်တော့ ကျွန်တော် ကမန်းကတန်း တားရပါသည်။

"နေစမ်းပါဦးဗျာ .. ခင်ဗျားကလဲ ထစ်ခနဲဆို ဒေါသပဲ၊ ခင်ဗျားတို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်များ ပစ္စည်းတစ်ခုခု ပျောက်နေမလားလို့"





ရွှေအိမ်စွန်း နဲ့ ကြာဖြူညို က တစ်ယောက်နဲ့ တစ်ယောက် ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် လှေလာကာ ...

"ဘာမှမပျောက်ဘူး၊ အိမ်စွန်း .. နှင်ရော .."

"ဘာမှ .. ဟယ်!... ငါ့ဟမ်းချိန်းလေး ..."

ကျွန်တော်က လက်ထဲက ဟမ်းချိန်းလေးကို ဖြန့်ပြရင်း ...

"ဒီ အက်(စ်)အဲ(န်) တံဆိပ်နဲ့ ရွှေဟမ်းချိန်းက ခင်ဗျားဟာလား"

ကောင်မလေး အတော်ကို ဝမ်းသာသွားပုံရသည်။ ဝမ်းသာအားရ လှမ်းယူပြီး ...

"ဒါ .. ပါပါး ငါ့ကို မွေးနေ့လက်ဆောင်ပေးထားတဲ့ ဟမ်းချိန်းလေးဟ"

"ခင်ဗျားရဲ့ ပါးပါးလေး ပေးထားတာ ကျိန်းသေတယ်နော်"

အိမ်စွန်း က မျက်စောင်းထိုးသည်။ ရွှေမျက်စောင်းလို့ အမည် သတ်မှတ်ရမလား ..။

"ကဲ .. သွားပြီ မအိစွတ်"

ကျွန်တော်က ပြောပြီး လှည့်ထွက်တော့ မအိစွတ် က ဒေါသလှလှနဲ့ ကျန်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



" ဘုန်း .."

"အောင်မလေးဗျ!.."

အိမ်ရှေ့လှေကားထစ် ရောက်ရောက်ချင်း အိမ်ထဲက ဘုန်းခနဲ အသံကြီးနဲ့အတူ အောင်မလေးဗျ လို့ ပုတု ရဲ့အော်သံကြီးက တဟုန်ထိုး ထွက်လာပါသည်။ ပြီးတော့ ပုတု ရဲ့အစ်မ ကောက်ကောက် ရဲ့အသံ ..။

"လာလေ ... လာစမ်းပါ၊ ကျားပျံမကောက် တဲ့၊ သုံးနှစ်ဆက်တိုက် ဒီတိုက်ကွက်နဲ့တင် ရွှေတံဆိပ် ရခဲ့တာ"

"အဟီး ... အစ်မဖြစ်ပြီးတော့ အစ်မ မပီသဘူး၊ အဟီး ..."

ကျွန်တော် အိမ်ထဲဝင်သွားတော့ ထဘီကို တိုတိုဝတ်ပြီး ထောင်ထောင်မောင်းမောင်းနဲ့ ဟန်ရေးပြနေတဲ့ မကောက်ကောက်။ ကြမ်းပြင်ပေါ်မှာတော့ ခါးကို လက်နဲ့ဖိပြီး ရှုံ့မဲ့နေတဲ့ ပုတု ..။





"အေး .. နင်က ငါ့ရဲ့ နုနုထွတ်ထွတ် ချစ်သူလေးကို လက်သီးနဲ့ ထိုးတယ်၊ ငါက နင့်ကို ကိုင်ပေါက်တယ်၊ ဘာလဲ .. မကျေနပ်သေးဘူးလား .. လာလေ"

ဘယ်တော့မှ တည့်သည်မရှိတဲ့မောင်နှမကို ပြုပါဆိုရင် ပုတုနဲ့ သူ့အစ်မကို ညွှန်ပြရုံသာ ရှိပါသည်။ ကျွန်တော် ရယ်လည်းရယ်ချင်မိပါတယ်။ ဒါပေမယ့် မရယ်မိပါဘူး။

"အစ်မကောက် .. ဘာဖြစ်တာလဲဗျ"

ကျားပျံမကောက် လို့ ဂျူဒိုလောကမှာ နာမည်ကြီးတဲ့ မကောက်ကောက် က သူ့ကို မြင်တော့ ....

"ဘာဖြစ်ရမှာလဲ မိုးသောက် ရယ် .. နင့်သူငယ်ချင်း အရပ်ပုသလောက် အရစ်ရှည်တဲ့ ဒီဂြိုဟ်ပုပေါ့၊ ငါ့ရဲ့ နုနုထွတ်ထွတ် ရည်းစားမျက်နှာကို လက်သီးနဲ့ထိုးတယ်၊ သူမို့လို့ လုပ်ရက်တယ်ဟယ်၊ ငါ့ရည်းစားခမျာ ဘယ်လောက်အားနွဲ့လဲ၊ သူလဲ အသိ .."

ကျွန်တော် မကောက်ကောက် စကားကြောင့် မရယ်မိအောင် ထိန်းထားရပါသည်။ အကြောင်းရင်းက ...

မကောက်ကောက် ရဲ့ ရှားရှားပါးပါးချစ်သူလေးသည် မကောက်ကောက် ပြောသလို အားတော့နွဲ့ပါသည်။ လှကတော့ မွှေးပါ။ ခြောက်ပေနီးပါး အရပ်၊ ဗလက တောင့်တောင့်၊ သို့သော် ထိုလူက



www.burmeseclassic.com

www.burmeseclassic.com



ပန်းအရောင်းဆိုင်ပိုင်ရှင်ပီပီ မိန်းကလေးတွေလို နွဲ့နွဲ့နှောင်းနှောင်း အေးအေးဆေးဆေးသမား။ ဒီ အရပ်လေးပေခွဲရှိတဲ့ ဂျပု ပုတု က အရပ်ခြောက်ပေနီးပါးရှိတဲ့ လန်ဘားကြီးမျက်နှာကို ဘယ်လိုထိုးသလဲ မသိ ..။

"ဟဲ့ .. ဘာတွေဖြစ်ပြန်ပြီတုံး .."

ဈေးကပြန်လာတဲ့ ပုတု ရဲ့အမေ ဒေါ်မိုးကြီး က ဈေးခြင်းတစ်ဖက်နဲ့ အဖြစ်အပျက်အလုံးစုံကိုမြင်တော့ ရင်ဘတ်ပေါ် လက်မဖိအား။

"အမေ့သမီးပေါ့ .. ကျွန်တော့်ကို ကိုင်ပေါက်တယ် အမေ၊ ခါးကျိုးပြီလား မသိဘူး အမေ"

အားကိုးရောက်လာပြီမို့ ပုတု က ဇာတ်မင်းသားဟန်နဲ့ လုံချည်လေး စွန်တောင်ဆွဲပြီး တိုင်ပါတော့သည်။

"ကောက် .. ကောက်၊ ဖြောင့်ဖြောင့်နေပါလို့ နင့်ကို ခဏခဏ ငါ ပြောတယ်နော်"

"သမီးက ..ာကိုဖြောင့်ရမှာလဲ အမေ"

"ဟဲ့ .. စိတ်ကို ဖြောင့်ဖြောင့်နေပါလို့ နင့်ကို ပြောတာ"

ပြောလည်းပြော ဒေါ်မိုးကြီး လက်က စပယ်ယာလက်ထက်တောင် မြန်သေးသည်။ မကောက်ကောက် ခေါင်းပေါ် ကို ဒေါ်မိုးကြီး လက်ဆစ်က ဒေါက်ခနဲ။ မကောက်ကောက် မျက်နှာရှုံ့မဲ့ပြီး ...





"ထစ်ခနဲဆို သမီးအပြစ်ပဲ၊ အမေ့သားလုပ်တာတော့ အမေ မသိဘူးမဟုတ်လား"

"ဟဲ့ .. ငါ့သားလို့ပြောရအောင် ညည်းကရော ငါ့သမီး မဟုတ်လို့လား"

မကောက်ကောက် က ရှုပုပ်ပုပ်နဲ့ ....

"မဟုတ်ဘူး ..၊ အဖေ့သမီး .."

မကောက်ကော က် စကားကြောင့် ဒုတိယအကြိမ်မြောက် လက်ဆစ်ကို အသုံးပြုပြီး ...

"သြော် .. ညည်း ဖေက ဝီစကီနဲ့ဆော်ဒါကို ဓာတ်ပြုပြီး ဥ ဆိုပြီး ညည်းကို ဖန်ဆင်းခဲ့တာလား"

ဒေါ်မိုးကြီး စကားကြောင့် ကျွန်တော် နဲ့ ပုတု တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ကျိတ်ရယ်မိသည်။

"ဟာ!... အမေက အဖေ့ဆို အကောင်းမမြင်ဘူး"

"ဟဲ့ .. အကောင်းမြင်ရအောင် ညည်းအဖေ ..ာရော ကောင်းရဲ့လား"

"အဲဒါ အမေ သိမှာပေါ့"

"တယ် .. ဒီကောင်မလေး"

စကားပြောထက် လက်က အရင်ပါတော့ မကော က်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုပွတ်ကာ ...

"အမေနော် .. လက်မပါကြေး၊ အနိုင်အထက် မလုပ်နဲ့ ငြိမ်းငြိမ်း ချမ်းချမ်း ဆက်ဆံပါ"

"ဩော် ... ညည်းကရော၊ ညည်းမောင်အပေါ် ညာတာလား၊ ငြိမ်းငြိမ်းချမ်းချမ်း ဆက်ဆံလား"

"အမေ့သားက သမီးရည်းစားမျက်နှာကို လက်သီးနဲ့ထိုးတာ ကျတော့ မပြောဘူး"

မကောက်ကောက် စကားကြောင့် ဒေါ်မိုးကြီး အံ့သြဟန်ကို မြန်မာမင်းသမီးတချို့လို ပြူးတူးပြဲတဲ လုပ်ပြကာ ....

"ဩော် .. ဟုတ်လား၊ ကျွတ် .. ကျွတ် သနားစရာ၊ အရပ် ခြောက်ပေရှိပြီး ထန်းပင်လုံးလောက်ရှိတဲ့ လက်မောင်းနဲ့ ညည်းရဲ့ ပျော့နွဲ့နွဲ့ရည်းစားကြီးကို အရပ်လေးပေ ကုလားထိုင်ခြေထောက် လက်မောင်းနဲ့ အားကောင်းမောင်းသန် ကျူပ်သားလေးက မျက်နှာ ကို လက်သီးနဲ့ပုံးရအောင် ဘာလဲ .. ကျူပ်သားက ကုလားမခြေ ထောက်တပ်ပြီး ညည်းရည်းစားမျက်နှာကို လက်သီးနဲ့ထိုးမှရမယ်"

"အိုကေ .. အမေ၊ မှန်သောစကားကို အကောင်းဆုံး ဆိုခဲ့ပါ သည်"

ပုတု က သူ့အမေဘက်က ထောက်ခံတော့ မကောက်ကောက်





က ...

"အို .. အဲဒါတော့ အမေ မတရားပြောတာ"

"ဩော် .. ညည်းက ငါ့ကိုတောင် ပေါင်ချိန်နဲ့ဆီ ခေါ်ပြီး တရား ဆုံးဖြတ်ချင်တဲ့သဘောပေါ့"

အမေနဲ့သမီး ပြဿနာဖြေရှင်းခန်းကို အသာထားကာ ပုတု ကို လက်တို့ပြီး အိမ်ပေါ်က အသာလစ်ထွက်ခဲ့ပါသည်။

လမ်းမပေါ် ရောက်တော့ ...

"မင်းက မကောက်ကောက် ရည်းစားကို တကယ်သွားထိုးတာ လား"

ပုတု က ကျွန်တော့်စကားကြောင့် မျက်နှာရှုံ့မဲ့ပြီး ...

"ဘယ်က သွားထိုးရမှာလဲ၊ လူပုံကြည့်တော့ ကျားကိုးစီး စားလို့ မကုန်တဲ့ရုပ်နဲ့ စကားပြောရင် အိညှက်အိညှက်နဲ့ လုံးဝကြည့်မရတဲ့ ဒီလူကို ငါ့အစ်မမျက်နှာကြောင့် မေးထူးခေါ် ပြောတောင် မလုပ်ဘူး"

"ဒါဆိုရင် .."

ကျွန်တော်က အင်္ဂလန် ခေါ် အောင်ကြီး တို့လမ်းထဲ ချိုးကွေ့ ရင်း မေးမိသည်။

"မနေ့ကကွာ .. ငါ သောက်နေကျ လက်ဖက်ရည်ဆိုင်က ဒီလူ က အဝင်၊ ငါကလဲ ကောင်တာမှာ ဆေးလိပ်မီးညှိပြီးအလှည့် ရုတ်



www.burmeseclassic.com

www.burmeseclassic.com



တရက် တွေ့လိုက်တော့ ကြောင်အမ်းအမ်းဖြစ်ပြီး ငါကလဲ အရှောင် သူကလဲ လိုက်ရှောင်တယ်၊ ငါအရှောင်နဲ့ သူအရှောင်နဲ့ ထုပ်ဆီးတိုး သလိုဖြစ်နေရင်း သူ့ရှေ့က ခွေးခြေနဲ့တိုက်မိပြီး ဟပ်ထိုးအကျ ငါက လှမ်းအတား .. ငါ့လက်ခုံနဲ့ သူ့မျက်နှာ ရိုက်မိသွားတာ"

ကျွန်တော်က ပုတု စကားဆုံးတော့ အော်ကြီးဟစ်ကျယ် ရယ်မိပါသည်။ အင်္ဂလန် တို့ ခြံရှေ့ရောက်တော့ ထုံးစံအတိုင်း ခြံတံခါး တွန်းဖွင့်ပြီး ဝင်လာခဲ့ပါသည်။ အိမ်ရှေ့လှေကားအတက်မှာပဲ ရပ်မိသေးသည်။

"ခွေးတူဝက်တူကောင်၊ ကြောင်လိုပျင်း .. လဒမင်းစည်းစိမ်နဲ့ မင်းကိုယ်မင်း အသောကမင်းများ ထင်နေလား"

ဟော .. ဒီအသံကြားမိကတည်းက သိလိုက်ပါပြီ။ အခုလို အသံ အောင်အောင်နဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ပြောနိုင်သူက ဒီကမ္ဘာမှာ အင်္ဂလန် ခေါ် အောင်ကြီး ရဲ့ဖခင် ဦးဖေစိုး။

"ကျွန်တော်သာ နှစ်ဆယ့်တစ်ရာစု အသောကမင်းဖြစ်ခဲ့ရင် ရေတံ့ကင်ပေါင်း သောင်းခြောက်ထောင်၊ မီးစက်ပေါင်း သောင်း ခြောက်ထောင်၊ ဘီယာချောင်းစီး ဂစ်တာတီးပြီး လှူပစ်လိုက်မယ်"

"လှူရမယ် .."

"ဘုန်း .."





"အမလေးဗျ!..."

ဒီနေ့ဟာ ပြဿဒါးဂြိုဟ်မင်း ဆိုင်ကယ်စီးပြီး လာသလားမသိ။ ဦးဖေစိုး ရဲ့ (ဖော်လူး)ဆွဲကန်ခံလိုက်ရှာတဲ့ အင်္ဂလန် ခများ ပေါင်ကို ပွတ်ပြီး မျက်နှာပိုးမသေ စပ်ဖြဲဖြဲနဲ့ ကျွန်တော်တို့ကို ...

"ဟော .. အပေါင်းအသင်းတို့ လာ .. အဖေ ငါ့ကို အင်တာဗျူး လေးတစ်ခု စစ်နေလို့"

"လာဟေ့ မိုးသောက် .. မင်းတို့သူငယ်ချင်းကို ငါလဲ ပြောမနိုင် တော့ပါဘူးကွာ"

အင်္ဂလန့် အမေမှာ နယ်မှာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦး ...၊ ဖအေနဲ့သားက သူငယ်ချင်းလိုရော သားအဖလိုရော ဆက်ဆံရေး။

"မွေးကတည်းက ဗိုက်ထဲကနေ တရော်နဲ့ချောဆီရောပြီး လျှော ခနဲ ရေလျှောလျှောစီးပြီး ထွက်လာတယ်ထင်ရတဲ့ကောင်ကွာ၊ ဘယ် တော့မှ မျက်နှာပိုးမသေဘူး"

"မျက်နှာပိုးဆိုတာ ဘယ်လိုအကောင်လဲ အဖေ၊ ကြော်စားလို့ ရလား"

ဒီလောက်ပြောနေတာတောင် ဒီကောင့်လုပ်ပုံက ကြည့် ...၊ ဦးဖေစိုး က စိတ်ပျက်စရာ အမှိုက်ပုံတစ်ခုလို သူ့သားကိုကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကလဲ လမ်းလျှောက်ထွက်ရင်း မင်းတို့သူငယ်ချင်း မြဒင် အဖေ ကိုသိန်းထွန်း နဲ့ လမ်းမှာဆုံတော့ ဟော့ .. အင်္ဂလန့်အဖေ ကိုဖင်လန် ဘယ်လဲ တဲ့"

ကျွန်တော်နဲ့ ပုတု ရယ်မိကြရင်း သတိရကာ မနည်း ဘရိတ်အုပ် ရပါသည်။ ဦးဖေစိုး က ကျွန်တော့်ကို တည်ကြည့်ပြီး ...

"ဦးကလဲ ဘယ်ရမလဲ ..၊ လမ်းလျှောက်ထွက်လာတာ မြောင်းမြ တို့အဖေ ကိုပုသိမ် ရေ လို့ ပြန်ပြောတာပေါ့ကွ"

ကျွန်တော်တို့ ရယ်သံတွေကြောင့် ဦးဖေစိုး က ရယ်သည်။

"ဒီကောင်နဲ့ကြာကြာနေရင် ငါလဲ ထွက်ပြေးရလိမ့်မယ်"

"ထွက်ပြေးရင် အမေ့ဆီ ပြေးမှာလား အဖေ"

ပြောင်ချော်ချော် ရွှတ်တွတ်တွတ် အင်္ဂလန့် စကားကြောင့် ဦးဖေစိုး ကလည်း ...

"ဘယ်သွားမလဲကွာ .. မာဆတ်တို့ ကာရာအိုကေခန်းမတို့မှာ တရားသွားရှာမှာပေါ့ကွာ၊ မဟုတ်ဘူးလားကွ"

ဒီသားနဲ့ ဒီအဖေက လိုက်ပါသည်။ အင်္ဂလန့်အဖေကို စကား လေးဘာလေး ဖောရောပြီး အင်္ဂလန့် ကို ခေါ်ကာ မြောင်းမြ ခေါ် မြဒင် နှင့် ချိန်းထားရာ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပါတယ်။

"မင်းက ဘာတွေ အရေးကြီးနေတာလဲကွ"





"အသက်ငယ်ငယ်နဲ့ အင်္ဂလန် တို့က မေ့တတ်နေပြန်ပြီ"

ကျွန်တော့်အပြောကြောင့် ပုတု ကလည်း ...

"ဒါကလဲ ညည ဘောလုံးပွဲတွေကြည့်ပြီး သွပ်ချာပါဒ ဖြစ်သွား တာ ထင်တယ်ကွ"

အင်္ဂလန် က ပုတု ကို လမ်းလျှောက်ရင်း လှမ်းကန်သည်။

"လူနာသတင်း သွားမေးမယ်လေ"

"ဘယ်သူလဲ .."

"အေးမင်းထွန်း ဆေးရုံတင်ထားရတယ်လေကွာ"

အေးမင်းထွန်း ဆိုသည်မှာ ကျွန်တော်တို့မေဂျာက အတန်းဖော် တစ်ဦး၊ အင်္ဂလန် က ထုံးစံအတိုင်း ...

"ဒီကောင် ဘယ်တုန်းက ဘယ်သူနဲ့ ကိုယ်ဝန်ရသွားတာလဲ"

"မင်းနဲ့လို့ ပြောတာပဲ၊ အခု ဆေးရုံမှာ နေ့စေ့လစေ့ကြီးတဲ့၊ အခု မွေးခါနီး ရေမြွှာပေါက်တာ ဝီစကီတွေ ထွက်လာလို့တဲ့"

ကျွန်တော့်အပြောကြောင့် အင်္ဂလန် က အော်ကြီးဟစ်ကျယ် ရယ်သည်။ ဘေးကဖြတ်လျှောက်သွားတဲ့ ကောင်မလေးက အင်္ဂလန် ကို ဘုကြည့်ကြည့်တော့ ...

"အချစ် မုန်ကန့်ပါက သူမ၏မျက်စောင်းကြောင့် အကျောင်း အဝယ် ကောင်းပါစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com

ဟိုကောင်မလေးက ပေစောင်း ပေစောင်းနဲ့ နောက်ပြန်ကြည့်ကာ တောက်ခေါက်သွားပါသည်။ ဒါတောင် ဒီကောင်က ...

"တောက်တစ်ချက်ခေါက်လို့ ယောက်ယက်ခတ်သွားတဲ့ ကျွန့်ပ် နှလုံးသား အကြွေးများ ပေးပါစေ"

ကျွန်တော်နဲ့ ပုတု က တဟဲဟဲနဲ့ အားပေးပါသည်။ ဒီလို့ဒီလိုနဲ့ပဲ ကျွန်တော်တို့ မြောင်းမြ နဲ့ ချိန်းဆိုထားရာ လက်ဖက်ရည်ဆိုင်သို့ ရောက်လာကြပါတယ်။ ရောက်ရောက်ချင်း မြဒင် က ခရီးဦးကြို ပြုသည်။

"အဂ်လန် .."

"ဟေ .."

"အဂ်လန် ဘင်သံနဲ့ ရင်ခံသွားတယ်ဆို၊ ဒါနဲ့ မင်းအဖေ ဖင်လှန် ပြီး ဘယ်သွားတာလဲ .."

"မင်းကြီးဒေါ်ကြီးဆီ .."

မြောင်းမြ မျက်နှာ မြောင်းဆိုးတစ်ခုလို မည်းနက်သွားသည်။ ဒီလောက်နဲ့ မြောင်းမြ က အားမရသေး ..။

"ဟိုကောင် မိုးသောက်"

"ဆို .."

"မိုးသောက် မင်း ကြိုးပျောက်ရင်း ကျောက်ပျိုးလို့ ဖောက်ထိုး





ဖြစ်နေတယ်ဆို"

"မင်းညီမ ကောင်းမှုပေါ့ကွာ"

"နွားမသေးသေးလေး"

ဒီကောင့်မျက်နှာ ရှုံ့မဲ့သွားသလောက် ကျန်တဲ့ကောင်တွေက ရယ်ကြသည်။

"ဟိုဘက်က ပုတု"

"ဆို .."

"အခု မင်းမှာ ဘုစုခရုလေးတွေ အများကြီးဆို .."

မြောင်းမြ စကား အခေါ်အဝေါ် ကြောင့် ပုတု က ရယ်ကျဲကျဲနဲ့..

"အဟဲ .. နှစ်လုံးတည်းပါ"

"ဘာလဲကွ"

"ဟို .. သွေးစုနာ"

ကျွန်တော်တို့အုပ်စုက ဒီလိုပါပဲ၊ လူစုံပြီဆိုကာနဲ့ တောင်မရောက် မြောက်မရောက် စကားတွေနဲ့ အရှေ့အနောက် လှည့်ပတ်ပြောဆို နေကြတာ များပါတယ်။

"ကဲ .. ကဲ၊ အပိုစကားတွေ ဘေးချိတ်လို့ တို့တွေ လူနာ သတင်း သွားမေးကြပါစို့"

မြောင်းမြ က လူ့ရှင်တော်ဆန်ဆန် အရှုန်းဖောက်သည်။ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ ဆေးရုံကိုရောက်သွားတယ် ဆိုပါတော့ ..။

ဆေးရုံရဲ့ အပေါက်ဝကိုရောက်တော့ လူနာတွေ့ချိန် မဟုတ်တော့ ဆေးရုံတံခါးစောင့်မှူးကြီးက သင်္ကေတတစ်ခုကို လက်နှင့် လုပ်ပြပါသည်။ ကျွန်တော်ကလည်း ဘုမသိဘမသိနဲ့ ...

"ဘာအတွက်လဲဟင် .."

ကျွန်တော့်ရဲ့ အပြောစကားက တော်တော် ရှင်းယူရပါတယ်။ တံခါးမှူးကြီးက တံခါးမှူးထက် အဆင့်မြင့်တဲ့ စကားတွေကို ကြီးကြီးကျယ်ကျယ် ရွတ်ပြပါတယ်။ အဲဒီပြဿနာကို အတော်ညှိယူရပါတယ်။ ဒီလိုနဲ့ ပထမတံခါးကို အထူးကွန်မန်ဒိုတွေလို ဖြတ်ကျော်လာပြီး ပင်ပဆေးရုံအဝင် ဒုတိယတံခါးရောက်တော့ ဒုတိယတံခါးမှူးကြီးက အထူးသင်တန်းပေးထားတဲ့ အသေခံတပ်သားလို မရမက အရေးဆိုလာပါတယ်။ ဒုတိယတံခါးကို ခက်ခက်ခဲခဲ ဖြတ်ကျော်ပြီး ကျွန်တော်တို့ ဆေးရုံထဲ ရောက်ပါတယ်။

ဆေးရုံထဲရောက်တော့ ကျွန်တော်တို့ ချွေးတွေ အတော်စို့နေပါတယ်။ အင်္ဂလန် က ကျွန်တော့်ကို အခုလို စကားစသည်။

"ဟူး .. လူနာသတင်းမေးလာရတာ တိုက်ပွဲတစ်ခုကို တိုက်ရသလိုပဲ မိုးသောက် .."

ကျွန်တော်က မျက်နှာရှုံ့မဲ့ကာ ခေါင်းညိတ်ပြသည်။ ကျွန်တော်





တို့ အဆင်သင့်ချင်တော့ ဆေးရုံလာတက်တဲ့ အဒေါ်ကြီးတစ်ယောက်ရဲ့ ဗိုးချဲကို ကူတွန်းပေးရင်း တတိယထပ်ရှိရာကိုရောက်ဖို့ ဓာတ်လှေကား စီးရပါတယ်။

ဓာတ်လှေကားကို သဘောကောင်းတဲ့ ဆေးရုံဝန်ထမ်းအစ်မကြီးနဲ့အတူ ဓာတ်လှေကားတံခါးကို တဝုန်းဝုန်းထုရင်း အော်ခေါ်ရပါတယ်။ ဆေးရုံဝန်ထမ်းအစ်မကြီးက ပြုံးရင်း အခုလိုပြောပါသည်။

"သူက ဒီလိုပဲ ..၊ အော်ခေါ်ရတယ် မောင်လေး"

"ဩော် .. ဟုတ်ကဲ့"

ဓာတ်လှေကားတံခါး ပွင့်လာပါတယ်။ ဓာတ်လှေကားမောင်းတဲ့ ဒရိုင်ဘာက နားမှာ နားကြပ်လေးတပ်ပြီး ခေါင်းလေးတလှုပ်လှုပ်နဲ့ ဘုရင့်မြင်းရထားမောင်းတဲ့မျက်နှာနဲ့ အချိုသား ..။

ဓာတ်လှေကားထဲရောက်လို့ ကျွန်တော်တို့ ဓာတ်လှေကားကို လှည့်ပတ်ကြည့်မိသည်။ ဒါပေမယ့် တွေ့ဖူးကြတဲ့ ဓာတ်လှေကားနဲ့ မတူ။ ထောင့်တစ်ထောင့်မှာ ဘုရားစင်နဲ့ အံမယ် .. လာဘ်ခေါ် ဂါထာလေးတောင် ကပ်ထားလိုက်သေးတယ်။ ပြီးတော့ အမွှေးတိုင်တွေ ဘာတွေထွန်းပြီး အိမ်တွင်းမှုနိုင်နင်းတဲ့ အိမ်ရှင်မတစ်ယောက်လို သန့်သန့်ရှင်းရှင်း သားသားနားနား။

"အမွှေးတိုင်တွေဘာတွေနဲ့ တော်တော် ဘာသာတရား ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းတယ်နော်၊ ဒါနဲ့ ဒီလာဘ်ခေါ် ဂါထာက ဘာကြောင့်ကပ်ထားတာလဲ အစ်ကို"

ပုတု ရဲ့အမေးစကားက အမှန်တော့ စိတ်ဆိုးစရာ ဘာအကြောင်းမှ မရှိပါ။ သို့ပေမယ့် ခွတ်လေ့ကားဒရိုင်ဘာက ဘုကြည့်ကြည့်သည်။ ခွတ်လေ့ကားက ကျွန်တော်တို့ဆင်းရမယ့်မှတ်တိုင်.. အဲ ... တတိယထပ်ရောက်တော့ ရပ်သွားပါတယ်။

ဒါကို မြောင်းမြ က ...

"ဘာအတွက်လဲဟင် .. ခွတ်ဆီကုန်လို့လား"

ပုတု က မြောင်းမြ ပခုံးကို တိုက်ရင်း ...

"သူလဲ ကားစပယ်ယာတွေလို ကားစီးခတောင်းတာ နေမှာပေါ့ ဟုတ်တယ်နော်"

ပုတု စကားကြောင့် ကျွန်တော်တို့ အသေးစားတိုက်ပွဲလေးတစ်ခု ဖြစ်ခဲ့ပါတယ်။ တိုက်ပွဲပြီးလို့ ကျွန်တော်တို့ ဒဏ်ရာအထပ်ထပ်ရတဲ့ စစ်သားတွေလိုလျှောက်လာရင်း မစည်ကားအပ်တဲ့ စင်္ကြံလမ်းပေါ်မှာ လူနာတွေ၊ လူနာစောင့်တွေ၊ ဆရာဝန်လေးတွေနဲ့ ဆရာဝန်ကြီးတွေကို ကွင်းရှောင်လာရပါတယ်။

တချို့မျက်နှာက နုးညံ့တဲ့ပန်းပွင့်တွေလို၊ တချို့မျက်နှာက (သံစားကော်ပတ်ကြမ်း)တွေလို အသီးသီးနဲ့ပေါ့။ တစ်နေ့ရာရောက်တော့





ဂျူတီကုတ်အဖြူကို လက်မောင်းပေါ် တင်ထားရင်း သူလို ဆရာဝန် မိတ်ဆွေ ကောင်မလေးတွေနဲ့ စကားပြောနေတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် တွေ့တော့ ...

"ဟာ!... မအိစွတ် .."

ကျွန်တော့်ခေါ်သံက အကျယ်ကြီးပါ။ ဘေးငနဲ့ကျင်က လူနာတွေ၊ ဆရာဝန်၊ နာ့စ်နဲ့ လူနာသတင်းမေးသူတွေပါ ကျွန်တော့်ကို ကြည့်ကြပါတယ်။

"မအိစွတ် က ဒေါက်တာမကြီးကို .."

"မကြီးကို ..၊ နို့ မင်းပြောတော့ မအိစွတ် ဆို .."

ပုတု က နားမလည်ဟန် မေးသည်။ အိစွတ်ကောင်မလေးကတော့ မျက်နှာပေါ် ပန်းရောင်တွေဖြတ်ပြေးရင်း ဒေါသနဲ့အရှက်ကို ပေါင်းစပ်ပြသနေသည်။ မအိစွတ်ဘေးက မယာကွတ်လို့ ကျွန်တော် နာမည်ပေးထားတဲ့ ကောင်မလေးက ကျွန်တော့်ကို နှာခေါင်းရှုံ့ရင်း...

"နင် ဂြိုဟ်ဝင်ပြီ အိမ်စွန်း"

"ဟော .. ဘယ်သူများလဲလို့ ကြာဖြူကွတ် .. အဲ .. ဟုတ်ပါဘူး ကြာ .. ကြာဖြူညို"

ဘေးက ဆရာဝန်ပိစိကွေးလေးတွေကပါ ရယ်သည်။ ကျွန်တော်တို့နဲ့ သက်တူရွယ်တူကောင်လေးတစ်ယောက်က ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်နာမည်က ဘယ်လိုကဘယ်လို မအီစွတ် ဖြစ်ရတာလဲ အိမ်စွန်း"

အိမ်စွန်း က ထိုကောင်လေးကို မျက်စောင်းထိုးသည်။ သိပ်လှပတဲ့ပြယုဂ်နဲ့ရင်ဘတ်ကို ရှပ်ဝင်ထိစေနိုင်တဲ့ မြားချက်တွေ ..၊ ကျွန်တော့်ကို လွတ်နေတဲ့ခုတင်ပေါ် လဲကျစေနိုင်တဲ့ အမူအရာ ..။ ကပျက်ကချော်၊ အပြောင်အပျက်နဲ့ နှလုံးသားက စတင် လှုပ်ရှားချင်နေပြီ။

ဆတ်ကော့လတ်ကော့ ပျံတံကံ ကျွန်တော့်ရင်ခုန်သံက မှားချင်ချင် ..၊ ပကျိပကျိနဲ့ စာကလေးအုပ်စုတွေလို တစာစာ တွတ်ထိုးရင်း အိမ်စွန်း တို့ ထွက်ခွာသွားတော့ မြောင်းမြ က ...

"မိုးသောက် နှလုံးသားက တင်ချာ ဆွတ်ခံရပြီထင်တယ်"

အဂ်လန် က သီချင်းတစ်ပုဒ် ညည်းဆိုသည်။

"ငါ့အသည်းကို မြန်မြန်ခွဲပါ၊ ခွဲခန်းကို မြန်မြန်ပို့ပါ၊ မေ့ဆေးမပေးနဲ့ .. မေ့ဆေးမပေးနဲ့"

သီချင်းဆိုသူ အဂ်လန် ကို လက်သီးတစ်ချက် ခပ်ဖွဖွထိုးရင်း ဂုဏ်ပြုလိုက်သည်။

"ဟော့ကောင် .. စရိတ်မျှပေးလို့ ရေးထားတယ်၊ အဲဒါ ဘာလဲ"

ပုတု အသံကြောင့် စကြိုအဝက ဆိုင်းဘုတ်ကို ကျွန်တော် မော့ကြည့်မိသည်။





"တည်းခိုခန်းနဲ့ မှားပြီထင်တယ်"

အဂ်လန့် စကားကြောင့် နှုတ်ခမ်းပေါ် လက်ညှိုးတင်ရင်း ရှူးတိုးတိုး လုပ်ပြသည်။

"လူတွေက စည်းကမ်းကို မရှိဘူး၊ ပြောရင် အပေါက်ဆိုးတယ် ပြောဦးမယ်"

သန့်ရှင်းရေးဝန်ထမ်းက အသားလွတ်ကြီး ကျွန်တော်တို့ကို ဘုကြည့်ကြည့်ပြီး ပြောတော့ ပုတု က ခပ်တိုးတိုး ဤသို့ဆို၏။

"ဘယ်သူက ဆေးရုံအုပ်လဲ မသိဘူး"

"အားလုံးပဲ ထင်ပါတယ်ကွာ .. ဆေးထိုးအပ်ကို ကြောက်ရုံ ဆေးထိုးပါးစပ်ကို ကြောက်ရနဲ့"

အားလုံး ကျိတ်ရယ်မိရင်း အေးမင်းထွန်း တည်းခိုရာ .. အဲ ... လဲလျောင်းရာအခန်းထဲ ဝင်မိပါသည်။ အေးမင်းထွန်း က ခုတင်ပေါ်မှာ ထူထူထောင်ထောင် ..။ လှနှာပီပီ သူ့အမေ အသင့်ခူးကျွေးတဲ့ ထမင်းနဲ့ဟင်းကို တစ်ဝတစ်ပြဲ စားနေတာတွေ့တော့ ...

"တော်တော် စိုးရိမ်ရပါလား အေးမင်းထွန်း"

သူ့အမေ အန်တီနွဲ့ က ယပ်ခပ်ပေးနေရင်းက လာကြ .. လာကြလို့ လှမ်းခေါ်ကာ နေရာပေးသည်။ အန်တီနွဲ့ နဲ့က တူနေကြသားရင်းလို ဖြစ်နေတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ .. ဆေးရုံတက်ရတယ်ဆိုလို့ စိုးရိမ်လိုက်ရတာ၊ ခုတင်ပေါ်မှာ ပိစကီကို ဒရစ်သွင်းပြီး ရေခဲလေး ပါးစပ်နား အုံထားရသလားလို့"

အန်တီနွဲ့ က ရယ်သည်။ လူနာက နှုတ်ခမ်းမှာ အဆီတဝေ့ဝေ့နဲ့ တော်တော်စိုးရိမ်စရာပါ။ ခဏနေတော့ ဆရာဝန်မလေးနှစ်ယောက် ဝင်လာပါတယ်။ ကျွန်ကော့်အတွက် အမည်မသတ်မှတ်ရသေးတဲ့ ပန်းကလေးပါ။ မြောင်းမြ က ခပ်တိုးတိုး လှမ်းပြောပါတယ်။

"ဟော့ကောင် .. လချမ်း လာနေတယ်"

"အီစွတ် လုပ်စမ်းပါကွာ"

"အမျိုးအစား တူပါတယ်ကွ"

ယာကွတ် နဲ့ အီစွတ် က ကျွန်တော့်ကိုမြင်တော့ ယာကွတ်က ပြုံးချင်ချင်၊ အီစွတ်က နှုတ်ခမ်းဖူးဖူးလေးတွေကို စူတူတူ လုပ်ပြသည်။ တစ်ကယ်ပါ .. ဒီကောင်မလေးနှုတ်ခမ်းကို မြင်တော့ ကြက်ဆီဗူးကို ပြေးသတိရမိကာ တံတွေးမျိုချမိပါသည်။ အိမ်စွန်း က သာမိုမီတာကို ထုတ်ပြီး လက်နဲ့ခါကာ အဖျားတိုင်းသည်။

"ဟိုးရှေးရှေးတုန်းက တချို့သမားတော်တွေဟာ သာမိုမီတာအစား ဒယ်အိုးကို သုံးကြတယ်ထင်တယ်"

ကြာဖြူညို က ပါးစပ်ကို လက်ဝါးနဲ့ပိတ်သည်။ အန်တီနွဲ့ က





ကျွန်တော့်ကို မျက်လုံးပြူးပြသည်။ အေးမင်းထွန်း က ကျွန်တော့်ကို မျက်လုံးပြူးကြည့်သည်။ ဒီကောင် ကျွန်တော့်ကြောင့် ဆေးထိုးအပ်ကြီးကြီးနဲ့ အထိုးခံရမှာကြောက်လို့ ထင်ပါရဲ့။ ကျွန်တော်က ဟိုလူပြောသလို ဒီလူပြောသလိုပါ။ ပုတု က ...

"ဘာဆိုင်လို့လဲကွ"

"ဩော် .. ခေတ်မမီသေးတော့ ဒီနည်းဟာ အကောင်းဆုံးပဲ၊ ကိုယ်ချစ်ချစ်တောက်ပူနေရင် ကြက်ဥတစ်လုံး ဖောက်ထည့်ကြည့်ပြီး ကျွတ်နေအောင် ကျက်ရင် အဖျားဘယ်လောက်၊ ဟာပ်ဘွိုင်ဆိုရင် အဖျားဘယ်လောက် .. အဲ .. အဲဒီလိုပေါ့"

ကြာဖြူညို က တစ်ဖက်လှည့်ကာ ရယ်သည်။ ကျွန်တော့်ရဲ့ မအီစွတ်လေးက မှုန်တည်တည်နဲ့ ဆေးထိုးဖို့ ပြင်သည်။

"ဟိုးရှေးရှေးတုန်းက သောက်ဆေး လူးဆေးပဲ သုံးကြတာ များတယ် .. ပြောမရပါဘူး၊ ထိုးဆေးလဲ သုံးရင် သုံးမှာပေါ့"

ပုတု က မသိနားမလည်သူတစ်ယောက်လို အခုလို ပြောပါတယ်။

"မကြားဖူးပါဘူးကွာ"

ကျွန်တော်ကလည်း ဒီအကွက်ကို ချောင်းနေသူမို့ ...

"ပြောလို့ရမလားကွ၊ ဥပမာကွာ .. မုန့်ဟင်းခါး[illegible]ကို မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မြင်ဖူးတယ်နော်"

"အင်းလေ၊ မမြင်ဖူးဘဲ နေမလား"

မြောင်းမြ က ရယ်ကျဲကျဲနဲ့ ပြောသည်။ ကြာဖြူညို က ကျွန်တော့်ကိုကြည့်ကာ ပြုံးသည်။

"မုန့်ဟင်းခါးဖတ်ကို အစတုန်းက ဘယ်လိုလုပ်လဲ မင်းတို့ သိလား"

"ဟာ .. ဘယ်သိပါ့မလဲ၊ ပြောစမ်းပါဦး"

"အခုလို ခေတ်မမီတော့ မုန့်လုပ်မယ့်ဆန်ကို ကြိတ်လိုက်ရော၊ ပြီးရင် အိတ်နဲ့စစ်ရတယ်၊ စစ်ပြီးတော့ ကလေးဘောလုံးအကြီးစားလောက်နဲ့ လုံးပြီးပြီဆိုရင် ပြုတ်လိုက်တယ်၊ လက်တစ်ဆစ်လောက်နူးပြီဆိုတာနဲ့ အစေ့မဖြစ်အောင် နယ်တယ်၊ နယ်ပြီးပြီဆိုရင် ပိတ်စိမ်းပါးထဲထည့်ပြီး လက်နဲ့ လုံညှစ်ယူတယ်၊ ပြီးရင် ရေနွေးကို ပွက်ပွက်ဆူခံထားပြီး အခု ဆေးထိုးပြွန်လို မောင်းတပ်ထဲထည့်ပြီး အပေါ်က ဖိချလိုက်ရော၊ အဲဒီမှာ မုန့်ဖတ်ဆိုတဲ့ မုန့်နှစ်ရှည်လေးတွေက ရေနွေးအင်တုံထဲ ရောက်ရှိလာပြီး မုန့်ဖတ်ဖြစ်လာပါတယ်"

"မင်းပြောမှာက မုန့်ဖတ်လုပ်နည်းလား .. ရှေးရှေးတုန်းက ဆေးထိုးအပ်အကြောင်းလား"

မြောင်းမြ စကားကြောင့် ကျွန်တော်က ...





"အဲဒီလို ဆေးထိုးအပ်ပုံစံမျိုး အစကတည်းက ရှိတယ်ဆိုတာ မင်းတို့ သိအောင်လို့ပေါ့ကွာ"

"ပြောပါဦး .."

"ငါဆိုရင်ကွာ .. ဝါးဆစ်တစ်ဆစ်လောက် ဖြတ်ယူမယ်"

"ဟုတ်ပြီ"

အီစွတ် ကောင်မလေးက တိုက်ရမယ့်ဆေးတွေကို ထုတ်ယူရင်း ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်သည်။ ကျွန်တော် ရယ်ပြလိုက်ပါတယ်။

"မင်းတို့ တချို့ရွာတွေမှာ ခြစည်းရိုးကာတာ မြင်ဖူးလား၊ ဟိုကွာ .. ဝါးကို ခပ်စွေစွေဖြတ်ပြီး ချွန်ထားတာလေ"

"အင်း .. မြင်ဖူးတယ်"

"အဲဒီသဘောပေါ့ကွ၊ ဝါးဆစ်တစ်ခုကို အဲဒီလို ခပ်စွေစွေ ဖြတ်ချွန်ထားပြီး အထဲမှာ လူနာအတွက် အသုံးလိုမယ့် သစ်ဥသစ်ဖု သစ်မြစ်သစ်ရွက်တွေ ထည့်ပြီးရင် ရေတက်ကျည်ပွေ့အသေးလေးနဲ့ထောင်း၊ ရလာတဲ့အရည်ကို အဲဒီဝါးချွန်လေးထဲထည့်၊ ပြီးရင် တင်ပါးပေါ်ကို ဖွပ်ခနဲ ထိုးချလိုက် .. ဝင်သွားတာပဲ"

ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာပါတယ်။ ကြာဖြူညိုက မျက်ရည်ထွက်မတတ် ရယ်သည်။ အီစွတ်ကောင်မလေးက ...

"အဲဒီနည်းကို ရှင့်ရည်းစား နေမကောင်းမှ သုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့ ..."

အရေးထဲ ကြာဖြူညို က ဝင်မေးလာတာကြောင့် ...

"ကျွန်တော့်ရည်းစားက ဆရာဝန်ဖြစ်ပေမယ့် ရက်တတ်တယ်ဗျ။ သူ လုန်မှာတော့ မဟုတ်ဘူး"

"ရှင် .. ရိုင်းလှချည်လား"

"မဟုတ်ပါဘူး .. လုံတော့ မသုံးဘူး၊ ဓားပဲသုံးမှာလို့ ပြောမလို့ဟာ"

"ဘယ်လိုအရူးနဲ့ လာတွေ့နေလဲ မသိဘူး"

အီစွတ်ကောင်မလေးက ယာကွတ်ကောင်မလေးကို လက်ဆွဲကာ အခုလိုပြောပြီး ထွက်သွားပါတယ်။

"မင်းတို့ကလဲ မျက်နှာပြောင်ပုံကွာ၊ ဒီမှာ လူနာက မင်းတို့ကြောင့် သူ့ကို ဆေးထိုးအပ်နဲ့ ခပ်ပြင်းပြင်းထိုးခံရမှာ ကြောက်နေတာ၊ မျက်နှာကို ပျက်လို့"

အန်တီနွဲ့ က သူ့သားကို မေးငေါ့ပြရင်း ပြောသည်။ ခုနစကားကို ပုတု က ဆက်ချင်ဟန်တူသည်။

"မင်းပြောသလိုနည်းတွေနဲ့ ဆေးကုရမယ်ဆိုရင် ရှေးခေတ်က သမားတော်တွေကို ငါ မြင်ကြည့်တယ် မိုးသောက် .."





"ဆိုစမ်းပါဦး"

ပုတု က ရယ်ကျဲကျဲနှင့် စကားဆိုသည်။

"တစ်အိမ်နဲ့တစ်အိမ်၊ တစ်ရွာနဲ့တစ်ရွာ ဆေးသွားကုရင် တော်တော်အကြည့်ရခက်မှာ၊ ခေါင်းပေါင်းကြီးနဲ့ ဆေးလွယ်အိတ်နဲ့ ပခုံးပေါ်မှာလဲ ဒယ်အိုးတွေ၊ ဝါးလုံးတွေ တို့လို့တွဲလောင်းနဲ့ မင်း တွေးကြည့်စမ်း"

"ဒီကလေးတွေ ပေါက်ပေါက်ရှာရှာကွယ်"

အားလုံးသဘောကျကာ တစ်ယောက်တစ်ပေါက် ငြင်းခုံ ဆွေးနွေးနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် မျက်နှာပြောင်တဲ့လူပဲနော် အီစွတ် .. အဲ .. ဘွာ
တေး .."

ကျွန်မက မျက်စောင်းထိုးရင်း သူ့ပုံရိပ်ကို မြင်ယောင်ကာ ပြုံးမိ
သည်။

တကယ် ဘယ်လိုပုဂ္ဂိုလ်မှန်း မသိ ..။

"ဘယ်လိုလူမှန်းလဲ မသိပါဘူး၊ ပြောင်ချော်ချော်နဲ့"

"ဘယ်နေရာမှာ ပြောင်တာလဲ"

"ဟဲ့ .. မျက်နှာမှာ အဆီပြန်နေတယ်လေ"

ကျွန်မစကားကြောင့် ကြာဖြူက ရယ်သည်။ ကြာဖြူက ရယ်
ရင်း စကြိုလမ်းဘေးက လူနာတစ်ယောက်ကို ...

"ချိတ်ထားတာကုန်ရင် လာပြောဦးနော်"





"ဟုတ်ကဲ့"

ကျွန်မတို့ ဆရာဝန်များ နားနေဆောင်ထဲဝင်ရင်း ကုလားထိုင်
မှာ ထိုင်တော့ ...

"နှင့်နာမည်ကို ဒီလူ ပေးလဲ ပေးတတ်ပါရဲ့"

"အံမယ် .. နှင့်ကိုလဲ နာမည်ပေးထားပါတယ်နော်၊ ယာကွတ်
ဆိုလား"

ကြာဖြူ က သူ့ကိုပြောမှန်းသိပေမယ့် စိတ်မဆိုးနိုင်ဘဲ ရယ်ပါ
သည်။

"ငါ့သူငယ်ချင်းရဲ့ ပေါ်မလောင်စိမ်ထားတဲ့ နှလုံးသားကြီးတော့
ကုန်းပေါ်ရောက်နေတဲ့ငါးလို တဖျတ်ဖျတ်ဖြစ်မှာ မြင်ယောင်သေး."

"ဝေးပါသေးတယ် အေးကြည်မ ရယ် .."

"အေးပါ .. ပြောတာ၊ နောက်မှ အီစွတ် ကို ဘယ်လောက်ချစ်
လဲ ကိုကာဆင်ရယ် ဆိုပြီး ဖြစ်လာမှာနော်"

"အဲဒါ နှင်ပဲပြော"

"ဒီလိုလူမျိုးနဲ့ဆို သိပ်ကိုပြောချင်တာ ..၊ နောက်မှ ကြာကွတ်
ရယ် .. အီစွတ် အလကားနေတာပါ၊ ငါ့ရဲ့ဘာမီတွန်လေး ပြန်ပေးပါ
မလုပ်နဲ့နော်"

"အရူးမ .."



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ နဲ့အတူ အိမ်စွန်း ရယ်မောမိသည်။

"တကယ်တွေးကြည့်ရင် အဲဒီလူ နင့်ကို ကြိုက်နေပုံရတယ်ဟ.."

အိမ်စွန်း မျက်လုံးပြူးမိပါသည်။

"ဗုဒ္ဓေါ .. ဘယ်ကလူမှန်းမသိတဲ့လူက ငါ့ကို .."

"သြော် .. အချစ်မှာ ဘယ်အရပ်က လာရမယ်၊ ပုတီးဖွား .. ဦးတီဖွားတွေ မလိုပါဘူးဟာ၊ အရေးကြီးဆုံးက ရင်ခုန်သံနဲ့ လူပျို လူလွတ် အကျင့်ကောင်းရင် အောင်မှတ်မီပါတယ်ဟ"

"အဲဒါ ဘယ်သူ့သီအိုရီလဲ"

"မြန်မာတွေးခေါ် ရှင် အိုင်စကြာလေ"

"ငပေါမ .."

"ဟဲ့ .. ငါ အကောင်းပြောမလို့ နင် သူ့အပေါ် ဘယ်လို သဘောရသလဲ"

"သြော် .. ကြာဖြူရယ် .."

ကျွန်မက စိတ်ညစ်ညစ်နဲ့ ညည်းတော့ ကြာဖြူ က ...

"သြော် .. အီစွတ် ရယ် .. ငါ အကောင်းပြောတာဟာ၊ နင် ဒီလို ကြီးပဲ နေသွားမှာလား"

"ငါက ဒီလိုမနေလို့ ကင်းမြီးကောက်နေရမှာလား"





"ဟဲ့ .. တစ်ခါတစ်လေ လောကကြီးကို ဖောက်ထိုးကြည့်ရင် အမှန်မြင်ရတယ်တဲ့"

ဒီပေါချာမကြောင့်လည်း ကျွန်မ စိတ်ညစ်မိတာအမှန်ပါ။

တစ်ခါလာလည်း ရည်းစားမရှိတဲ့ကိစ္စ၊ ချစ်သူထားဖို့ အိမ်ထောင်ရေး ...၊

စိတ်ကို ညစ်ရပါသည်။

ဘေးက ကြာဖြူ က တတွတ်တွတ်ပြောနေတော့ ကျွန်မ မကြားဟန်ပြုပြီး စာအုပ်တစ်အုပ် ကောက်ဖတ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသိစေဖို့ကို အသင်သိရင် ..

အသင့်ပြင်ထားတဲ့ ငါ့ခံစားမှုတွေအားလုံး ..

ဖြူးဖြူးဖြူး ကျွံးလိုက်ချင်တယ် ...။







"ဘာစားထားလဲ"

"ဆန် .."

သူမက ဘုကြည့်နှင့် မော့ကြည့်တော့ သူက ရယ်ကျဲကျဲနဲ့ ...

"ပြုတ် .."

"ရှင်နော် .."

"ဆန်ပြုတ်လို့ ပြောမလို့"

"ဝမ်းအေးတယ်နဲ့ တူတယ်"

"ဝင်းအေး တဲ့မှာ ဖြစ်တာမဟုတ်ဘူး၊ ကျွန်တော့်အိမ်မှာ ဖြစ်တာ"

သူမက နှုတ်ခမ်းကိုက်ပြတော့ မိုးသောက် က ...

"လူမှာကို နှုတ်ခမ်းကိုက်ပြပြီး ကုတာ ဘာကုထုံးလဲ ဆရာမ

မအီစွတ်"

"ရှင်နော် ... အဲဒီနာမည် မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မအိစွတ်"

ဒီလူကြောင့် ခက်ရပါသည်။ အခုလည်း ဘယ်လိုကဘယ်လို သိသည်မသိ၊ သူမရဲ့ အေးငြိမ်းစံ ဆေးကုခန်းကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်ချလာပါတယ်။

"ဖြစ်တဲ့ပုံလေးကို ပြောပါဦး"

သူမက သူ့ရင်ဘတ်ကို နားကြပ်နဲ့ ထောက်စမ်းရင်း မေးတော့ မိုးသောက် က လူမမာတန်မဲ့ ပြုံးဖြိုးဖြီးကြီး ပြောလာပါတယ်။ သူ့ရင်ဘတ်ကို သူပုတ်ပြရင်း ...

"ဖြစ်စက ဒီနေရာက အရမ်းရင်တွေခုန်လာတယ် ဆရာမ"

သူမက ဒီလူနဲ့တွေ့မှ မျက်စောင်း ခဏခဏထိုးရတဲ့အဖြစ် ...။

"ကျွန်တော် ကိုရီးယား ကုလားမလေးတစ်ယောက်နဲ့ စတွေ့တာက စတယ်လို့ ပြောရမှာပေါ့"

"လိုရင်းကို ပြောပါရှင်"

"ရေ တမင်တကာ ချိုးမှားတာပါ"

ဒီလူနဲ့တော့ အိမ်စွန်း ရှူးချင်တာအမှန်ပါ။ ကြာဖြူ တွေ့ရင် ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေမှာ သေချာပါသည်။

"လမ်းထိပ်က အကြော်ရောင်းတဲ့ ဘာဘူကြီးက ပြောတယ် ဆရာမ၊ ဘီအီးတစ်ပိုင်းရယ်၊ အကြော်ရောင်းတတ်တဲ့ ချစ်သူရယ်၊





ဆားတစ်ဆုပ်စာရယ်ဆိုရင် လောကနိဗ္ဗာန်ပဲတဲ့"

"အစားမှားသေးလား"

"မျက်လုံးက မှားတာပါ။ အချစ်ကို တွေ့မိခြင်းကြောင့် နှလုံးသားက သိရပြီလေ .."

စိတ်လည်း ရှုပ်၊ ရယ်လည်း ရယ်ချင်မိတာကို အတော်ထိန်းယူရသည်။

"ညပိုင်း အဖျားတက်လာဘာလား"

"ဟုတ်ကဲ့ .. မျက်လုံးတွေကြောင်ပြီး သူ့ကိုပဲ မြင်မြင်နေတယ် ဆရာမ"

"အဲဒါဆို ရှင် ကြွတော့မှာပဲ၊ အန္တရာယ်ကြီးတယ်"

"ကျွန်တော် သေရင် ကျွန်တော့်ချစ်သူကို ပြောပေးပါ၊ ထဘီစကာတ်ဝတ်ပြီး လေတိုက်ကြမ်းတဲ့နေရာတွေကို မသွားပါနဲ့လို့"

"စိတ်ချ .. နောက်ဆံတင်းမနေနဲ့"

ကျွန်မက ဆေးထိုးဖို့ ပြင်သည်။

"ကျွန်တော့်ရက်လည်ကို မုန့်ဟင်းခါးမကျွေးပါနဲ့ ဆရာမ၊ ဖာလူဒါ တိုက်ပါ၊ အဲ .. ချစ်သူက ဖာလူဒါ ကြိုက်တယ်လေ"

ဟိုတစ်နေ့က ဆေးရုံကအပြန် သူမ ဖာလူဒါဝင်သောက်တာကို မြင်ဖြစ်အောင် မြင်လိုက်သေးသည်။ ခပ်ပြင်းပြင်းလေး ဆေးထိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ကိုယ်တော်ချောက အနောက်အပြောင်မပျက်။

"ကျွန်တော့်ကို နေပြင်းပြင်းပူတဲ့၊ လူသူမနီးတဲ့အရပ်မှာ အသုဘ ချပါ။ အသုဘချတဲ့အခါလဲ ကားမသုံးပါနဲ့၊ လမ်းလျှောက်ကြပါစေ"

"ဘာဖြစ်လို့လဲ .."

အရေးထဲ ဒီပါးစပ်က သွားမေးမိပြန်သည်။

"အဲဒါမှ သူတို့ ယပ်တောင်ရဲ့တန်ဖိုးကို နားလည်မှာ"

ကျွန်မက နှုတ်ခမ်းကို အတင်းကိုက်ထားမိရင်း ဆေးစာအုပ်ပေါ်က လူနာရှင်အမည်ကို မသိမသာ စပ်စုမိသည်။ အံမယ် .. နာမည်က အပျံစားပါလား။ 'မိုးသောက်ထွန်း' ဆိုပါလား။

"အသုဘချခါနီးရင် ဖြူဖြူကျော်သိန်း ကို သူ့ဟာမိန်းအဖွဲ့နဲ့ 'စာတ်ဆရာအလိုကျ' ဆိုခိုင်းပေးပါ၊ ရက်လည်ခဲ့ရင် မုန့်ဟင်းခါးကို သုသာန်က အုတ်ဂူတွေ စားပွဲအဖြစ်သုံးပြီး စားသုံးကြပါစေ"

"ရှင့်လျှာကို ဆေးထိုးရမယ်နဲ့တူတယ်"

မိုးသောက် ကတော့ ဆက်ပြောနေမြဲ ..။

"သေခြင်းတရားဟာ သေခြင်းတရားပေါ်မှာပဲ မှီခိုတာ ကောင်းတယ်"

"ကဲ ... ဒီဆေးတွေ မှန်မှန်သောက် ...၊ ရှင် ပျောက်မှာပါ"

"မပျောက်လို့ မဖြစ်ဘူးလား ဆရာမ"





"ဗုဒ္ဓေါ .. ရှင် ဘယ်လိုလူလဲ"

မိုးသောက် က ဆေးစာအုပ်ကို လှမ်းယူရင်း ...

"ကျွန်တော့်မှာ မဖျားဖျားအောင် ရေအကြာကြီးချိုးပြီး ဒီအဖျားလေးကို ပိုးမွေးသလို မွေးထားရတာ"

ကျွန်မ လှစ်ခနဲ တစ်ချက်ပြုံးမိပါသည်။

"ကဲ.. ကိုယ်တော်မြန်မြန်ကြွ နောက်မှာ လူနာတွေ ရှိသေးတယ်"

အိမ်စွန်း ခမျာမှာ မနည်း တွန်းလွှတ်နေရပါသည်။

"လက်မှာ စူးဝင်လဲ လာကုမယ်နော်၊ ရေတ်သီးမှုန့် စားမိလို့ စပ်ရင်လဲ လာကုမယ်နော်၊ ဆရာမကို ကျွန်တော် အားကိုးပါရစေ ဆရာမရယ် .. ၊ ဆရာမက ဆရာမပဲဟာ"

ဟူးခနဲနေအောင် သက်ပြင်းချရင်း ခါးထောက်ကာ သူ့ကိုကြည့်တော့ သူ မျက်စိမှိတ် ရယ်ကျဲကျဲလုပ်ရင်း ထွက်သွားပါတယ်။

ဘယ်လိုလဲ ကိုမိုးသောက် ရယ် ...၊ ကျွန်မမှာတော့ လူနာရဲ့ နှလုံးခုန်သံပြင်းပြင်းတွေ ကပ်ကျန်ခဲ့တော့မယ် ထင်ပါရဲ့ ..။ နောက်ပိုင်း မိုးသောက် ကိုယ်တိုင်လည်း ဖျားပြသည်။ ဒါကို အားမရသေးဘဲ သူ့အနီးအနားဝန်းကျင်က လူနာတွေကို မကုချင်လည်း အတင်းဖွ ခေါ်လာလို့ လူနာပွဲစားလို့ အများက ခေါ်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်တော့လောက် ထပ်ဖျားဦးမလဲ မိုးသောက်"

အင်္ဂလန် စကားကြောင့် မိုးသောက် က တဟဲဟဲနဲ့ ...

"နောက်တစ်ပတ်လောက်ဆို ဖျားလောက်ပါပြီ"

အင်္ဂလန် အဖေအမေတွေ မရှိလို့ ကျွန်တော်တို့ အင်္ဂလန့် အိမ်မှာ ပြောင်းဆန်အောင် သောင်းကျန်းရင်း စုမိကြတာ ဖြစ်ပါသည်။

"အခု ငါ့မှာ လက်တလော အဖျားနည်းတွေကို အတော် လေ့ကျင့်ပြီးပြီ"

"ကိုရီးယားကားတွေလို လုပ်ပါလား၊ ကင်ဆာတို့ ကာဆင်တို့လေ"

"မင်း ဖြစ်ပါလား"

ကျွန်တော် ဆောင့်ဆောင့်အောင့်အောင့်နဲ့ ငြင်းတော့ ဒီကောင်တွေ ရယ်သည်။





"ငါ့အခန်းထဲမှာလဲ ဆေးတွေပြည့်နေတာပဲကွာ၊ ဆေးဆိုင်သေးသေးလေးတောင် ဖွင့်လို့ရတယ်"

"ဒါနဲ့ မင်းနဲ့ အဲ့စွတ်တရုတ်မလေး အခြေအနေက .."

"ကုလားမလေး ပြောစမ်းပါကွာ"

"အသားဖြူနေတာပဲဟာ၊ တရုတ်မလောက်တော့ ထားရမှာပေါ့"

"နှစ်ရုပ်ဆိုရင်တော့ ငါ့ကို တစ်ရုပ်ပေးကွာ"

"ဘာလုပ်ဖို့လဲ"

"ထောင်ထားမလို့"

"ဟော့ကောင် .."

"အရုပ်ကို ပြောတာပါကွာ"

မြောင်းမြ စကားကြောင့် အားလုံးရယ်သည်။

"ပြောပါဦး အခြေအနေ .."

"အခြေနဲ့အနေကတော့ 'ထ'တစ်ခြမ်းပဲ့ ဖြစ်နေတယ်"

"ဘာလဲ 'ထ'တစ်ခြမ်းပဲ့"

"ထ ဖြစ်ဖို့ ဝနှစ်လုံးပူးမှ ရမယ်လေ၊ ငါ့ဘက်က ဝတစ်လုံးက အားဆေးထိုးပြီးသား၊ သူ့ဘက်က ဝ က ပိုလီယိုဖြစ်နေရှာတယ်လို့ တူပါတယ်ကွာ"

မိုးသောက် ရဲ့ ဥပမာက ပြုံးချင်စရာ ...။



www.burmeseclassic.com

www.burmeseclassic.com



"အဘဘိုးဘိုးအောင်ကို တ,ပေါ့ကွာ"

"အဘ ဘိုးဘိုးအောင်တော့ မတွေ့ဘူး၊ ညနေကျရင် ဘကြီးအောင် ရဲ့ကားကို ခဏယူသုံးထားတယ်"

ဘကြီးအောင် ကားဆိုလို့ ဒီကောင်တွေ ရိပ်မိကာ ရယ်သည်။

"မင်း အခုလိုလုပ်တော့ သူ ကျေနပ်လား"

"သူ ကျေနပ်နပ် မနပ်နပ် ငါက အတင်းစွတ်လုပ်တာပဲ"

"ကောင်းကွာ .."

"ညနေကျရင် ဆေးရုံအုပ်ကြီးဖတ်ဖို့ ကဗျာတစ်ပုဒ် သူ့ကို ပေးဖို့ ပြောထားသေးတယ်"

"အံမယ် မင်းကများ ဘယ်တုန်းက ကဗျာဆရာဖြစ်ရတာလဲ"

"ချစ်သူနဲ့တွေ့ရင် အားလုံးဟာ စပယ်ယာဖြစ်တယ်လို့ မကြားဖူးဘူးလား"

"ကဗျာဆရာ ပြောစမ်းပါကွာ"

မိုးသောက် က အာဝဇ္ဇန်းကောင်းကောင်းနဲ့ ဦးဆောင်စကားပြောကာ အချိန်တွေကို အတော်ဖြုန်းတီးခဲ့သည်။ သတ်မှတ်ထားတဲ့ အချိန်ရောက်တော့ ဒီကောင့်အိမ်မှာပဲ ရေမိုးချိုး အဝတ်အစားလဲကာ အိမ်စွန်း ရှိရာ ဆေးခန်းသို့ ထွက်လာခဲ့သည်။





**တာ**ဝန်ပြီးဆုံးလို့ ဆေးခန်းပိတ်ပြီး ကျွန်တော့်ဆီ လျှောက်လာတဲ့ အိမ်စွန်း က ...

"ဒါက ယူလာတဲ့ ကား .."

"ဟုတ်တယ်လေ .. ဒါကလဲ ကားပဲဟာ၊ ဒါပေမယ့် တစ်လုံးပိုသွားတယ်၊ ဆိုက်ကား .."

အိမ်စွန်း က မျက်စောင်းလှလှထိုးရင်း ဒရိုင်ဘာဘေးက ထိုင်ခုံမှာ ထိုင်တော့ ကျွန်တော်ကလည်း ဒရိုင်ဘာခုံမှာ ခွထိုင်ပါတယ်။ စက်နှိုးသော့ဖွင့်စရာ မလိုတာကြောင့် ဂီယာမထိုးဘဲ နင်းထွက်လာခဲ့ပါတယ်။

"ရှင်က ဆိုက်ကားလဲ နင်းတတ်တာပဲလား"

"ဒီလိုပေါ့"

"ရှင် လူနာတွေ ခေါ်ခေါ် မလာနဲ့တော့နော်"

"ဘာဖြစ်လို့လဲ မအီစွတ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပြန်ပြီ .. အဲဒီနာမည် မခေါ်ပါနဲ့ဆို"

"ကျွန်တော့်အဓိပ္ပာယ်နဲ့ ကျွန်တော် ခေါ်တာဗျ"

"ဘယ်လို .."

ကုန်းတက်မို့ လူက မောချင်ပေမယ့် ကောင်မလေးရှေ့မှာမို့ မျက်နှာမပျက်ရဲ ...၊ ပုံမှန်ဖြစ်ပြီဆိုမှ ...

"ကျွန်တော် 'ထ'ချင်ပေမယ့် 'ထ'လို့ မရသေးဘူးဗျာ"

ကျွန်တော် ဟိုတစ်ခါပြောထားတဲ့ အချစ်နဲ့ ထဆင်ထူးရဲ့ အဘိ ဓာန်ကို သူမ သိပေမယ့်လည်း အိမ်စွန်းကာ မသိချင်ယောင်ဆောင်ကာ..

"ရှင် 'ထ'လို့မရအောင် သွေးစုနာပေါက်နေလို့လား"

"ဟာဗျာ .. အချစ်အကြောင်းပြောနေချိန် ပြည်တန်ဆွဲ မပါပါနဲ့ဗျ"

သူမက ရယ်သည်။

"ခင်ဗျား ဖောင်းမလာသေးဘူးလား"

"ရှင် မရိုင်းနဲ့နော်"

"ခင်ဗျားကလဲ အတော်တုံးလိုက်တာ၊ ခင်ဗျားဘက်က 'ဝ' တစ် လုံး အားရှိဖို့ ပြောတာဗျ"

"အဲဒါဆို ရိုးရိုးတန်းတန်း ပြောပါလား"

"ခင်ဗျား အချိန်ရသေးလား မအိစွတ်"

"ဘာလုပ်မလို့လဲ .."





"တစ်ခုခုစားဖို့ပေါ့ဗျာ"

ကျွန်မက သူ့ကို ကလိချင်တာကြောင့် ...

"ရှင် .. မအိစွတ် လို့ မခေါ်ရင် အားပေးမယ်ရှင်"

မိုးသောက် က ဆိုက်ကားနင်းနေရင်းက ရယ်ပြီး ...

"ခုနက ခင်ဗျားကို ပြောသားပဲ မအိစွတ် ရယ် .."

"ခေါ်ပြန်ပြီ"

"ဆောရီး .. ကျွန်တော်ခေါ်တဲ့အဓိပ္ပာယ်က ချစ်စနိုးနဲ့ ခေါ်တာ ပါဆို"

"ဘယ်လို .."

"အဟဲ .. အိစိမ့်စွတ်စိုနေတဲ့ ချစ်ခြင်းလို့ အဓိပ္ပာယ်သက်ဝင်တဲ့ သဘော"

"ပြောလဲ ပြောတတ်ပါ့ရှင်"

"ကဲ .. ဘယ်လိုလဲ"

"သဘော .. သဘော"

"ဗျာ.. ကျွန်တော့်အချစ်ကို လက်ခံတယ်၊ ဝမ်းသာလိုက်တာဗျာ"

"ရှင် ... လူလည်မကျနဲ့နော်"

သူမရဲ့ စူတူတူ နှုတ်ခမ်းလေးရဲ့ အဖွင့်အပိတ်ကို ငေးရင်း ရယ်မိသည်။ ဆိုက်ကားကြီးကို ပြိုင်ကားကြီးလို ခန့်ခန့်ထည်ထည်



www.burmeseclassic.com

www.burmeseclassic.com



စီးပြီး အဆင့်မြင့် သပ်ရပ်တဲ့ ခြံတစ်ခြံထဲကို နင်းဝင်လာတော့ ...

"ဟာ .. ဒီလိုဆိုင်ကို ရှင်မို့လို့ ရွေးတတ်တယ်"

"ဘာဖြစ်လို့လဲ .."

သူမက အနေခက်ဟန်ရှိသည်။ နောက်ဆုံးပေါ် ကားလှလှလေးတွေ စီတန်းရပ်ထားတဲ့ အနောက်တိုင်းစတိုင် စားသောက်ဆိုင်လေးက ခန့်ခန့်ထည်ထည် ..။

"ဘာလဲ .. ဆိုက်ကားနဲ့လာလို့ ခင်ဗျား ရှက်နေတာလား"

"အဲဒီသဘောမဟုတ်ပေမယ့် တစ်မျိုးပဲ"

သူမက ရှက်ကိုးရှက်ကန်း ဆိုသည်။ ဆိုက်ကားကို ဆိုင်ရှေ့ဆင်ဝင်အောက်ကို နင်းဝင်လာပြီး အပြုံးနဲ့ ဆီးကြိုနှုတ်ဆက်တဲ့ ယူနီဖောင်းဝတ် ဝန်ထမ်းလေးရှေ့မှာ အသာရပ်ကာ ဆိုက်ကားပေါ်မှ ဆင်းပြီး ဆိုက်ကားကို သော့ခတ်ကာ သော့ကို ဝန်ထမ်းလေးဆီ ပစ်ပေးလိုက်ပြီး ...

"ကိုယ့်ကားကို ပါကင်ထိုးထားလိုက်ကွာ"

"ဗျာ!..."

ဝန်ထမ်းလူငယ်ရဲ့ ယောင်နနဖြစ်သွားပုံကြောင့် အိမ်စွန်း မရယ်မိအောင် နှုတ်ခမ်းကိုက်ထားရပါသည်။ မိုးသောက် ကတော့ ခပ်တည်တည်ပဲ။ အိမ်စွန်း ရဲ့ဆေးအိတ်ကို ဆွဲကာ ဆိုင်ထဲဝင်သွားပါသည်။





အစားအသောက်တွေ မှာရင်း ...

"ဒါက ခင်ဗျားတို့ဆေးရုံအုပ်ကြီးအတွက် မောင်မိုးသောက် ရဲ့ အညတရ ကဗျာ"

ကျွန်တော်က ကျောမှာ တစောင်းလွယ်ထားတဲ့ အိတ်ထဲက စာရွက်ခေါက်တစ်ခုနဲ့ ဆားအိတ်သေးသေးတစ်ခုကို ကမ်းပေးတော့ အိမ်စွန်း က နားမလည်ဟန် ..။

"ဘာကြီးလဲ .."

မိုးသောက် က ခပ်တည်တည်ပါပဲ။

"ဩော် .. ပေ့ါပျက်ပျက်ဖတ်မှာစိုးလို့ ဆားအိတ်ပါ အပိုထည့်ပေးလိုက်တာ၊ အိုင်အိုဒင်းဆားအစစ်နော်"

"ဘယ်လိုလုပ်မှန်း မသိဘူး"

"အထီးလေးပါဆို .. ဇလုပ်လေးနဲ့လေ"

သူမက မျက်စောင်းထိုးပြသည်။

"မအီစွတ် .."

သူမက မစ်ရှိတ်သောက်နေရာမှ မိုးသောက် ကို ကြည့်သည်။

"ကျွန်တော့်ရဲ့ ခေတ်မှန်လေး ဘယ်တော့ရမလဲ"

"ဘာကြီး .."

သူမက နားမလည်ဟန် ထပ်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ... ကျွန်တော့်နှလုံးသားအခြေအနေ ကောင်းမကောင်း"

သူမက အခုမှ သူ ချစ်ရေးဆိုနေတာမှန်း သဘောပေါက်မိတာကြောင့် နှုတ်ခမ်းမဲ့ရင်း ...

"ရှင့်နှလုံးသားက ဓာတ်မှန်ရိုက်လို့ မရဘူး၊ ဓာတ်မှန်ရိုက်လိုက်ရင် နှလုံးမတွေ့ဘူး"

"အဟဲ .. တစ်လုံးပဲ တွေ့လို့လား"

"သေလိုက်ပါလား"

"မသေခင် ဆေးကုပေးပါ ဆရာမရယ်၊ သားသားက ဆရာမကုမှ ရမှာ၊ ဟောဒီတင်ပါးလေးပေါ် ဆရာမရဲ့ အကြင်နာလက်လေးနဲ့ အကြင်နာဆေးထိုးအပ်လေး ကိုင်ပြီး ဆေးထိုးပေးပါနော်"

"အရူး .."

အိမ်စွန်း ဘယ်လိုပြောပြော မိုးသောက် တို့က မျက်နှာမပျက်ပါ။ ကြာလာတော့ အိမ်စွန်း ကိုယ်တိုင် သူ့ရဲ့ အနောက်အပြောင်မှာ သာယာမိတာ အမှန်ပါ။ ရယ်စရာမောစရာ တစ်ချိန်လုံး ရှာကြံနေတဲ့ ဒီကောင်လေးကို အိမ်စွန်း သံယောဇဉ် တဖြည်းဖြည်းပိုမိတာ အိမ်စွန်း ကိုယ်တိုင် သိနေသည်။





ဝေဒနာပျောက်ဖို့
အသေအချာရောက်လာတာပါ ဆရာမ ...၊
ကျွန်တော့်ကို ကကြီးခကွေး ရောင်းစားသူလို့
ဘယ်သူဆိုဆို
ရေငတ်သလောက် ဒဏ်ရာလေး
ကြေမွပျောက်ဆုံးဖို့ ခဏလောက် ကုပေးပါခင်ဗျာ ...၊
ဆေးရုံကြီးက
အဖြူရောင်ပဝါပါးနဲ့ ကွာမြွေရေခမ်းနား
တချို့က ဇရဲသားလို ..
တချို့က ပြာသဒါးလို ..
တချို့က တကာယ်ဆေးပါးအစစ်
တချို့က အားဆေးအဖြစ် ..
ဝေဒနာနဲ့ ကြောက်ရွံ့ခြင်းက
ဒဏ်ရာရသူအတွက်
တံခါးချပ်ရဲ့ တံခါးရွက်ကြားက
သံချေးတပ် ပတ္တာမြည်သံလို
ရှာတာအော်သံကို နားဝင်ချိုတယ်ထင်သလား
စေတနာရှိရင် မှန်ကြည့်ရင် ပိုချောပါတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ဘယ်သူရေးတာလဲ သမီး”

သူမရဲ့အဒေါ်ရင်းလည်း ဖြစ်၊ နောက်ပြီး ဒီဆေးရုံကြီးရဲ့ ဆေးရုံအုပ်ကြီးလည်းဖြစ်တဲ့ ဒေါက်တာ ဒေါ်ထက်ထက်ဆင့် က မိုးသောက်ပေးတဲ့ကဗျာကို ယူဖတ်ကြည့်ရင်း မေးသည်။

အိမ့်စွန်း ကတော့ ပေးမိတာမှားပြီလို့ ယူဆမိပါသည်။

အမှန်ကတော့ ကဗျာစာရွက်ကို တမင်ပေးခြင်း မဟုတ်ပါ။ ဆရာဝန်များ နားနေဆောင်မှာ ပထမ ကြာဖြူညို ကို အရချင်းချင်းမို့ ပေးဖတ်မိရာက လက်ဆင့်ကမ်းရင်း ဒေါ်လေးဆီသို့ တည့်တည့်မတ်မတ်ကြီးကို ရောက်ရှိလာခြင်း ဖြစ်ပါသည်။

“သမီးသူငယ်ချင်း ရေးတာ ဒေါ်လေး”

ဒေါ်လေးက ကဗျာကို ဆုံးအောင်ဖတ်နေသည်။





အပြင်မှာ ဒေါ်လေးနဲ့ သူငယ်ချင်းလို ဆက်ဆံရေးမျိုးရှိပေမယ့် အလုပ်ခွင်မှာ တော့ ဒေါ်လေးက စည်းကမ်းကြီးပြီး မျက်နှာကြောက မာသည်။ အခုလည်း နဖူးကြောက ရှုံ့နေတာကြောင့် အိမ့်စွန်း ဟိုသကောင့်သားကို ကျိတ်ကြီး မေတ္တာပို့မိသည်။

“ဒီကလေး မဆိုးဘူး .. အတွေးကောင်းကယ်၊ ကိုလှသန်း ..”

ဒေါ်လေးစကားကြောင့် သူမမှာ ပါးစပ်အဟောင်းသား ..၊ ဒေါ်လေးခေါ်သံကြောင့် အတွေ့တွေ့လုပ်သား ဦးလှသန်းက ပြေးလာပါသည်။

“ဆရာမကြီး၊ ကျွန်တော် ရောက်ပါပြီ”

ဒေါ်လေးက သူ့စားပွဲအံဆွဲထဲက ပိုက်ဆံအိတ်ကို ထုတ်ကာ ပိုက်ဆံတချို့ကို ထုတ်ယူပြီး ဦးလှသန်းကို လှမ်းပေးကာ ...

“ရော့ .. ဒီစာကို ကွန်ပျူတာရိုက်ပြီး မိတ္တူပွားလိုက်၊ ပြီးရင် ပလပ်စတစ်ကာဒ်လောင်းပြီး ဆေးရုံအနှံ့ ချိတ်ထားလိုက် ..”

“ဟုတ်ကဲ့ ဆရာမကြီး”

ဦးလှသန်း ထွက်သွားတော့ ဒေါ်လေးက သူမကို ပြုံးကြည့်ရင်း ....

“သမီးရဲ့သူငယ်ချင်း ကောင်လေးနဲ့ ဒေါ်လေးကို တစ်နေ့ မိတ်ဆက်ပေးပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဒေါ်လေး"

"အေး .. အေး .. သွားတော့ သမီး"

သူမ ဒေါ်လေးကို နှုတ်ဆက်ပြီး ဒေါ်လေးရုံးခန်းက ထွက်လာခဲ့ပါသည်။ သူမတို့အဆောင်ရောက်တော့ ကောင်တာမှာထိုင်နေတဲ့ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း ဒေါက်တာ အောင်ချိုဦး က ...

"နှင့်ကို ကောလွှတ်လိုက်လား အိမ်စွန်း"

"ဘယ်က ကောလွှတ်ရမှာလဲ အောင်ချို ရယ် .. အဲဒီကဗျာကို ကြိုက်လို့တဲ့၊ အဲဒီကဗျာကို မိတ္တူကူးပြီး ဆေးရုံအနှံ့ လျှောက်ကပ်ဖို့ ဦးလှသန်း ကို ခိုင်းလိုက်ပြီ"

အိမ်စွန်း စကားကြောင့် ကြာဖြူက အံ့အားသင့်သွားဟန် ရှိသည်။

"နှင့်ကောင်ကတော့ အံ့မခန်းပဲ အိမ်စွန်း"

"နင်နော် .. ဘယ်က ငါ့ကောင်ရမှာလဲ"

"ဒါဆို ငါ့ပေးလေ .. ငါ အနစ်နာခံပါ့မယ်"

"ဟဲ .. ဟဲ .. ကြာဖြူလေး ရယ် .. ကြာဖြူလေး အတွက် ကိုယ်တစ်ယောက်လုံး ရှိတဲ့ဟာ"

အောင်ချို က ကြာဖြူ ကို ပိုးပန်းနေသူပီပီ စကားရောဖောရော နဲ့ ဝင်ပါလာပါတယ်။





"နှင့်ကိုတော့ အနစ်နာမခံနိုင်ပါဘူး၊ ရေခဲတိုက်က တံခါးစောင့် ကိုထွန်းအုံကြီး ဆိုရင် ရင်ခုန်ဖို့ကောင်းသေးတယ်"

"ရက်စက်လိုက်တာ .. ငါ့လို သဘောကောင်း မနောကောင်း၊ လူတွေ့တိုင်း အမြဲရယ်ပြနေတဲ့သူကိုမှ ကြာဖြူလေး က မစာနာ ပြောရက်လိုက်လေခြင်း၊ အံမယ်မင်း .. ဟင် ..."

အောင်ချို က ရွှေမန်းတင်မောင်စတိုင်နှင့် ငိုချင်းထုတ်ပြသည်။

"ပေါ်ရဲလိုက်တာ ကိုပေါ်သွပ်ရယ်"

"ဟဲ .. ဟဲ .. ပေါတယ်ဆိုတာ ပွားများခြင်းအဓိပ္ပာယ်ပဲ၊ ငါ့အချစ်တွေ ပေါပေါလောလော ရတာ၊ ရတုန်း ယူထားလိုက်စမ်းပါကွာ"

ဒီနှစ်ယောက်ကြားမှာ ကျွန်မ နားမြေဇာပင် အဖြစ်မခံနိုင်တာကြောင့် မမရီ တို့ရှိရာဆီ လျှောက်လာခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လို့လား မြောင်းမြ ရာ .. မင်း လူမှားတာ နေမှာပါ"

ကျွန်တော့်စကားကြောင့် မြောင်းမြ က မျက်ခုံးပင့်ရင်း ...

"ရော် .. တကယ်တွေ့တာပါဆို၊ မင်း ကိုရီးယားကုလားမလေး အီစွတ် က ငါ့ကို မမြင်ဘူး၊ သူနဲ့ အဲဒီလူက ရယ်ရယ်မောမောနဲ့ ဆိုင်တစ်ဆိုင်ထဲက ထွက်လာတာ"

အင်္ဂလန် ကတော့ ဘာမှဝင်မပြော၊ နားထောင်သူသက်သက်။

"မင်း သူ့ကို မေးကြည့်သင့်ပြီ အခုဟာက မင်းတို့နှစ်ယောက်က ခတ်မျောကြီးဖြစ်နေပြီ"

မြောင်းမြ စကားကြောင့် ကျွန်တော် ငိုင်တွေသွားပါတယ်။ အင်္ဂလန်က ကျွန်တော့် ပခုံးပုတ်ပြီး ...

"သိပ်လဲ စိတ်ခတ်ကျမနေပါနဲ့ကွာ၊ အီစွတ် လဲ သူ့အကြောင်းနဲ့သူ ရှိလို့နေမှာပေါ့"





ကျွန်တော် ခေါင်းခါပြမိပါသည်။

"တကယ်ဆို သူမှာရည်းစားရှိနေရင် သူနားကပ်လာတဲ့ ငါ့ကို အဲဒီအကြောင်း ဖွင့်ပြောသင့်တယ်"

"မင်း သူ့ကို အဲဒီအကြောင်း မေးမှာလား"

"ဟင့်အင်း .."

"ဗုဒ္ဓေါ .. ဘယ်လိုကြီးလဲဟ"

ကျွန်တော်ငြင်းတော့ ဟိုကောင်တွေက နားမလည် ..။ ဘာကြောင့်မှန်း မသိ ကျွန်တော် သူမကို မမေးချင်တာ အမှန်ပါ။

"တော်ပြီကွာ .. ရင်ကွဲနာကျဖို့ သေချာနေတဲ့ဒဏ်ရာကို အလွမ်းပြေဖို့ တစ်ခုခု လုပ်ရဦးမယ်"

"ဘယ်လို လုပ်မလဲ"

"ကလေးတွေနဲ့ ဂေါ်လီသွားရိုက်မလို့"

ကျွန်တော့်စကားကြောင့် ဒီကောင်တွေ ရယ်ကြပါသည်။ ဒီကောင်တွေအတွက် ရယ်စရာဖြစ်ပေမယ့် ကျွန်တော့်အတွက်ကတော့ ရင်နာစရာပါ။ သံချိုနည်းအရ ကြည့်မယ်ဆိုရင် အလွမ်းဆိုတာ အနတ်လက္ခဏာလို့ ကိုယ့်ကိုယ်ကိုယ် မှတ်ချက်ပေးမိသည်။ ကိုယ့် နှလုံးသားက တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်းစနစ်နဲ့ အစေခံပိုး ရွေးချယ်တတ်သည် မဟုတ်တော့ ပိုဆိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ ပါမယ်ဟေ့"

ရုပ်ကွက်ထဲမှာ ဂေါ်လီရိုက်နေတဲ့ ကိုမြဦး သားတွေ ကျွန်တော့်ကို ကြည့်ကာ ...

"ဟာ!... ဦးမိုး က အရမ်းညစ်တယ်"

"ဟ .. ငါက ဘာညစ်လို့လဲ"

"ဟိုတစ်နေ့က ရှုံးထားတဲ့အကြွေးလဲ မဆပ်ဘူး"

"အခု ဆပ်မယ်ကွာ၊ ငါ ပါပါရစေ၊ ရော့.. ဟိုတစ်နေ့က အကြွေး"

ဒီကောင့်ကို တစ်ရာအကြွေးဆပ်လိုက်တော့ ဒီကောင် ငြိမ်သွားပါသည်။ ကလေးတွေနဲ့ ငြင်းခုံရန်ဖြစ်ရင်း အလွမ်းစိတ်ကို ဖျောက်သည်။ ခက်တာက ဂေါ်လီရိုက်တော့လည်း သူမကို သတိရတာက သတိရတာပါပဲ။

"တော်ပြီကွာ .."

"ဘာဖြစ်လို့လဲ ဦးမိုး၊ ဘာလဲ အရမ်းရှုံးနေလို့လား"

"မဟုတ်ပါဘူးကွာ .. မင်းတို့နဲ့ဆော့ရတာ ပျင်းလာလို့"

"ဒါဆို ဘိုးဘိုးနဲ့ ဂေါ်လီရိုက်ပါလား"

"ဟ .. မင်းတို့အဘိုးက ဒီအသက်အရွယ်ရောက်နေတာတောင် ဂေါ်လီရိုက်တုန်းလား"

"ရိုက်တယ် ဦးမိုး၊ ဒါပေမယ့် ဘိုးဘိုးတို့ဂေါ်လီက ရောင်စုံဂေါ်လီ





အကြီးကြီးတွေပဲ၊ သားတို့လို လက်နဲ့မရိုက်ဘူး၊ တုတ်တံနဲ့ရိုက်တာ"

ကိုမြဦး သား ဖိုးအေး စကားကြောင့် ကျွန်တော် ကိုယ့်နဖူးကိုယ် ရိုက်ကာရယ်မိရင်း ...

"အဲဒါ ဂေါ်လီရိုက်တာ မဟုတ်ဘူးကွ"

"ဟာ .. ဟုတ်ပါတယ် ဦးမိုး ရာ .."

"အဲဒါ ဂေါ်လီရိုက်တာလို့ မခေါ်ဘူး၊ ဘိလိယက် ကစားနည်းလို့ ခေါ်တယ်ကွ"

"ဩော် ... ဟုတ်လား"

ကျွန်တော် ကလေးတွေဆီကထွက်လာပြီး လမ်းထဲက ဒေါ်အာကျယ် တို့ တစ်သီတစ်တန်းကြီး အဆင့်ဆင့် သန်းတုပ် အတင်းပြောနေကြရာဆီ ထွက်လာရင်း ...

"ဘာလုပ်နေတာလဲ .. အတင်းပြောတမ်း ကစားနေတာလား ဒေါ်အာကျယ်၊ ကျွန်တော်လဲ စိတ်ညစ်လို့ ဝင်ပါမယ်ဗျာ"

"အေပေးလေး .. ငါတို့ အတင်းပြောနေတာ မဟုတ်ဘူးဟဲ့"

"ဖြည်းဖြည်းချင်း ပြောနေတာပေါ့"

"ခွေးကောင်လေး၊ ဟဲ့ .. အတင်းပြောတယ်ဆိုတာ နည်းစနစ်နဲ့ ကျူပဟာနဲ့ ပြောရတာဟဲ့"

ဒေါ်အာကျယ့် ခေါင်းက သန်းဥကို ဆွဲယူတုပ်ရင်း ဒေါ်ဘဲမ



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကို ပြောသည်။

"လုပ်စမ်းပါဦးဗျ။ ကမ္ဘာကိုကျော်လွှားမယ့် အနာဂတ်အတင်း အကြောင်းဆိုပြီး ခေါင်းစဉ်တပ်ပြီး အင်တာနက် တင်ရမယ်"

ကျွန်တော့်စကားကြောင့် ဒေါ်ဘဲမ က ရယ်သည်။

"ဟဲ့ .. ကိုယ်ပြောမယ့် အတင်းရဲ့ဦးတည်ချက်ကို တစ်ဖက် နားထောင်သူ စိတ်ဝင်စားအောင် အပျိုးကောင်းရမယ်"

"မာတိကာပေါ့"

"အတင်းဆိုတာ ကိုယ်ကချည်းပြောရင်လဲ **မကောင်းဘူး။** တွဲ ဖက်နားထောင်သူကလဲ လူရှင်တော်တွေလို အပို့ကောင်းမှ အဲဒီအတင်း က ရုပ်လုံးကြွလာမယ်"

"သြော် .. ဟုတ်တာပေါ့ ဒေါ်ဘဲမ ရယ် .."

"အတင်းချည်းသက်သက်ပြောတာ ကြာလာရင် အဲဒီအတင်းက စိတ်ဝင်စားစရာမကောင်းဘူး၊ အဲဒီအတွက် အလုပ်တစ်ခုရှာရမယ်"

"ပြောပါဦး .. ဗဟုသုတ ရတာပေါ့"

"အဲဒီအတင်းထဲက သားကောင်ကို မကျေနပ်ရင် မကျေနပ် သလို တုံ့ပြန်ဖို့ အကောင်းဆုံးက သန်းဥ၊ သန်းတို့ကို အပြိုးနဲ့ ဖိတုပ် ခြင်းဟာ အတင်းပြောဖို့အတွက် အကောင်းဆုံးအလုပ်ပဲ"

"မှတ်သားလောက်ပါတယ်"





ဒေါ်ဘဲမ က ဝေဝေဆာဆာနဲ့ စည်းစနစ်ကျကျ အတင်းပြော ခြင်းရဲ့ နည်းစနစ်ကို သီအိုရီတစ်ခုလို အဘိဓာန်အသစ်တွေနဲ့ ထုတ် ပြပါသည်။ ကျွန်တော်လည်း နောက်နေ့ကျရင် ပါးကွက်လေးကွက် လုံချည်ကို ရင်လျားပြီး အိမ်စွန်း အကြောင်းကို ဒေါ်ဘဲမ တို့နဲ့ လာပြီး အတင်းတုပ်ရင် ကောင်းမလား စဉ်းစားနေမိပါသည်။

အချစ်ဆိုတဲ့ အရာလေးနဲ့ ရင်ဘတ်ကြီးတစ်ခုလုံး လေးလံ အောင် လုပ်နိုင်စွမ်းရှိတဲ့ အချစ်ရဲ့စွမ်းအားက ကြောက်ခမန်းလိလိ။

ဒေါ်ဘဲမ တို့ဆီက ထွက်လာပြီး အိမ်ပြန်ဖို့ လမ်းအတိုင်း လျှောက်လာရင်း လမ်းအလယ်မှာ ဖင်ကုတ်ခေါင်းကုတ်နဲ့ အလုပ်ရှုပ် နေတဲ့ ကြီးကြီးဒေါ်ပုလေး ကို တွေ့မိသည်။ ကေန္တ ထုံးစံအတိုင်း တစ်ခုခုကို မေ့နေပုံရပါသည်။ ကြီးကြီးက အမြဲမေ့လျော့တတ်တဲ့ အကျင့်ရှိနေတာ ကျွန်တော် သိသည်။

"ကြီးကြီး .. ဘာဖြစ်ပြန်ပြီလဲ"

"ဟဲ့ .. မိုးသောက် .. အတော်ပဲ၊ ငါ့ကို ဝိုင်းစဉ်းစားပေးစမ်းပါ"

ကြီးကြီးက ကျွန်တော့်လက်ကိုဆွဲကာ ပြောသည်။

"ဘာကူစဉ်းစားပေးရမှာလဲ ကြီးကြီး၊ ကြည့်ရတာ တစ်ခုခု မေ့ နေပြန်ပြီနဲ့ တူတယ်"

"ဟုတ်တယ်ဟဲ့၊ ငါ့ကို ရုံးခန်းက ခေါ် လို့ ရုပ်ကွက်ရုံးခန်းရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ စာရေးက ငါ့အဖေနာမည်မေးတယ်၊ ငါ့အဖေနာမည် ငါ မေ့နေတယ်၊ တောက် .. ကိုယ့်အဖေနာမည် ကိုယ်မေ့ရတယ်လို့ ပြောကိုမပြောချင်ဘူး”

ခေါ်ပွပွနဲ့ ကြီးကြီး စကားကြောင့် ...

“ကြီးကြီးက အဖေနာမည်ကို ပြောလေ့ပြောထမရှိတော့ ကျွန်တော်လဲ ဘယ်သိပါ့မလဲ၊ ကြီးကြီး အဖေနာမည် ဘယ်သူလဲ ..”

“သြော် .. မသိလို့ နင့်ကိုမေးပါတယ်ဆိုမှ ..”

“ကဲ .. လာပါ။ ကြီးကြီး အိမ်ရောက်မှ ဖြည်းဖြည်းစဉ်းစားပေါ့”

ကျွန်တော် ကြီးကြီးကို အတင်းလက်ဆွဲခေါ် လာခဲ့ရသည်။ ကျွန်တော် တို့အိမ်ရှေ့ရောက်တော့ ...

“သား ပြန်မယ် ကြီးကြီး”

ကြီးကြီးက အေး .. အေး လို့ပြောပြီး ကျွန်တော့်အိမ်ရှေ့စည်းရိုးအပေါက်ဝက အုန်းပင်နဲ့ သရက်ပင်ကို တစ်လှည့်စီကြည့်ပြီး ဝမ်းသာအားရနဲ့ ...

“ဟဲ့ .. ငါ့အဖေနာမည် ငါ သိပြီ”

ကျွန်တော်လည်း ကြီးကြီးရဲ့ ဝမ်းသာအားရနဲ့ အလန့်တကြား အော်ပြောတာကြောင့် ကမန်းကတန်း မေးမိသည်။ ဟုတ်တယ်လေ၊ နောက်တစ်ခါ ထပ်မေ့လို့ ထပ်စဉ်းစားခိုင်းနေမှာ စိုးလို့ပါ။





“ဦးအုန်းခိုင် ဟဲ့ ..”

“သေလိုက်ပါတော့ ကြီးကြီး ရယ် ..”

“အေး .. သေတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ”

ကြီးကြီးပုံစံကြောင့် ရယ်လည်းရယ်ချင်၊ စိတ်လည်း ညစ်ရပါတယ်။ ကြီးကြီးကို ကျောခိုင်းပြီး ခြံထဲဝင်ဖို့အလုပ် ...

“ဟဲ့ .. မိုးသောက်”

ကြီးကြီးခေါ် ပုလေး လှမ်းခေါ် ပြန်တာကြောင့် ကျွန်တော် လှည့်ကြည့်မိကာ ...

“ဘာဖြစ်ပြန်ပြီလဲ ကြီးကြီးရယ်”

“ငါ့နာမည်ကရော ဘယ်သူလဲ ..”

အလှည့်ကျ မေ့တတ်တဲ့ ကြီးကြီးရဲ့အလေ့အထကြောင့် ကျွန်တော် ကြီးကြီးကို စချင်နောက်ချင်တာနဲ့ ...

“ကြီးကြီးခေါ် ပုလေး နာမည်က ခေါ် အရှည်ကြီးလေ ကြီးကြီး”

“ဟော .. ဟုတ်လား၊ ဟာ!... ဒီကလေး”

ကျွန်တော့်ခေါင်းပေါ် လက်မရောက်ခင် ကျွန်တော် ခြံထဲပြေးဝင်မိပါသည်။ ရင်ထဲက အချစ်နဲ့ပတ်သက်တဲ့ ဝေဒနာက နည်းနည်းသက်သာသွားတယ်လို့ ထင်မိပါရဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com





ဘယ်လိုမှန်း မသိ ..

ဘာဖြစ်မှန်း မသိ ..

တစ်ခုခုတော့ တစ်ခုခုပါ ..။

ရင်ဘတ်ကြီးကတော့ အဓိပ္ပါယ်ပြနေပြီ ..။








"မိုးသောက် တစ်ခုခု ဖြစ်နေလား"

ကျွန်တော့်လက်ထဲကို သူမက ဆွဲခြင်းထည့်ပေးရင်း ပြောသည်။

"ဘာဖြစ်လို့လဲ .."

သူမက ကျွန်တော့်ကို အကဲခတ်နေပုံရသည်။

"ရယ်စရာမောစရာတွေ ဒီနေ့ သိပ်မပြောလို့လေ"

"ရယ်စရာပြောဖို့ စိတ်မပါလို့ မဟုတ်ပါဘူး။ ဒီလိုပါပဲ .. တစ်ခါ တစ်လေကျတော့လဲ ဦးနှောက်က ရယ်စရာပြောဖို့ အင်ဂျင်အား မကောင်းဘူးထင်တယ်"

"အပိုတွေ ပြောမနေပါနဲ့ မိုးသောက် ရယ် .. ကျုပ် ညည်း မျက်နှာကိုကြည့်ကတည်းက တစ်ခုခု အလိုမကျမှန်း သိပါတယ်၊ ဟွန်း .."

အိမ်စွန်း ရဲ့ နှာခေါင်းရှုံ့ပြောပုံက ကျွန်တော့်ကို ဟာတာတာဖြစ်စေခဲ့တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့နေတစ်ယောက်နဲ့ခင်ရင် ဥပဒေစကားတော့ ကြားရမှာပဲ၊ ဆရာဝန်တစ်ယောက်နဲ့ ခင်ရင်တော့ ဝေဒနာစကားတော့ ကြားရမှာပေါ့"

"အံမယ် .. ဒီက သတိထားမိလို့ ပြောမိတဲ့ဟာကို"

"စိတ်ညစ်ရင် ဘာဆေးသောက်ရမလဲ ဆရာမ၊ ဩော် ..သိပြီ၊ စိတ်ညစ်ရင် လိပ်ဖင်နဲ့ မိတ်သလင်သောက် ပျောက် .."

သူမက ပါးစပ်ကို လက်ဝါးနဲ့ကာပြီး ရယ်သည်။

"အသည်းကွဲရင် ပုရွက်ဆိတ်အသည်းကို မျက်စိမှိတ် စားရပါတယ်"

"အခုမှပဲ မိုးသောက် အစစ်ကို တွေ့တော့တယ်"

"ကျွန်တော့်အကျင့်က ဒီတိုင်းပဲ၊ စိတ်ညစ်လဲ ခဏပဲ"

မိုးသောက် စကားကြောင့် အိမ်စွန်း က မျက်မှောင်ကြုတ်ရင်း...

"ဘာလဲ .. အခု မိုးသောက် စိတ်ညစ်နေတယ်လို့ ဆိုလိုတာပေါ့"

"ဥပမာပြောတာပါ .. ဒါနဲ့ အိမ်စွန်း စိတ်ညစ်ရင် ဘာလုပ်တတ်လဲ"

ကျွန်တော့်အမေးကြောင့် အိမ်စွန်း က ညစ်ကျယ်ကျယ် ပြုံးရင်း ...





"လူနာတွေကို ဆေးနာနာ ဖိထိုးတာပေါ့"

"ဘုရားသခင်!.."

"အလကားစတာပါ ..၊ အိမ်စွန်း စိတ်ညစ်ရင် လူနာတွေရဲ့ ရောဂါကို အသေးစိတ် ပိုမေးမိတယ်၊ အလုပ်က စိတ်ညစ်ခြင်းကို ပျောက်စေတယ်လေ"

"အင်း .. အကောင်းဆုံးကုထုံးပဲ"

အိမ်စွန်း တို့ လမ်းထိပ်ကိုရောက်တော့ မိုးသောက် က ဆွဲခြင်းကို လှမ်းပေးရင်း ...

"ကျွန်တော် ပြန်ပါဦးမယ် ဆရာမ"

အိမ်စွန်း ကလည်း ...

"ကောင်းပါပြီကွယ် ..၊ ကလေး ဆရာမပေးထားတဲ့ဆေးတွေကို မှန်မှန်သောက်နော်"

"ဆရာမ ဆေးမှားနေပြီ ထင်တယ်၊ ရောဂါတခြား ဆေးတခြား ဖြစ်နေပြီထင်တယ်"

"မမှားပါဘူးကွယ်၊ ဆေးဆိုတာ ချက်ချင်းသောက် ချက်ချင်း ပျောက်ရတဲ့ဆေးမျိုး မဟုတ်ဘူး၊ ကြာလာရင် ကလေးရောဂါ ပျောက်မှာပါ"

ကျွန်မရဲ့အပြောကြောင့် သူက ပြုံးစိစိနဲ့ ကျွန်မကို ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..ကျွန်တော် ပြန်ဦးမယ်"

"ဓာတ်ကြိုးတွေ ကြည့်ရှောင်နော်"

"ရပါတယ်၊ ကျွန်တော် မြင့်မြင့်ပျံမှာပါ"

"မြင့်မြင့်က ကျွန်မအစ်မရှင့်"

"အစ်မဆိုရင် ဇလုပ်ပါလား မအီစွတ်"

ကျွန်မကို မအီစွတ် လို့ ခေါ်ပြီး မိုးသောက် လစ်ပြေးသွားပါတယ်။

မိုးသောက် ထွက်သွားတော့ ကျွန်မ ရပ်ကြည့်ကျန်နေခဲ့ပါတယ်။ နောက်မှ ကျွန်မ သက်ပြင်းချ ခေါင်းခါကာ အိမ်ဘက်သို့ လျှောက်လာခဲ့မိသည်။





"အဲဒီကောင်လေးနဲ့ သမီး ဘယ်လိုပတ်သက်လဲ"

မေမေ့စကားကြောင့် ကျွန်မ အဖြေရခက်မိတာ အမှန်ပါ။ ကျွန်မ ခေါင်းငုံ့ ငြိမ်သက်နေမိသည်။

"မကြာခင် သမီးနဲ့ မောင်မင်းထွန်း လက်ထပ်ရမယ်ဆိုတာ သမီး သိတယ်နော်"

ကျွန်မ မျက်ရည်တစ်စက် ပေါင်ပေါ် ကျလာတော့ ဖေဖေက...

"သမီးလဲ ပညာတတ်တစ်ယောက်ပဲ သမီးရယ်၊ သမီး ခေါင်းအေးအေးနဲ့ စဉ်းစားကြည့်၊ မောင်မင်းထွန်း တို့ဘက်က ကမ်းလှမ်းလာတော့ ကြည်ကြည်ဖြူဖြူ ခေါင်းညိတ်လက်ခံခဲ့တာ မဟုတ်လား။ သမီးကို ဖေဖေတို့က မောင်မင်းထွန်း နဲ့ ယူရမယ်လို့ အတင်းအကျပ်တိုက်တွန်းခဲ့လို့လား"

ကျွန်မ ဘာမှပြောပိုင်ခွင့်မရှိအောင် တိုးရခက်တဲ့ စည်းကြိုးတွေက ကျွန်မ ခြေလှမ်းတွေရဲ့ အရှေ့မှာ ..။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ ဒီကောင်လေးရဲ့ ဆက်ဆံရေးက ဖေဖေ့နားထဲအလိ ဝင်လာတယ် သမီး။ တကယ်လို့များ ဒီသတင်းသာ မောင်မင်းထွန်း တို့ဘက်က ကြားသွားရင် .."

ပြောသမျှ စကားတွေအတွက် သူမ တွန့်လှန် ချေဖျက်ဖို့က မျက်ရည်စက်တွေ စီးကျရုံကလွဲ၍ အင်အားမရှိတော့။

"မောင်မင်းထွန်း ဘက်မှာ အပြစ်ဆိုစရာရှိရင်လဲ ငြင်းရလွယ်ပါ တယ်၊ သမီးအပေါ်လဲ ချစ်မြတ်နိုးတာ ဖေဖေတို့ မြင်နေသိနေတာ ပဲကွယ်"

ဖေဖေနဲ့ မေမေက တစ်ယောက်ကို တစ်ယောက်ကြည့်ကာ စိတ်မကောင်းဟန် ရှိသည်။ မေမေက သူမပခုံးကို ဆွဲပွေ့ ဖက်တွယ် လိုက်ရင်း ...

"ကဲ .. ငါ့သမီးလေး .. အနားယူလိုက်တော့၊ မငိုပါနဲ့ကွယ်"

သူမ ခေါင်းညိတ်ပြမိရင်း ဆွဲခြင်းယူကာ သူမအခန်းရှိရာဘက် ကို ထွက်လာခဲ့ပါသည်။ အခန်းထဲရောက်တော့ အိပ်ရာပေါ် လှဲကာ ခေါင်းအုံးမှာ မျက်နှာဖွက်ရင်း လွတ်လွတ်လပ်လပ် ငိုခဲ့မိပါသည်။

အစကတည်းက ကိုယ်တိုင်ရွေးချယ်ထားတဲ့ ဇာတ်လမ်းမှာ ကိုယ့်ဇာတ်ညွှန်းကို ကိုယ်မပိုင်တဲ့ ကျွန်မ ..၊ ဘာဖြစ်လို့ အတွေ့ နောက်ကျရတာလဲ မိုးသောက်ရယ် ..။





မင်းရဲ့ ပျော်ရွှင်စရာကောင်းတဲ့စကားတွေ၊ လှုပ်ရှားမှုတွေဟာ အာနိသင်ကောင်းတဲ့ ဆေးဝါးတစ်လက်လို ငါ့နှလုံးသားကို အနိုင်ယူ ခဲ့ပြီ မိုးသောက် ..။ ကိုယ်တိုင်မေ့ထားတဲ့အရိပ်က သူမနဲ့ ညီအစ်မ အရင်းလို ခင်မင်ရင်းနှီးတဲ့ ကြာဖြူညို တောင် မသိခဲ့။

အခုတော့ ကိုယ့်အဆိပ်က ကိုယ့်ကို ပြန်ပြီး အစွမ်းပြနေပြီ မိုး သောက် ..။ မင်းရင်နှင့်သံတွေကို ငါ ဘာလို့ တလေးတစား ရှိနေ ရတာလဲ ..၊ မင်းမျက်နှာ ညှိုးနေမှာ ငါ ဘာလို့ အလေးထားနေရ တာလဲ ..၊ ဒီအကြောင်းပြချက်နဲ့ ဝင်လာမယ့် မင်းရဲ့လမ်းကို ငါ ဘာလို့ စောင့်စားမိရတာလဲ ချစ်သူ ..။

နဂိုကတည်းက တားဆီးလို့ ရနေ၊ ပိတ်ပင်လို့ရနေတဲ့ လမ်း ကြောင်းကို ငါ ဘာလို့ သဘောထားကြီးကြီးနဲ့ လမ်းဖွင့်ပေးရတာလဲ မိုးသောက် ..။

နောက်တီးနောက်တောက်နဲ့ ငါ့နှလုံးသားကို ကလေးတစ် ယောက်လို ယောင်ချာချာ လှည့်ဖြားသွားတာ ငါ ညံ့လို့လား ကောင် လေး ..။ တကယ်တော့ မင်းအပေါ် ငါကိုယ်တိုင်က တိမ်းညွတ်မိ တာပါကွာ ..။



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ဆရာမ၊ ကျွန်တော့်ကို ချစ်ရင် ပြန်ရယ်ပြ .."

"မိုးသောက် .."

သူမက မထင်မှတ်ဘဲ သူမ ရှေ့ကို ကလေးတွေလို လက်ပိုက်ပြီး ရောက်လာတဲ့ မိုးသောက် ကို ယောင်ပြီးရယ်ပြမိပြီးမှ မိုးသောက် နှုတ်ဆက်လိုက်တဲ့စကားကြောင့် မိုးသောက် လက်မောင်းကို ရက်ကိုးရက်ကန်းနဲ့ ထုမိပါသည်။

"ဟော .. ဟဲ .. ဟဲ ..."

"မိုးသောက် နော် .."

"ဟောဗျာ .. ဘာဆက်ပြောသေးလို့လဲ"

သူမ က နှုတ်ခမ်းကိုက်ပြတော့ မိုးသောက် က သဘောကျစွာ ရယ်သည်။

"အိမ်စွန်း ဆေးရုံကဆင်းပြီထင်လို့ လွဲမှာစိုးလို့ အမြန်ပြေးလိုက်လာတာ .. မောလိုက်တာဗျာ"





"ဪ .. ရှင့်ကို ဘယ်သူက ကြိုနိုင်းလို့လဲ"

"ဒီကလေ .."

မိုးသောက် သူ့ရင်ဘတ် ဘယ်ဘက်နေရာကို ပုတ်ပြသည်။

"သူက ဒုတ်ဒုတ် ဒုတ်ဒုတ်နဲ့ အချက်ပေးတော့လဲ .. ဟဲ. ဟဲ."

ဘယ်တော့မှ မျက်နှာပိုး မသေ။ သူတို့နှစ်ယောက် ရယ်စရာ မောစရာ အပြုံးတွေကိုယ်စီနဲ့ လျှောက်လာတာကို မင်းထွန်း ကားပေါ်က ကြည့်နေပါသည်။

တော်ရုံတန်ရုံ ရင်းနှီးမှုမျိုးမဟုတ်မှန်း မင်းထွန်း ရိပ်မိပါသည်။ ဘာဖြစ်လို့လဲဆိုတော့ အမူအရာနဲ့ မျက်လုံးတွေက လိမ်ညာလို့မှ မရတာကို။ မင်းထွန်း ကားကို ညင်သာစွာ သူမတို့ဘေးကို ကပ်ရပ်တော့ အိမ်စွန်း အမှတ်မထင် ကြည့်မိပြီး ...

"ဟယ် .. ကိုမင်း .."

မင်းထွန်း မိုးသောက် ကို မကြည့်မိအောင် သတိထားသည်။

"အိမ်ပြန်မှာလား အိမ်စွန်း၊ ဒါဆို လိုက်ခဲ့လေ"

အိမ်စွန်း အပြောရခက်နေပါသည်။ ပြီးတော့ မိုးသောက် ကို အားနာဟန်နဲ့ ကြည့်မိတော့ ...

"ဪ .. အဆင်သင့်နေတာပဲ၊ ပြန်လေ အိမ်စွန်း .. ဒါဆို ကျွန်တော်လဲ ဒီနားကသူငယ်ချင်းဆီ ဝင်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ကျွန်မ သွားတော့မယ် မိုးသောက်"

အိမ်စွန်း နောက်ခန်းတံခါးဖွင့်ကာ ဝင်တိုင်တော့ မင်းထွန်း နောက်ကြည့်မှန်မှ အိမ်စွန်း ကို ကြည့်မိသည်။ အိမ်စွန်း သိပေမယ့် မသိချင်ယောင်ဆောင်နေပါသည်။ ကားမောင်းထွက်လာတော့ မင်းထွန်း က မေးသည်။

"သူက ဆရာဝန်လား အိမ်စွန်း .."

အိမ်စွန်း အပြင်ကို မျက်နှာလွှဲရင်း ...

"မဟုတ်ပါဘူး၊ ကျွန်မရဲ့ အသိမိတ်ဆွေပါ"

အိမ်စွန်း ရဲ့ မတင်မကျစကားကြောင့် မင်းထွန်း သက်ပြင်းချရင်း ဆက်မမေးတော့ပါ။ အိမ်စွန်း တို့ခြံထဲဝင်တော့ အိမ်စွန်း က ကားပေါ်က ဆင်းပြီး ...

"အိမ်ထဲဝင်ဦးလေ ကိုမင်း။ တစ်ခုခုသောက်ပြီးမှ ပြန်ပေါ့"

မင်းထွန်း က အိမ်စွန်း ကို မော့ကြည့်ကာ ပြုံးပြရင်း ...

"မသောက်တော့ဘူး အိမ်စွန်း။ ကိုမင်း အလုပ်ကိစ္စတစ်ခု ရှိနေလို့ .."

အိမ်စွန်း မေမေက မင်းထွန်း လိုက်ပို့တာ တွေ့မိတာကြောင့် ကျေနပ်အပြုံးနဲ့ အိမ်ပေါ်က ဆင်းလာရင်း ...

"မောင်မင်းထွန်း .. အိမ်ထဲဝင်လေကွယ်"





"မဝင်တော့ပါဘူး အန်တီ၊ နောက်မှပဲ .."

"အေး အေး .. မင်းမာမီလဲ အန်တီ မှာနေတယ်၊ အလည်လာပါဦးလို့ .."

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ပြန်ပါဦးမယ် ခင်ဗျာ၊ အိမ်စွန်း.. သွားပြီနော်"

မင်းထွန်း နှုတ်ဆက်ကာ ကားမောင်းထွက်သွားတော့ အိမ်စွန်း မေမေက ...

"မောင်မင်းထွန်း နဲ့ ဘယ်မှာတွေ့တာလဲ သမီး .."

"ကားဂိတ်မှာ မေမေ။ သမီး အဝတ်အစား လဲလိုက်ဦးမယ်နော်"

"အေး အေး .. ချက်ချင်းကြီး ရေမချိုးနဲ့ဦး သမီး၊ ခဏနားပြီးမှ ချိုး.."

"ဟုတ်ကဲ့ မေမေ .."

စကားကို အမြန်ဖြတ်ပြီး အိမ်စွန်း အိမ်ထဲ ဝင်လာခဲ့ပါသည်။ ဆက်နေရင် မင်းထွန်း နဲ့ကိစ္စ ရှည်လျားထွေပြားစွာ မေမေ ပြောတော့မှာ သူမ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ အမှန်တွေပဲလား အိမ်စွန်း"

သူမ ကိုယ့်နှုတ်ခမ်း ကိုယ်ကိုက်ရင်း ကြာဖြူ ကို ခေါင်းညိတ်ပြမိသည်။

"နင်နဲ့ငါ ဒီလောက်တွဲနေတာ ငါတောင် မသိရပါလား အိမ်စွန်းရယ် .."

"နင် သတိထားမိမှာပါ၊ ငါ့ဆီ တစ်ခါတစ်ခါ ရောက်ရောက်လာတဲ့ ကိုမင်းထွန်း လေ၊ မြို့ထဲမှာ ကျောက်မျက်ကုမ္ပဏီတစ်ခု ဖွင့်ထားတယ်လေဟာ ..."

"သြော် ... သိပြီ၊ ငါတောင် နင့်အစ်ကိုလား မေးတော့ နင် မဖြေဘူးလေ .. ရယ်နေတာပဲ"





သူမက ဆေးရုံအပြင်ဘက်ဝရံတာကနေ အောက်ဘက်လမ်းမပေါ်က သွားလာနေသူတွေကို ငေးကြည့်ရင်း ...

"အချစ်ဆိုတာကို မသိခင်တော့ ငါ လွယ်လွယ်ပဲ ဖေဖေသဘောတူတဲ့ ကိုမင်းထွန်း ကို ခေါင်းညိတ်မိခဲ့တယ်လေ၊ ဒီလိုဖြစ်မလာဘူး ထင်ခဲ့တယ်"

ကြာဖြူ က ဝရံတာကို ကျောမှီရင်း သူမကို လက်ပိုက်ကြည့်ကာ...

"ဒီကိစ္စတွေ မိုးသောက် သိလား"

"ဟင့်အင်း .. သူ မသိလောက်ဘူး ထင်တယ်"

"သူ သိရင် ဘာဖြစ်မလဲ"

"ငါလဲ မစဉ်းစားတတ်ဘူး .. ဘာတွေဆက်ဖြစ်လာမလဲဆိုတာ ငါကိုယ်တိုင် မတွေးရဲဘူး ကြာဖြူ"

ကြာဖြူ က သူမကိုကြည့်ပြီး စိတ်မကောင်းဟန် ရှိသည်။

"နင့်အပေါ် မိုးသောက် တော်တော်ချစ်တာ ငါ သိပါတယ်ဟယ်..၊ သူ့မှာ နင့်ကို စနေ နောက်နေပေမယ့် သူ့မျက်လုံးတွေထဲက အချစ်တွေက တည်တည်တံ့တံ့နဲ့ အင်အားကြီးတာ တွေ့နေရတယ် အိမ်စွန်း"

သူမ မျက်ရည်ဝဲစပြုနေတာ ကြာဖြူ မြင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငိုတော့ မငိုလိုက်ပါနဲ့ဟာယ်၊ နင်တို့ကံကြမ္မာက တစ်စုံတစ်ခု တော့ ပြောင်းလဲလာမှာပါ။ ကံကြမ္မာဆိုတာ ဒီတိုင်းမနေပါဘူး"

"ငါ ဒီအကြောင်းတွေ သူ့ကိုပြောဖို့ ကြိုးစားတိုင်း ပြောမထွက်ဘူး ကြာဖြူ၊ သူ ငါ့အနားက ထွက်သွားမှာ ငါ ကြောက်နေတယ် ကြာဖြူ"

"မမ .. အန်တီထက် ခေါ်နေပါတယ်"

သူနာပြုဆရာမလေးက သူမကို ဖြတ်သွားဖြတ်လာရင်း လှမ်းပြောသည်။

"ဟဲ့ .. နင့်အဒေါ် ခေါ်နေတယ်တဲ့ .. သွားလိုက်ဦး။ ငါ ဝပ်ဒ်ထဲက စောင့်နေမယ်"

"အေး .."

ဒေါ်လေးရုံးခန်းကိုရောက်တော့ ဒေါ်လေးက ဖိုင်တွဲတစ်ခုကို ရေးမှတ်နေရာမှ ...

"ဪ ... သမီး .. လာ .."

"ဒေါ်လေး ခေါ်တယ်ဆိုလို့"

ဒေါ်လေးက မျက်မှန်ကိုချွတ်ကာ စားပွဲပေါ် တင်ရင်း ...

"အလုပ်ကိစ္စတော့ မဟုတ်ပါဘူး သမီးရယ် .. လူမှုရေးကိစ္စလေးပေါ့"





"ရှင်!..."

"ဟုတ်တယ် သမီး .. မနေ့က မမ အိမ်ရောက်လာတယ် သမီး"

"ဘယ်လို .. မေမေ ဒေါ်လေးဆီ လာတယ်"

"အင်း .. သမီးနဲ့ မောင်မိုးသောက် အကြောင်းကို ပြောသွားတယ်၊ အဓိကကတော့ သမီးနဲ့ မောင်မင်းထွန်း နဲ့ မကြာခင် ကျင်းပမယ့် စေ့စပ်ပွဲကို အနေသင့်အယှက်ကင်းကင်းနဲ့ ကျင်းပချင်တယ်တဲ့"

သူမ ဘာတစ်ခုမှ ထပ်ပြောခွင့်မရှိအောင် ခွန်အားနည်းစေခဲ့သည်။

"ဘယ်သူမပြု မိမိမှုပဲ သမီး။ သမီးကိုယ်တိုင် ကျေကျေနပ်နပ် ရွေးချယ်ထားတဲ့လမ်းကို သမီး ဖျက်လို့မရဘူး သမီး။ သိက္ခာတရားဆိုတာကို သမီး နားလည်မှာပါ။ ဒါပဲ ဒေါ်လေး ပြောချင်တယ်၊ သွားသွား ... သမီး။ အလုပ်တွေလုပ်ပြီး နှလုံးသားဆိုတာကို မေ့ပစ်လိုက်ပါကွယ်"

ဒေါ်လေးရုံးခန်းက ထွက်လာတော့ ကျွန်မ မျက်ရည်မကျမိအောင် ထိန်းထားရပါတယ်။

ကြာဖြူ က ကျွန်မမျက်နှာကို ကြည့်ပြီး ...

"ဘာတွေပြောလဲ အိမ်စွန်း"

သူမ မျက်ရည်ဝဲတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"နှင်မငိုနဲ့ အိမ်စွန်း .. လူတွေက အများကြီး၊ လာ .. လာ .. ကဲန့်တင်း သွားရအောင်၊ အဲဒီကျမှ ငါ့ကို လွတ်လွတ်လပ်လပ် ပြောပြ၊ ဒါမှ နှင် စိတ်ပေါ့သွားမှာ"

ခေါင်းကိုင့် မျက်နှာကို ဆံပင်တွေနဲ့ဖွက်ရင်း ကိုယ့်ဝမ်းနည်းမှုကို ကိုယ်သိမ်းဖွက်ကာ ကြာဖြူ ဆွဲခေါ်ရာနောက်ကို လိုက်ခဲ့မိပါတယ်။









အချစ်ရဲ့ အပြစ်ပေးတဲ့ဒဏ်က ..
သိပ်ပြင်းထန်ပါလား ..
ငါ ကြားဖူးတဲ့ အချစ်ဆိုတဲ့အရာ
တစ်စတွေမှာပါ ..
ထိတွေ့မိတဲ့ ချစ်ခြင်းမေတ္တာက
အခိုင်းအခိုင်းခံနေပါရဲ့ . . .





www.burmeseclassic.com

www.burmeseclassic.com



"အိမ်စွန်း .. အချိန်ရပါတယ်နော်"

"ရပါတယ် .. ဂျူတီပြီးပြီလေ"

ကိုမင်းထွန်း က လက်ဖက်ရည်ခွက်ကို ဇွန်းနဲ့ မွှေနေဝက် နေရာမှ ...

"ကိုယ်လဲ လေယာဉ်ကွင်းကနေ ညှိသည်ပို့ပြီးပြီးချင်း ထွက်လာတာ"

"ကိုမင်း .. ကိစ္စရှိလို့လား"

ကျွန်မရဲ့စကားကြောင့် ကိုမင်းထွန်း က အံ့ဩဟန် မျက်ခုံးမြင့်သည်။ တစ်အောင့်ကြာတော့ ရယ်မောပြရင်း ...

"ကိစ္စရှိမှ လာရမှာလား အိမ်စွန်း ရယ် .."

စကားဆုံးတော့ ကိုမင်းက ကျွန်မကို စိုက်ကြည့်တာကြောင့် ကျွန်မ မျက်လွှာချမိပါသည်။





"ကိုယ် အရှိုးသားဆုံးပြောရရင် ကိုယ် အိမ်စွန်း ရဲ့သတင်းတွေ ကြားမိပါတယ်"

သူမ အလန့်တကြား ကိုမင်း ကို မော့ကြည့်မိပါသည်။ ကိုမင်းက လည်ပင်းအစေ့တပ်ထားတဲ့ အင်္ကျီကော်လံကို ကြယ်သီးတစ်လုံး ဖြုတ်ပြီး ကားလမ်းမကို လှမ်းကြည့်ကာ သက်ပြင်းချသည်။

"ကိုမင်း အလုပ်တွေ သိပ်များနေတဲ့အချိန်မှာ အိမ်စွန်း နဲ့ ဝေးသလိုဖြစ်သွားတာ အားနည်းချက်တစ်ခုမှန်း ကိုယ်လဲ သိပါတယ်"

မဟုတ်ဘူးလို့ ကျွန်မရင်ထဲမှာ ငြင်းနေမိသည်။ ဒါဟာ အကြောင်းပြချက်မရှိတဲ့ သဘာဝမှုတစ်ခုလို့ ကိုမင်း ထင်နေပုံရသည်။

"ကိုမင်း အမှန်အတိုင်းဝန်ခံရရင် အိမ်စွန်း ကို လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူး။ အိမ်စွန်း ဘယ်လိုပဲ အမှားလုပ်ခဲ့ ကိုမင်း ခွင့်လွှတ်တယ်"

"ကိုမင်း .."

သူမ အသံ မာကျောသွားတာလား .. တုန်ရီခြင်းလား။ တစ်ခုခုတော့ လွဲမှားနေတာ သေချာသည်။ ကိုမင်း လည်း သူမရဲ့ လေယူလေသိမ်းကြောင့် မော့ကြည့်သည်။

"ကျွန်မ အမှားလုပ်ခဲ့မိတယ်လို့ ကိုမင်း ပြောချင်တာလား"

"ဟို .. အဲဒီသဘော မဟုတ်ဘူး။ ဆောရီး .."

"ဆောရီး .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ကိုမင်း ရဲ့စကားအတိုင်း လိုက်ရွတ်ရင်း နှုတ်ခမ်းတစ်ချက်မဲ့မိသည်။

"ဆောရီးလို့ တစ်ခွန်းပြောရုံနဲ့ စော်ကားမိတဲ့စကားက ကျေပျက်သွားရောလား ကိုမင်း။ အိမ်စွန်း တစ်ခု မေးပါရစေ၊ လွတ်လပ်ခွင့်ရှိနေဆဲ မိန်းကလေးတစ်ယောက်ဘေးမှာ ဘယ်ယောကျ်ားလေးမှ ကပ်ခွင့်မရှိဘူးဆိုတဲ့ ဥပဒေ ဘယ်သူချမှတ်ထားသလဲ၊ ဒါဟာ သိက္ခာ တရားလား .. ဒါဟာ ကျင့်ဝတ်တစ်ခုလား .."

ကိုမင်း အို့တို့အမ်းတမ်း ဖြစ်သွားပုံရပါသည်။

"အိမ်စွန်း စိတ်ထဲမှာ ဘယ်လိုဖြစ်နေနေ တစ်ချိန်မှာ ကိုမင်းနဲ့ လက်ထပ်ရမယ့်မိန်းကလေးတစ်ယောက်ဆိုတာ အမြဲ စိတ်သွင်းထားပါတယ်၊ ဒါဟာ တာဝန်တစ်ခုလိုဖြစ်နေရင်လဲ ကျွန်မ မတတ်နိုင်ဘူး၊ ပြီးတော့ ကျွန်မနဲ့အဲဒီလူဟာ ပလူးပလဲ လူမြင်မကောင်းအောင်နေနေကြတာလည်း မဟုတ်သလို ချစ်သူရည်းစားတစ်ယောက်လိုလဲ ဆက်ဆံမှု မရှိခဲ့ဘူး"

ကျွန်မရဲ့ မာကျောလာတဲ့ အသံကြောင့် ကိုမင်း မျက်နှာပျက်ပျက်နဲ့ ...

"ကိုယ် တကယ့်ကို အနူးအညွတ် တောင်းပန်ပါတယ် အိမ်စွန်း။ ကိုယ် လက်လွတ်စပယ်ပြောမိတဲ့ စကားအတွက် တကယ့်ကို





တောင်းပန်တာပါ။ ကိုယ် အိမ်စွန်း ကို ယုံပါတယ်"

ကိုမင်း က ပျာပျာသလဲ တောင်းပန်တော့ အိမ်စွန်း စိတ်လျော့မိပါတယ်။ ကိုယ့်ရဲ့သိက္ခာအတွက်၊ နောက်ပြီး မိုးသောက် ရဲ့သိက္ခာအတွက် သူမ တိုက်ပွဲဝင်မိတာသက်သက်ပါ။

"ပြန်ကြစို့ ကိုမင်း"

ကိုမင်းက ကျသင့်ငွေကိုရှင်းပြီး ကျွန်မနဲ့အတူ ဆိုင်ထဲကထွက်လာရင်း လှေကားတစ်ထစ်ကို အဆင်း ...

"အမေ့!..."

"ဟာ!... ချော်လဲမယ် အိမ်စွန်း .. ဖြည်းဖြည်းဆင်း"

ကိုမင်း လက်မောင်းကို သူမ လှမ်းကိုင်မိရင်း လှေကားအတိုင်းဆင်းလာတော့ ...

"ဟင်!..."

သူမရဲ့အံ့သြမှုကို ကိုမင်း က မသိ ..၊ ဆိုင်ရဲ့အခြားတစ်ဖက်ကားလမ်းပလက်ဖောင်းပေါ်ကနေ ကျွန်မတို့ကို ငေးကြည့်နေတဲ့ မိုးသောက် ..။

"သွားမယ်လေ .. အိမ်စွန်း"

ကိုမင်း က သတိပေးရင်း ကားတံခါးဖွင့်ပေးတော့ ကျွန်မ စိတ်လျှော့ကာ ကားပေါ်တက်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းလာစဉ်တစ်လျှောက် ငြိမ်သက်နေတဲ့ သူမရဲ့ ဟန်ပန်ကို ကိုမင်း က သတိထားမိပုံရသည်။

"စိတ်ဆိုးမပြေသေးဘူးလား အိမ်ရှင်မ ရယ် .."

"မဟုတ်ပါဘူး ကိုမင်း။ ကျွန်မ အလုပ်နည်းနည်းပင်ပန်းလို့ စိတ်မကြည် ဖြစ်နေတာပါ"

ကိုမင်း က စကားထပ်မဆိုဘဲ အလိုက်တသိ ကားကို မောင်းလာခဲ့ပါတယ်။

ကားကတော့ တရိပ်ရိပ် ရှေ့ကို တရွေ့ရွေ့ သွားနေပါတယ်။ ကျွန်မရဲ့ စိတ်တွေက ခုနဆိုင်လေးရဲ့ ရှေ့နားမှာ ကျန်ခဲ့ပါပြီ။





"မိုးသောက် .. ဘယ်မှာရှိလဲ ကိုအဂ်လန် .."

"ရှိမယ် .. ဒီအချိန်ဆိုရင် ဒီကောင် အိမ်မှာရှိလောက်တယ်၊ ကျွန်တော် ခေါ်ပေးရမလား မအီစွတ် .. အဲ .. ဆောရီး"

ကျွန်မက ပြုံးရင်း ...

"ရပါတယ် .. ကြိုက်သလိုသာခေါ် ကိုအဂ်လန်"

"ခဏစောင့်ဗျာ .. ကျွန်တော် သွားခေါ် လိုက်မယ်"

ကျွန်မက အဂ်လန် အိမ်မှာ ကျန်နေရစ်ခဲ့ပြီး ကော်ဖီနဲ့မုန့် ယူလာပေးတဲ့ အဂ်လန်မိခင်နဲ့ စကားပြောမိကြပါတယ်။

"သမီးရေ .. ဒီကောင်တွေအုပ်စုကတော့ ဗရုတ်နော် .. သတိထား ပေါင်း"

"ဗရုတ်သုတ်ခဆိုပေမယ့် သူတို့အားလုံးက စိတ်ရင်းကောင်းကြပါတယ် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန့်မီခင်က သူမ တာဝန်ကျတဲ့ဆေးရုံရဲ့အမည်ကို မေးတော့ သူမက ပြောပြမိပါတယ်။ ရောက်တတ်ရာရာ စကားတွေဆိုနေကြရင်း ခဏနေတော့ အင်္ဂလန် နဲ့အတူ မိုးသောက် ရောက်လာပါတယ်။

"အရေးတကြီးကိစ္စရှိလို့လား အိမ်စွန်း"

မိုးသောက် က သူမဘေးမှာ ဝင်ထိုင်ရင်း မေးတော့ ...

"သိပ်အရေးတကြီးကိစ္စ မရှိပါဘူး။ မိုးသောက် တို့ဆီ မလာတာကြာလို့"

ကျွန်မစကားကြောင့် မိုးသောက် က မျက်နှာအထားရခက်ဟန်ရှိပါသည်။

"ဟိုလေ .."

အပြောရခက်နေဟန်နဲ့ ဒီကောင်လေးက ခေါင်းကိုကုပ်နေရင်း စဉ်းစားနေပုံရတာကြောင့် ...

"ကျွန်မကို ရယ်စရာတွေ မပြောတော့ဘူးလား"

သူမ အသံတုန်ခါသွားတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။ မိုးသောက် တစ်ခါမှမမြင်ဖူးသူတစ်ယောက်လို ကျွန်မကို ကြည့်နေပါတယ်။ အင်္ဂလန်က သက်ပြင်းချရင်း ကျွန်မတို့အနားက ထွက်သွားပါတယ်။ ကျွန်မကိုယ်ကျွန်မ ထိန်းချုပ်မှုတွေကြားက လွတ်မြောက်





ချင်နေတာ အမှန်။

"တို့ဝေဒနာကို ကုသပေးမယ့် ဆရာဝန်ဟာ မင်းပဲ မိုးသောက်"

ကျွန်မ မျက်ရည်ရစ်ဝဲလုနီးနီး ..၊ မိုးသောက်က ဆတ်ခနဲ ဖြစ်သွားရင်း အပြုံးတစ်ခုကို ချက်ချင်းပြင်ဆင်ကာ ..

"ကဲ .. ဒါတွေ မေ့ထားလိုက်၊ ဘာဖိစီးမှုမှ အိမ်စွန်း ရင်ထဲတံဆိပ်မကပ်နဲ့၊ ဖိစီးမှုဆိုတာ ဖိနပ်လိုပဲ ဖိပြီးစီးရတာလေ"

ကျွန်မ သူ့စကားကြောင့် သဘောကျရယ်ရင်း ...

"ရှင်ဟာလေ .."

"ဟာလေ ဆိုတာ ရပ်ကွက်ထဲက ကျွန်တော့်သူငယ်ချင်း။ ရှင်ဟာလေ ဆိုတော့ သူ့ညီမ ဖြစ်မယ်"

ကျွန်မ သူနဲ့အတူရှိနေရတာကို နှစ်သက်မိမှန်း ကျွန်မကိုယ်တိုင် အသိပါ။

"ကဲ .. မုန့်တစ်ခုခု သွားစားရအောင် .. ထ"

မိုးသောက် က သူမလက်မောင်းကို အတင်းဆွဲထူထတော့..

"ဘယ်လိုဖြစ်ရတာတုန်း"

"မိုက် တအားဆာနေပြီ၊ ညက အိပ်ရေးပျက်တာ၊ ခုနကမှ ပို့တာ၊ နိုးနိုးချင်း အင်္ဂလန် ရောက်လာတာလေ၊ ထကွာ .."

ကျွန်မကို ပိုင်စိုးပိုင်နင်း ပြောနေတဲ့ ဒီကောင်လေးစကားကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နာခံချင်တာ အမှန်ပါပဲ။ အင်္ဂလန် ကိုခေါ် တော့ အင်္ဂလန် က နောက်မှ လိုက်ခဲ့မယ်လို့ပြောတာကြောင့် နှစ်ယောက်အတူ ထွက်ခဲ့ပါတယ်။

"တွဲစပ်မှုဆိုတာ ဘယ်လိုမြင်လဲ"

ကောက်ခါငင်ခါ မေးလာတဲ့ မိုးသောက် စကားကြောင့် ကျွန်မ မျက်စုံး မြင့်တက်ရပါတယ်။

"ဘယ်လို .. ဘယ်လို"

"ဒီလိုဗျာ .. လောကမှာ တွဲစပ်မှုတွေ ရှိတယ်၊ မတွဲစပ်သင့်တဲ့ အရာတွေ ရှိတယ်၊ ဥပမာဗျာ .. အမေရိကန်နဲ့ရုရှား၊ အိန္ဒိယနဲ့ ပါကစ္စတန်၊ နောက် ကိန်းဂဏန်းတွေထဲမှာဆိုရင် သုံးနဲ့လေး၊ ခံစားမှုတွေထဲ မှာဆိုရင် အချစ်နဲ့အမုန်း"

"ရှင်နဲ့ ကျွန်မ ဆိုရင်ရော .."

အိမ်စွန်းက ပြုံးစိစိနဲ့ ညစ်ကျယ်ကျယ်မေးတာကြောင့် သူက...

"ခင်ဗျား သဘောပါ၊ ဒီနေရာမှာ နေခဲ့ဆိုလဲ ကျွန်တော် နေရမှာ ပေါ့၊ ကျွန်မအနားမှာ ရှင် ရှိနေပါဆိုရင်လဲ ကျွန်တော် နေပေးပါ့မယ်"

သူမ ခေါင်းငုံ့သွားပါတယ်။ တိတ်ဆိတ်နေခြင်းဟာ စကားတွေ အများကြီး ပြောနေတာဖြစ်တယ်လို့ တစ်ယောက်ယောက်က ပြော ဖူးတဲ့စကားတစ်ခွန်းကို ကျွန်တော် သတိရမိပါသည်။

"ကျွန်မကိုယ်တိုင်တောင် ကျွန်မ ရင်ထဲမှာ ဘာတွေရှိနေလဲ ..





ဘာတွေဖြစ်နေလဲ .. ကျွန်မ မသိဘူး၊ အင်းလေ .. တစ်ချိန်ချိန်မှာ အဖြေတစ်ခုခုကို နာရီတွေကပဲ ဆုံးဖြတ်ပေးသွားမယ် ထင်ပါရဲ့"

စကားကိုအဆုံးသတ်ကာ သတ်မှတ်ထားရာဆိုင်ထဲ ဝင်မိသည်။ တစ်အောင့်ကြာတော့ အင်္ဂလန် ရောက်လာပါတယ်။ အင်္ဂလန် နဲ့ စကားပြောဆို ရယ်မောကြရင်း ...

"မင်း အီစွတ် ကို လိုက်ပို့မှာလား"

အိမ်စွန်း က ကျွန်တော့်ကို ဘယ်လိုသဘောလဲ ပုံစံနဲ့ မေးဆတ် ပြသည်။

"အင်း .. ငါ လိုက်ပို့လိုက်မယ်၊ ပြီးရင် ဟိုနှစ်ကောင် ဝင်ခေါ်ပြီး မင်းဆီ လာခဲ့မယ်"

"သွားဦးမယ် ကိုအင်္ဂလန်"

"ဟုတ်ကဲ့ .. နောက်လဲ လာခဲ့လေ"

"သွားပြီ .."

သူမက အင်္ဂလန် ကို နှုတ်ဆက်ကာ ဆိုင်ထဲက ကျွန်တော်နဲ့ အတူထွက်လာပါတယ်။ သူမကို ပို့ရမယ့် ကားမှတ်တိုင်က ကျွန်တော် တို့ လမ်းကနေ ဖောက်ထွက်ရမှာမို့ ကျွန်တော်တို့လမ်းကို ရှိုးလျှောက် လိုက်ကြပါတယ်။

"ဟိုရှေ့က ဆူဆူညံညံနဲ့ ရန်ဖြစ်နေကြတာ ထင်တာယ်[?]"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် .. ခဏလေး၊ ယောက်ျားပီပီ စပ်စုလိုက်ဦးမယ်"

ကျွန်တော့်စကားကြောင့် သူမက ရယ်သည်။ ကျွန်တော်နဲ့ သူမ ရန်ပွဲအနီးကို ချဉ်းကပ်လာတော့ ...

"ဟာ!... လမ်းလယ်ခေါင်မှာ ဂုဏ်သိက္ခာရှိရှိ ရန်ဖြစ်နေတာ ကျွန်တော့်အဖေပဲ၊ မှန်းစမ်း .. ကေ့နဲ့ အဖေနဲ့ရန်ဖြစ်နေတာ မဟုတ်မှ လွဲရော ဦးညဏ်မြင့် ပဲ ဖြစ်မယ်၊ အံမယ် . သူ့သမီး စန္ဒာညဏ်မြင့် တောင် ပါလာပါလား၊ အီစွတ် တော့ ပွဲကြီးပွဲကောင်း တိုးပြီ"

"ဘာဖြစ်လို့လဲ .."

ကျွန်တော့်စကားကို သူမက မျက်လုံးဝိုင်းဝိုင်းနဲ့ နားမလည်ဟန် မေးသည်။

"အဖေနဲ့ ကျောင်းတော်ကတည်းက ရန်စရှိခဲ့တဲ့လူကြီးဗျာ၊ ကျွန်တော်လဲ နှုတ်ခမ်းတစ်လန် ပန်းတစ်လန် မိန်းမတွေလို ရန်ဖြစ်ကြည့် ချင်နေတာ ကြာပြီ"

မိုးသောက် စကားကြောင့် ရယ်လည်းရယ်ချင်၊ စိတ်လည်း ညစ် မိရပါတယ်။

ရပ်ကွက်ထဲကလူတွေက အဖေနဲ့ ဦးညဏ်မြင့် ရဲ့ ရန်ပွဲကို ပရိုး မီးယားလိဂ် ဘောလုံးပွဲတစ်ပွဲလို အုံနဲ့ကျင်းနဲ့ အားပေးနေကြပါတယ်။

"ဟေ့ကောင် ညဏ်မြင့်"





"ဘာလဲ"

"ငါ့ ခေါ်တိုင်း ထူးရအောင် မင်းက ခွေးလား"

ပရိသတ်တွေ ရယ်ကြပါတယ်။ ဒီကြားထဲ စန္ဒာညဏ်မြင့် က သူ့အဖေလက်မောင်းကို လှုပ်ပြီး ...

"ဖေဖေ .. ဖေဖေ့ကို ခွေး တဲ့ .."

စန္ဒာညဏ်မြင့် စကားကြောင့် ရယ်ကုန်ကြပါတော့တယ်။

"ဟာ!... နင်က တမှောင့်၊ ဒီမှာ မိုးနိုင် .."

"မထူးဘူး"

ကျွန်တော့်အဖေက လည်တော့ ဦးညဏ်မြင့် က ...

"ဟေ့ကောင် လူလည်မကျနဲ့ ထူးကွာ .."

"မထူးဘူး။ ထူးရအောင် အရှုံးမှ မဟုတ်ဘဲ"

အဖေ့ရဲ့ ပြန်ပြောတဲ့စကားကြောင့် ဦးညဏ်မြင့် စိတ်အတော် တိုသွားပုံရကာ ...

"ဟေ့ကောင် ... ထူးထူး မထူးထူး မင်းလဲ ခွေး ပဲ"

တကယ့်မတည့်အတူနေဆိုတာ မှန်ပါသည်။ အမှန်တော့ ကျွန် တော့်အဖေနဲ့ ဦးညဏ်မြင့် က တရုတ်သိုင်းကားတွေထဲကလို ကြီး ကြီးမားမား ရန်ငြိုးရန်စလည်း မရှိပါ။ သို့သော် တစ်ယောက်နဲ့ တစ် ယောက် အတင်စီးမခံကြခြင်း။ (ငယ်ငယ်တုန်းကတော့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျော တစ်ယောက် ပိုးစီးဖူးကြမှာပါ။)

ပြန်တွေးကြည့်မိရင် အငြိမ်းစားယူပြီးတဲ့နောက်မှာ အလုပ်မရှိ အကိုင်မရှိလို့ ဒီရန်ဖြစ်ရတာကို အလုပ်သဘောနဲ့ ဖိဖိစီးစီး လုပ်ဆောင်နေကြခြင်းပါ။

"ဖေဖေရာ .. ဒီလူကြီးနဲ့ ရန်ဖြစ်မနေစမ်းပါနဲ့၊ နဖူးက ပြောင်ပြောင်နဲ့ ယောက်ျားဖြစ်ပြီး မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး မရှိတဲ့လူကြီးကို .."

စန္ဒာညဏ်မြင့် စကားကြောင့် ကျွန်တော့်အဖေ အတော် ဒေါသထွက်သွားပါတယ်။ ကျွန်တော်လည်း ရယ်ချင်သလို ကျွန်တော့်ဘေးက အိမ်စွန်း က မျက်နှာကို ဆံပင်တွေနဲ့ ဖွက်ပြီး ရယ်နေပါသည်။

"အံမယ် .. မယ်ကုဝဏ်မျက်နှာကို အိုးမဲသုတ်ထားတဲ့ဟာမလေးကများ .."

"ဖေဖေ .. သမီးကို အမွေးမရှိတဲ့လူကြီးက ပြောနေပြီ"

စန္ဒာညဏ်မြင့် က ဆွေ့ဆွေ့ခုန် နာကျင်သွားပုံနဲ့ အခုလိုတိုင်တဲ့အခါ ဦးညာဏ်မြင့် က ...

"ဟေ့ကောင် .. မိုးနိုင်"

"မထူးဘူး"

ကျွန်တော့်အဖေစကားကြောင့် ဦးညာဏ်မြင့် ဘာပြောရမှန်း





မသိ ဖြစ်သွားပါတယ်။

"ရတယ် .. အမွေးမရှိတဲ့ကောင်"

"ဟေ့ကောင် .. ကြက်မှာ အရိုး၊ လူမှာ အမွေးကွ၊ ငါ့မှာ အမွေးရှိတယ်"

ဖေဖေ့ရဲ့ယောက်ျားမာနက စန္ဒာညဏ်မြင့် ရော၊ ကျွန်တော့်ကိုရီးယားကုလားမလေးပါ မျက်နှာတွေရဲ့တွတ်ကုန်ကြကာ အရှက်သည်းနေတာကြောင့် ကျွန်တော်က ဖေဖေ့ကို တိုးတိုးကပ်ပြောရပါတယ်။

"ဖေဖေ .. ပြန်ဖြည်ပြော"

"ဟေ .."

ဖေဖေက ချက်ချင်းပင် ...

"အမွေးပေါ်ပါတယ်ကွာ .. ဒီမှာကြည့် ..."

ဖေဖေက လုံချည်မ,လိုက်တာကြောင့် ဦးညာဏ်မြင့် က ...

"ဟေ့ကောင် .. မယုတ်မာနဲ့နော်"

"ဟေ့ကောင် နှာဗူး၊ မင်း တလွဲမတွေးနဲ့ ခြေသလုံးမွေး ပြမလို့ဟား .. ဟား .. ဟား .. ဟား ..."

ဖေဖေ မရယ်ချင့်ရယ်ချင်အသံကြီးက အစ်ရခက်ပါဘိ။ ဦးညာဏ်မြင့် က အောင့်သီးအောင့်သက်နဲ့ တိုက်စစ်ပြောင်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. မင်းလို ကပ်စီးနဲ့ကော်တစ်ရာ မဟုတ်ဘူး"

"ငါ ဘာကပ်စီးနဲ့လို့လဲ"

ဦးညဏ်မြင့် က သူ့သမီးဘက် မေးဆတ်ပြတော့ စန္ဒာညဏ်မြင့် က ပြောရေးဆိုခွင့်ရထားတဲ့ ပုဂ္ဂိုလ်ပုံစံနဲ့ ...

"ဟိုတစ်နေ့က ဦးလေး လမ်းမှာ အဘွားကြီးတစ်ယောက်ကို ပိုက်ဆံလှူပြီး တအောင့်ကြာတော့ ပြန်လာယူတယ်လေ"

ဖေဖေက မျက်လုံးပြူးသွားပြီး သူ့ကို ပြုံးစိစိကြည့်နေကြတဲ့ ပရိသတ်ကို တစ်ချက် ရှုံ့တို့ရှုန်းတန်း ကြည့်ပြီး ...

"အဲဒါ တစ်ထောင်တန်နဲ့ တစ်ရာတန် မှားသွားလို့ပြန်လဲတာကွ၊ ငါ့မှာလဲ ကားခမရှိတော့လို့၊ အဲဒါ ကပ်စီးနဲ့တာ မဟုတ်ဘူး .."

"အဲဒါဆို ဘာလဲ .."

"နှမြောတာ .."

ဖေဖေ့စကားကြောင့် အားလုံးက ဝိုင်းရယ်ကြပါတယ်။ ဖေဖေ က သူတစ်ယောက်ထဲတင် အားမရသေး ကျွန်တော့်ဘက်လှည့်ကာ..

"ဟော့ကောင် .. သားကြီး မိုးသောက်"

ဖေဖေ့လုပ်ပုံကြောင့် ကျွန်တော် အခက်တွေ့မိပါသည်။ ချစ်ရတဲ့ မအီစွတ် ကို ကြည့်တော့ ကျွန်တော့်ကို နှုတ်ခမ်းကွေးပြရင်း ဘာလုပ်မလဲ သဘော ..။





သြော် .. မိုးသောက် တို့ကတော့ အစွမ်းပြခွင့် ကြုံပါပြီ။ လုံချည် ကို မိန်းမလိုလို ယောကျ်ားလိုလို စွန်တောင်ဆွဲပြင်ဝတ်တော့ ကျွန် တော့်အကြောင်းသိနေတဲ့ ရပ်ကွက်ထဲက လူငယ်တွေက ရယ်သည်။

ကျွန်တော်က ဈေးထဲက မိန်းမတွေလို လက်နှစ်ဖက်ကို နောက် ပြန်ခေါက်ရင်း ခါးပေါ် တင်ပြီး ဖင်လေးကိုကော့ကာ ...

"ဟဲ့ .. စန္ဒာညဏ်မြင့်"

"ဘာတုန်း .."

"ဘာမှမတုံးဘူး၊ ငါတို့အမျိုးက ချွန်ပြီးသား .. ညဏ်ရည်"

ကျွန်တော့်စကားကြောင့် ဖေဖေက လက်ခေါက်မှုတ်တော့ ဦးညဏ်မြင့် တို့သားအဖ တက်ခေါက်သူ ခေါက်ပါတယ်။

"ငါတို့က ကပ်စီးမနည်းဘူးဟေ့၊ မနေ့က ငါ့အဖေ လက်ဖက် ရည်ဖိုးဆိုပြီး တစ်ထောင်တန် နှစ်ပိသသာ ပေးလိုက်တာ၊ မကုန်လို့ ဆိုပြီး အိမ်ရောက်တော့ ရိုက်လိုက်တာ အရိုးရာကို ထပ်နေတာပဲ၊ မယုံရင် နင် ဖင်လှန် ကြည့် .."

"ဟော့ကောင် .. ငါ့သမီးက ဘာလို့လှန်ကြည့်ရမှာလဲ၊ မမိုက်ရိုင်း နဲ့နော်"

"အဟီး .. အရိုးရာပြမလို့ပါ"

ကျွန်တော် ပြန်လျှောချလိုက်ရပါတယ်။ တစ်ဖက်လူ အငိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



နေတုန်း ကျွန်တော်က စကားကို စွတ်တင်ပါတော့တယ်။

"ငါ့အမေက မိုးကုတ်က .."

"မိုးကုတ်သူဌေးလား .."

"မဟုတ်ဘူး .. မိုးကုတ်ဝိပဿနာမှာ တရားအားထုတ်တာ"

စန္ဒာညဏ်မြင့် ခမျာ အောင့်သီးအောင့်သက် ဖြစ်နေပါတယ်။

"ငါ့အဖေက မန္တလေးတိုင်းမှူးဟောင်း"

စန္ဒာညဏ်မြင့် က နားမလည်ဟန် ..။

"ဘယ်တုန်းက ဖြစ်သွားတာလဲ"

"ငါ့အဖေ အရင်ကုမ္ပဏီက ငါ့အဖေကို မန္တလေးတိုင်းတစ်တိုင်းလုံးအတွက် တာဝန်ခံ အရက်ဖြန့်ဖြူးရေးအဖြစ် ခန့်အပ်သေးတယ်လေ၊ မန္တလေးတစ်တိုင်းလုံး မမူးလို့ ရန်ကုန်တိုင်းက မူးရမှာလား.."

ဦးညဏ်မြင့် နဲ့ စန္ဒာညဏ်မြင့် ကြောင်တိကြောင်ကောင် ..။

"ဟဲ့ .. ငါ့ရဲ့အားနည်းချက်က ကောင်မလေးတွေ အရမ်းကြိုက်တာ"

"အံမယ် .. နင့်ဒီရုပ်ကြီးကိုများ"

"ငါ့ပါးကို နမ်းဖူးတဲ့လူတိုင်း နောက်တစ်ခါ မနမ်းဘဲ မနေနိုင်ဘူး"

"လာမချွဲနဲ့ မယုံဘူး၊ ငါ စမ်းကြည့် .. ဟင်!..."

ဒေါ်နွဲ့မောနဲ့ ချဲလင်းလုပ်ပြီးမှ စန္ဒာညဏ်မြင့် မျက်လုံးပြူးရသည်။





"ကဲ .. တော်ပါတော့ မိုးသောက် ရယ် .."

အိမ်စွန်း က ကျွန်တော့်လက်ကိုလာဆွဲပြီး ခပ်တိုးတိုး ခေါ်တော့ကျွန်တော် ဖေဖေ့ကိုခေါ်ကာ ...

"လာ .. ဖေဖေ သွားမယ်၊ သင်တန်း သင်တန်းဆိုပြီး တိရစ္ဆာန်ရုံထဲမှာလေ ဟိ .. ဟိ .."

ကျွန်တော့်စကားကို တုံးတိရပ်ပြီး အနိုင်နဲ့ပိုင်းကာ လှည့်ထွက်လာတော့ ကျွန်တော် ဆင်ထားတဲ့အတိုင်း ဦးညဏ်မြင့်ကြီး က သူ့သမီးကို ပြူးတူးပြဲတဲ ခြေဆုံးခေါင်းဆုံးကြည့်ကာ ...

"နင် .. နင် .. ငါ့ကို လိမ်တယ်"

"ဟာ!... မဟုတ်ဘူး၊ ဒီကောင် ကလိန်ကကျစ်ကျသွားတာဖေဖေ၊ သမီး တံဆိပ်မခွာရသေးဘူး .. အဲလေ .. ဟာ ..."

ကျွန်တော်တို့သားအဖနဲ့ အိမ်စွန်း က သဘောကျကာ ဆက်လျှောက်လာခဲ့ကြပါတယ်။

"တော်သေးတာပေါ့ကွာ .. မင်း အချိန်မီရောက်လာလို့"

"ဦးညဏ်မြင့်ကြီး တော့ ဒေါ်ခွဲ့ပြီး ကျန်ခဲ့မှာ သေချာတယ်"

အိမ်စွန်း က ကျွန်တော့်ကို လှည့်ပြောသည်။

"တကယ်ရော ဒီကောင်မလေးက သင်တန်းမတက်ခဲ့ရ .."

ကျွန်တော်က ရယ်နေမိတာကြောင့် အိမ်စွန်း က လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ သိပုံနဲ့ ကြည့်သည်။

"မဟုတ်ဘူး .. သက်သက် အချွန်နဲ့ မှ ခဲ့တာ"

ဖေဖေကလည်း သိသည်။

"အမြဲတမ်း ဒီကောင်နဲ့ ရန်ဖြစ်နေရတာ အလုပ်တစ်ခုလို ဖြစ်နေတော့ ရန်မဖြစ်ရတဲ့နေ့ဆို ဟာတာတာနဲ့"

ဖေဖေ့စကားကြောင့် အိမ်စွန်း က ရယ်သည်။

"ဒါနဲ့ သမီးက .. သားနဲ့ .."

ဖေဖေ့ရဲ့စကားကြောင့် အိမ်စွန်း က မျက်လုံးဝိုင်းသွားပါတယ်။

"မဟုတ်ဘူး ဖေဖေ .. ဒါ သားသူငယ်ချင်း၊ ဒေါက်တာ ရွှေအိမ်စွန်း၊ အိမ်စွန်း .. ဒါ ..."

"ရန်ဖြစ်ကတည်းက သိပြီးပါပြီ၊ မိုးသောက် ရန်ဖြစ်တာ ဈေးထဲက မိန်းမကြီးကျနေတာပဲနော် .."

"တော်တော်ကျင့်ထားရတာ အိမ်စွန်း၊ အားတော့ရသား .. ဖင်လေးကို ကော့ပြီး စိတ်ရှိလက်ရှိ ပြောလိုက်ရတာ စိတ်ထဲမှာ ပေါ့သွားတာပဲ"

"မိုးသောက် တို့ကတော့လေ .."

ကျွန်တော့်လက်မောင်းကို လှမ်းရိုက်ပြီး အိမ်စွန်း ပြောပုံကြောင့် ဖေဖေက တပြုံးပြုံး ..။





ဖေဖေကတော့ တစ်မျိုးထင်မှာ သေချာပါသည်။

"ဖေဖေ.. ကျွန်တော် အိမ်စွန်း ကို ကားဂိတ်လိုက်ပို့လိုက်ဦးမယ်"

"အေး .. ဖေဖေလဲ မင်းအမေကို သတင်းဝင်ပို့လိုက်ဦးမယ်၊ မင်းလဲ ဒီသမီးကို ငါ့လို သတင်းပို့နိုင်အောင် ကြိုးစား"

"ဟာ!... ဖေဖေကလဲ"

အိမ်စွန်း က ရှက်ကိုးရှက်ကန်း ဖြစ်နေပါသည်၊ ဖေဖေကတော့ သဘောကျစွာ ရယ်နေပါသည်။ ဖေဖေ့ကို အိမ်စွန်း က နှုတ်ဆက်ပြီး နှစ်ယောက်အတူ လျှောက်လာတော့ ...

"မိုးသောက် ဖေဖေက တကယ့်လူပျော်ကြီးနော်"

"အိမ်စွန်း အမြဲပျော်ချင်ရင် ပြောလေ"

"ဒါ ဘာစကားလဲ"

"ရည်းစား ပျားလျှောက် စကား"

သူမက မျက်စောင်းထိုးသည်။ နှုတ်ဆက်သည်။ ကားပေါ် တက်သွားသည်။ ကျွန်တော် ကျန်ခဲ့သည်။ ဒါပေမယ့် ကျွန်တော့် အတွေးထဲမှာ သူမ နေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ရာသီဥတု ပူသမျှ
ရင်တွေက လိုက်ပူရမှာလား..၊
ချစ်သူအပြုံးတစ်ချက်နဲ့
အိုးသစ်အိမ်သစ် ထူထောင်ထားတဲ့ အိုအေစစ်ပါ..။







"ဟော့ .. ဘာတွေရယ်နေကြတာလဲ"

ကျွန်တော်၊ အင်္ဂလန်၊ မြောင်းမြ နဲ့ ပုတု တို့ အိမ်စွန်း တို့ ထိုင်နေရာဆိုင်ထဲသို့ ဝင်ဝင်ချင်း လှမ်းမေးမိသည်။

အင်္ဂလန့် အမေးကြောင့် ကြာဖြူညို က ကျွန်တော့်ကို မေးငေါ့ကာ ...

"ဒီက ဓာတ်လိုက်ကျော်ကြီး မနေ့က ရန်ဖြစ်တဲ့ပွဲကို ပြောပြောပြီး ရယ်နေကြတာဟ"

ဟိုကောင်တွေကလည်း သိပြီးသားမို့ ရယ်သည်။ မြောင်းမြက....

"အဖေကလဲ ပေါ် .. သားကလဲ ပေါ် .."

"ဘာဖြစ်လဲ .. ဘာဖြစ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရက်(ပ်)သီချင်း ဆိုသလို ဆိုပြတော့ ...

"ပေါ်ရဲလိုက်တာဟယ် .. ထင်တောင် မထင်ရဘူး"

ကြာဖြူညို က မျက်စောင်းထိုးပြောပော့ ...

"မျက်စောင်းထိုးတဲ့ မိန်းကလေး၊ ငါ့ကိုချစ်ရင် စာပြန်ရေး"

"သေနာ .."

အိမ်စွန်း ကတော့ ကျွန်တော် နဲ့ ကြာဖြူညို ကို ကြည့်ကာ ပြုံးစိစိ။ ကျွန်တော်က အိမ်စွန်း ဘေးမှာ ကပ်ထိုင်ရင်း အိမ်စွန်း သောက်လက်စ ကော်ဖီခွက်ကို ကောက်မော့သောက်တော့ ...

"အံမယ် .. ပိုင်စိုးပိုင်နင်းနဲ့ အိမ်စွန်း ကိုများ နင့်ရည်းစား မှတ်နေလို့လား"

ကြာဖြူညို စကားကြောင့် အိမ်စွန်း က ရှက်ကိုးရှက်ကန်းနဲ့ ကြာဖြူညို လက်မောင်းကို လှမ်းရိုက်ပါတယ်။

"ဘယ်က ငါ့ရည်းစား ဟုတ်ရမှာလဲ"

"ဒါဆို ဘာလဲ .."

"ငါ့ချစ်သူ .."

ကျွန်တော့်စကားကြောင့် အားလုံးက ဟေး ..လို့ အော်သံကြီး ထွက်လာပါတယ်။

"ဆုံးအောင် နားထောင်ဦး၊ ငါက Rဇာနည် သီချင်း ဆိုပြမလို့





ဟာ၊ ငါ့ကို ချစ်တဲ့သူ .. အဲဒီလို .."

"ဩော် .. အဲဒီလိုလား .. မောင်မင်း အလျှောက်ကောင်းတယ်၊ အထောင်းသက်သာစေ"

ကြာဖြူညို လည်း ကျွန်တော်တို့နဲ့ ရောမိပြီးမှ ပေါတောတော ဖြစ်လာပါသည်။

"ယောက်ျားဆိုတာ ယောင်းတဲ့ဘက်က၊ မိန်းမဆိုတာ .."

"နင်နော် .. မယုတ်မာနဲ့"

ကြာဖြူညို က အလန့်တကြားပြောတော့ မြောင်းမြ က စပ်ဖြီးဖြီးနဲ့ ...

"ဆုံးအောင်လဲ နားထောင်ပါဦး အိမ်ရှင်မရယ်"

"အောင်မယ် .."

"အောင်ချင်ရင် ကြိုးစားပါ သမီးရယ်"

"ကောင်စုတ် .."

"မစုတ်ပါဘူး၊ လမ်းဘေးက အော်ရယ်ဂျင်နယ်ပါ"

"ကဲ .. တော်ကြပါတော့၊ မနက်ဖြန် မိုးသောက် အားလား"

အိမ်စွန်း စကားကြောင့် ...

"မနက်ဖြန် မိုးသောက်ယံတော့ မအားဘူး၊ အိပ်လို့ကောင်းတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့် .."

"ကြည့်နေတာပဲဟာ"

သူမက စူပုပ်ပုပ် .. ကျွန်တော်က ပြုံးစိစိ ..။

"မိုးသောက် နော် .."

"အိမ်စွန်း နော် .."

"စိတ်မဆိုးချင်ဘူးနော်"

"ထိပ်မထိုးချင်ဘူးနော်"

"ဘာဖြစ်နေတာလဲ .."

"ဘာဖြစ်နေလို့လဲ .."

သူမက စကားဆက်မဆိုတော့ဘဲ မိုးသောက် ကို ကြည့်တော့ မိုးသောက် ကလည်း ပြုံးစေ့စေ့နဲ့ ကြည့်နေပါသည်။

တစ်ဖက်အုပ်စုဟာလည်း မေးငေါ့သူငေါ့နဲ့ မျက်စပစ်သူပစ်နဲ့ မိုးသောက် နဲ့ အိမ်စွန်း ရဲ့အခြေအနေကို စူးစမ်းနေကြပါတယ်။

ပထမတော့ အိမ်စွန်း က ခပ်တည်တည်ပဲ မိုးသောက် ကို စိုက်ကြည့်မိတာပါ။ ဒါပေမယ့် ဘာရိမ့်စိမ့်ငေးကြည့်နေတဲ့ မိုးသောက် ကြောင့် သူမ စိတ်ထဲမှာ အနေရခက်သလိုလို တစ်မျိုးကြီးဖြစ်လာတာကြောင့် သူမက မျက်လွှာချမိကာ ခေါင်းငုံ့မိတော့ ...

"အဟမ်း .."





"အဟွန်း .."

ဟိုကောင်တွေရဲ့တမင်လုပ်ချောင်းသံတွေကြောင့် အိမ်စွန်း က မျက်စောင်းထိုးသည်။

"ဟာ .. အသားလွတ်ကြီးပါလား"

"ဒါကတော့ကွာ .. အိုးမလုံလို့ အုံပွင့်တယ်ဆိုရမလား"

အင်္ဂလန် နဲ့ မြောင်းမြ က အတွဲညီညီ အရွှန်းဖောက်တော့ ကြာဖြူညို ကလည်း အားကျမခံ ..။

"သူ့အိုးနဲ့ သူ့အဖုံးက လုံချင်ပါတယ်ဟာ၊ အခုဟာက ရင်ထဲမှာ လှုပ်ခတ်နေလို့ အိုးအဖုံး အပြင်ကို လျှံထွက်လာတာ"

"ဪ .. အဲဒီလို ..."

"အေး .. အဲဒီလိုဟှော၊ တုံးလိုက်တာဟာယ်"

"ဒါဆိုလဲ အချစ်သင်ပေးပေါ့"

"သင်ပေးဦးမှာ .."

ကြာဖြူညို က ပြောပြောဆိုဆို အင်္ဂလန့် နားရွက်ကို ဆွဲလိမ်တော့ ...

"အား .. နာတယ် အချစ်ကလေးရယ် .. ဖြည်းဖြည်းလုပ်ပါ ကိုကို နာလို့ပါ၊ အား!... မပြောတော့ဘူး"

"မှတ်ထား .."



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးမှုတွေ၊ ရယ်သံတွေနဲ့ တွေ့ဆုံပွဲလေးရဲ့ အခင်းအကျင်းမှာ အချစ်ဆိုတာ အဓိကရောက်လာတဲ့ ညှို့[illegible]ပါ။

တစိမ့်စိမ့်ကြည့်နေတဲ့ သူ့အကြည့်ကို မသိသလို ရှောင်လွှဲနေခဲ့ရတာဟာ တင်းထားတဲ့စိတ်တွေ ဗုန်းဗုန်းလဲမှာစိုးလို့ပါ မိုးသောက်ရယ် ...။

အရည်အချင်း၊ အရည်အသွေးမြင့်မားဖို့ တစ်သက်လုံး ထိန်းချုပ်နိုင်ခဲ့တဲ့ အသိစိတ်တွေ ...၊ သူမက အင်အား သေးသေးလေးလို့ ထင်ထားတဲ့ အချစ်ဆိုတဲ့အရာက အနိုင်ယူသွားမှာလည်း စိုးမိပါသည်။





တိမ်တွေလို ရွှေ၊ လေပြည်လို အပြေးသန်လှတဲ့ အလွမ်းတွေ ငါ့ရင်မှာ အုံ့ဖွဲ့လွမ်းဆွတ်စိုဖို့ စတင်ခဲ့ပါပြီ အိမ်စွန်း ...၊

အချစ်ရဲ့စည်းကမ်းမှာ အမှန်တစ်ခုခြစ်ဖို့ ဘဝမှာ ငါက တန်းစီစောင့်ဆိုင်းနေရပေမယ့် တန်းစီဖို့အခွင့်မရှိတာ ကံကြမ္မာရဲ့ အပြောင်အပျက်ဆန်မှုက နာကျင်စရာနော် ...။

ဒီလမ်းက သွားရလို့ လွမ်းရမယ်ဆိုရင်လည်း ကိုယ့်ဝေဒနာ.. ကိုယ့်ဘာသာထုပ်ပြီး ကျောပိုးလျှောက်ရတော့မှာပေါ့ ...။

ကျောက်သင်ပုန်းပေါ်မှာ ဘယ်ဆရာက 'အလွမ်းနဲ့ မရင်းနှီးပါစေနဲ့'လို့ ဘယ်လိုသင်သင်၊ အလင်းရဲ့အလျင်နဲ့ ရင်ခွင်ကို ကော်ပုန်ပေါက်ပြီး ဆင်းလာတဲ့ ဒီအလွမ်းကို 'စုပါမင်း' တစ်ပွေ့ကောက်လို ငါ စောင်ဘိုးမိုးမျှော် ရှောင်လို့ လွှယ်ပါ့မလားဟာ ...။



www.burmeseclassic.com

www.burmeseclassic.com



အညာဒေသမှာ အညာစကားနဲ့ ပြောပြော .. ထားဝယ်ဒေသမှာ ထားဝယ်စကားပဲဆိုဆို .. အရှေ့တိုင်း အနောက်တိုင်း ဘယ်လိုခွဲခြားခြား အက္ခရာအစီပွာယ်ကတော့ 'အချစ်'ပါပဲ အိမ်စွန်း ..၊

အချစ်ဆိုတာကို တစ်ယောက်နဲ့တစ်ယောက် နားလည်ရင်ကျေနပ်နိုင်ပါပြီ ..၊ အချစ်ဆိုတာ ဒီလိုပါပဲဟာ ..၊ အနာအကျင် အထိအခိုက်တော့ အနည်းနဲ့အများပေ့ါလေ ..။





ကျွန်တော့်ဒိုင်ယာရီကို ပုတု က ဖတ်ပြီး သက်ပြင်းချသည်။ ကျွန်တော်ကတော့ ပြတင်းတံခါးဘောင်ပေါ် တက်ထိုင်ပြီး စီးကရက်တစ်လိပ်နဲ့ အဝေးကို စိတ်ရှေ့ထားပါတယ်။

"မင်းတို့နှစ်ယောက်ရဲ့ အခြေအနေကလဲ ရေထဲကျသွားတဲ့ ပစ္စည်းတစ်ခုလိုပဲ"

ပုတု စကားကြောင့် ကျွန်တော် လှည့်ကြည့်မိသည်။

"ဒီနေရာမှာ ကျသွားတာတော့ ကိုယ်မြင်တယ်၊ ရေထဲ လက်နှိုက်ရှာတော့ မတွေ့ဘူး၊ ငယ်ငယ်တုန်းက ငါတို့ ဂေါ်လီရိုက်တော့ ဂေါ်လီဒိုးက ရေထဲ၊ မြောင်းထဲကျသွားရင် အချင်းချင်း နောက်ပြောတဲ့စကားက ဘာပါလိမ့် .. အင်း ..."

ကျွန်တော်က ပုတု ကို ပြုံးပြလိုက်ရင်း စီးကရက်ကို တစ်ဖွာရှိုက်မိသည်။ နောက် စီးကရက်ကို သက်ပြင်းနဲ့မှုတ်ထုတ်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရေအဆုံး .. ကုန်းတစ်ဝက် .."

ပုတု က နှုတ်ခမ်းတွန့်ကွေး ပြုံးရင်း ...

"အချစ်ဆိုတာ လာဘ်ထိုးလို့ မရတော့လဲ အစက်သားကွာ၊ အချစ်ဆိုတဲ့ကောင်နဲ့ ငါရင်းနှီးရင် ဒီကောင့်အတွက် ငါ ပြောပေးပါတယ်ကွာ"

"နေပါဦး မိုးသောက်၊ အခု မင်းနဲ့ အီစွတ် က ဘာလဲ"

မြောင်းမြ ရဲ့စကားကြောင့် ကျွန်တော်က ရယ်ကျဲကျဲနှင့် ...

"သူက မိန်းကလေး၊ ငါက ယောကျ်ားလေး၊ ထပ်အကျယ်ချဲ့ရရင် ..."

"ဟော့ကောင် .. မင်း ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ ငါမေးတဲ့မေးခွန်း မင်း သိပါတယ်ကွာ"

"မင်းတို့က ဘာမေးလို့ ငါက ဘာဖြေရမှာလဲ"

ကျွန်တော်က သိသိကြီးနဲ့ အိုက်တင်ခံနေတော့ အင်္ဂလန် က စားပွဲပေါ်က လုံးထားတဲ့ တစ်ရှူးစနဲ့ ကောက်ပေါက်သည်။

"ပြောစမ်းပါကွာ .. ဒီမေးခွန်းက ငါတင် မဟုတ်ဘူး၊ ကြာဖြူတို့ကိုတင်ထွတ် တို့လဲ သိချင်နေတာ"

ကျွန်တော်က သက်ပြင်းချမိရင်း ...

"ငါတို့က ရိုးရိုးပါ"





"ရိုးနေရင် ဆန်းဆန်းလုပ်ကြည့်လိုက်ပါလား"

"ဟော့ကောင် .."

ပုတု စကားကြောင့် မြောင်းမြ က လှမ်းဟန့်တော့ အကုန်လုံးက သဘောမပေါက်၊ ကျွန်တော်ကတော့ မြောင်းမြ ဘာဖြစ်နေသည်ဆိုတာ သိသည်။

"မင်းက ကြားက ဘာဖြစ်နေတာလဲ"

"ဟာ .. စမ်းစမ်း က ငါ့အစ်မကွ၊ စမ်းစမ်း ကို မင်းက ဘာလုပ်ချင်လို့လဲ"

အခုကျမှ သဘောပေါက်ကာ အားလုံး ရယ်မိကြပါသည်။

"စမ်းစမ်း ဆိုလို့ မနေ့က ငါ မကောက် တို့သင်တန်း ရောက်သွားသေးတယ်၊ မကောက် ကို အတင်းဂိုကျပြီး လက်ဖက်ရည်တိုက်ခိုင်းပြီး နည်းနည်းညှဉ်းခဲ့သေးတယ်"

"မင်းမို့လို့ မကောက် လို ကပ်စေးနဲကို တိုက်ခိုင်းတယ်၊ ရပါလိမ့်မယ်"

"ပုတု၊ မင်းသာ မတည့်တာ၊ ငါတို့နဲ့တော့ အေးဆေးပဲ၊ ဒါတောင် မကောက်က သူ့တပည့်နှစ်ယောက်နဲ့ မိတ်ဆက်ပေးသေးတယ်၊ ငါ့ကို သူ့မောင်လေးတဲ့၊ ငါက ဂျပန်က ပြန်လာတယ်ဆိုပဲ"

မြောင်းမြ စကားကြောင့် အားလုံးရယ်မိကြပါသည်။ မကောက်



www.burmeseclassic.com

www.burmeseclassic.com



က အဝတ်သည်နှင့် အရှန်းဖောက်တတ်သည့် လူစား။

"ဂျပန်ပြည်ရဲ့အကျော်ကြားဆုံး ဂျီလေဘော ကရာတေးကလပ်က ဂိုဏ်းချုပ် အထူးအားထားရတဲ့ တပည့်တဲ့၊ ဂျပန်နာမည်က တော်ကီမြောင်းမြ ဆိုပဲ၊ ငါ ဓားထုတ်တာ ဘယ်လောက်မြန်သလဲ ဆိုရင် မျက်တောင်တစ်ဖျပ်ပဲ ကြာတယ်တဲ့ကွာ"

ကျွန်တော်တို့ မြောင်းမြ စကားကြောင့် ရယ်မိပါတော့သည်။ ကျွန်တော်တို့အုပ်စုထဲမှာ မြောင်းမြ လောက် ကြောက်တတ် လန့်တတ်တဲ့သူ မရှိ၊ ဘယ်လောက်ကြောက်သလဲဆိုရင် ညရေးညတာ နောက်ဖေးသွားတာတောင် အိမ်သားတစ်ယောက်ကို နှိုးခေါ်ပြီးမှ သွားတက်သည်။ အိမ်မြှောင်၊ ဖား၊ ကြွက်၊ ပိုးဟပ်၊ ပင့်ကူတို့ကအစ ဒီကောင် ကြောက်သည်။

"ကောင်လေးတွေကတော့ ငါ့ကို အထင်တကြီး ကြည့်တာပေါ့ကွာ၊ ကောင်လေးတစ်ယောက်က မေးသေးတယ်၊ ဆရာက ဂျပန်က ပြန်လာတယ်ဆိုပြီး ဘာကြောင့် အသားမည်းတာလဲ တဲ့ .."

"မင်းက ဘာပြန်ဖြေလိုက်လဲ"

မြောင်းမြ က မျက်နှာမချိုမချဉ်နဲ့ အခုလို ပြောပါတယ်။

"ဟဲ .. ဟဲ .. တော်ကီမြောင်းမြ ပါကွာ .. ဘယ်လိုဖြေလိုက်တယ် မှတ်လဲ"





"ဪ .. ပြောမယ့်အရေးကို ကြော်ငြာဝင်နေပြန်ပြီ"

အင်္ဂလန် က စိတ်မရှည်စွာပြောတော့မှ ...

"ကိုယ့်ရဲ့အတွင်းအားက အရမ်းကောင်းနေတော့ သွေးသားတွေ ဖွဲ့စည်းမှုတွေက ပုံစံပြောင်းလဲပြီး အသားမည်းလာတာလို့ ဖြေလိုက်တာပေါ့၊ ဒါတောင် မကောက် က အချွန်နဲ့ ထပ်မ,သေးတယ်"

"ပြောစမ်းပါဦး"

"ငါက ဓားကို ခါးပုံစထဲမှာပဲ ဖွက်ထားလေ့ရှိတယ်တဲ့၊ ကောင်လေးတွေက ငါ့ခါးပုံစထဲ ကွက်ကြည့်ကွက်ကြည့်နဲ့ကွာ .. ကြာတော့ ငါလဲ အနေရခက်လာတယ်ဟေ့"

မြောင်းမြ စကားကြောင့် ကျွန်တော်တို့ အူလှိုက်သည်းလှိုက် ရယ်မိပါသည်။ ပုတု က ရယ်သံကြီးနဲ့ ...

"ဟေ့ကောင် ..မင်း ကင်ဒိုဓားလက်ကိုင်ကြီး သေသေချာချာ သိမ်းထားဦး"

မြောင်းမြ က ပါးစပ်လှုပ် ဆဲပြသည်။

"မင်း ဒီနေ့ ဖယ်ရီရှိလား"

ကျွန်တော် ခေါင်းညိတ်ပြတော့ အင်္ဂလန် က နှာခေါင်းရှုံ့ရှ...

"ပြောရပိုက်ရင်တော့ ငါတို့က ရိုးရိုးသားသား ရိုးရိုးသားသားနဲ့ လုပ်ပုံတွေက သိပ်အချိုးမပြေဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ .. အင်း .. ဟိုကွာ ..."

ကျွန်တော် အပြောရခက်နေပုံကြောင့် ဟိုကောင်တွေက မကျေမနပ်။

"ဒါကတော့ .. ဒါကပေါ့ကွာ တဲ့၊ ဟာဟာ လို့ အော်ရယ်လိုက်ချင်တယ် မောင်မိုးသောက်၊ ညီလေး .. မင်း ငယ်ပါသေးတယ်ကွာ"

"ဟေ့ကောင် .. ကြီးပြီကွ"

"ဘာကြီးတာလဲ"

"အသက် ... ကဲ .. ငါသွားပြီ"

ပြောပြောဆိုဆိုနဲ့ ရုတ်တရက်ထထွက်လာတော့ ဟိုကောင်တွေရဲ့ ဆဲသံတွေကို ကြားခဲ့ရပါသည်။





BURMESE CLASSIC .com

"ခားမ .."

ရီဝေဝေ မူးနေတဲ့ခံစားမှုကို အားကိုးပြီး ဒယိမ်းဒယိုင် ခားမမြင့်မောင် လျှောက်လာရင်း သူ့ကိုခေါ်လိုက်တဲ့အသံကြောင့် မျက်လုံး အားယူဖွင့်ကြည့်ရင်း ရှေ့က ဝါးတားတားအရိပ်ကို ...

"ဘယ်ကောင်လဲကွ .. ခားမ ကို ခားမ လို့ ခေါ်ရဲတာ .."

ရှေ့က အရိပ်ကလည်း ...

"ခားမ ကို ခားမ လို့ မခေါ် လို့ ကျုပ်က ဘယ်လိုခေါ်ရမှာလဲ ခားမ ရဲ့ .."

ခားမမြင့်မောင် မျက်လုံးကိုပွတ်ရင်း အာရုံစိုက်ကြည့်တော့ ...

"ဟာ!... ဆရာလေး ကိုမင်းထွန်း .."

ခားမ ကိုယ်ကိုမတ်မတ်ရပ်ပြီး မူးနေတဲ့အာသီသကို မနည်းဖျောက်ဖျက်ပစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းထွန်း က ကားကိုမှီရပ်ရင်း စီးကရက်ထုတ်သောက်နေပြီး ပိုတဲ့စီးကရက်ဘူးကို ခားမမြင့်မောင် ကို ပစ်ပေးလိုက်သည်။

ခားမမြင့်မောင် က လှမ်းဖမ်းရင်း ...

"ဟဲ .. ဟဲ ... ဆရာလေး၊ ကျွန်တော့်ကို ဘာခိုင်းစရာရှိလဲ"

ကိုမင်းထွန်း ဆိုတာက သူ့ရဲ့ကျေးဇူးရှင်၊ အပေးအကမ်းလည်း ရက်ရောသည်။

မင်းထွန်း က စီးကရက်မီးခိုးတွေကို မှုတ်ထုတ်ရင်း ...

"မင်းကို ငါ ခိုင်းစရာရှိတယ် ခားမ .."

"ပြောပါ .. ခားမ ဆိုတာ နာမည်တစ်လုံးနဲ့နေတာ၊ ဘယ်သူ့ကို ဘယ်လောက်ရိုက်ရင် ဘယ်လောက်ထိ ကျိုးနိုင်တယ် အချိန်အဆ က ကွက်တိ .."

ကိုမင်းထွန်း ကျေကျေနပ်နပ်နဲ့ ရယ်ရင်း ...

"အဲဒါကြောင့် ခင်ဗျားကို ကျုပ် အားကိုးတာပေါ့၊ ဒါပေမယ့် ခင်ဗျား မပါနဲ့ .. ခင်ဗျားက ခိုင်းရမှာ၊ လူတစ်ယောက်ကို မသေရုံ တစ်မယ် ကျိုးကန်းသွားအောင် တီးပေးရမှာ .."

ခားမ ကလည်း ရုပ်ရှင်တွေထဲက လူကြမ်းအိုက်တင်လိုဆောင့် ကြွားကြွား မျက်နှာပေးနဲ့ ...

"ဒီလောက်ကတော့ ခားမ က တာဖွဲ့ပါဘူး၊ ပြော .. အာစရို"





မင်းထွန်း ကားထဲက တစ်ထောင်တန် နှစ်အုပ်ကို ထုတ်ကာ ခားမ ကို ပစ်ပေးတော့ ခားမ ကမန်းကတန်း ဖမ်းရသည်။ ပြီးတော့ ခတ်ပုံတစ်ပုံ ထုတ်ပေးပါသည်။ ခားမ က ယူကြည့်ရင်း ...

"ချောသားပဲ .. ကိုရီးယားမင်းသားလား .."

မင်းထွန်း စိတ်ပျက်သွားပါသည်။

"အဲဒီလူက ခင်ဗျားလူတွေ မသေရုံတစ်မယ် ဆော်လွှတ်ရမယ့် လူဗျ၊ မိုးသောက် တဲ့ .. ကဲ .. လာ ..."

မင်းထွန်း ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ပြီး ခားမ ကို တိုးတိုးကျိတ်ကျိတ် အစီအစဉ်တွေကို ပြောပြလိုက်သည်။

ခားမ က ခေါင်းတညိတ်ညိတ် ..။

ခားမမြင့်မောင် ဆိုတာကလည်း ဒီနယ်တစ်ဝိုက်မှာ နာမည် ကြီး ..၊ ခားမ ဟော့ ဆိုလျှင် ...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အလို .. နမတော်လေးကို လာကြိုတဲ့ အိုနာကျိုးကန်း မင်းသားလေး ကြွချီလာပါလား"

ဆရာဝန်များ နားနေခန်းကို ဝင်ဝင်ချင်း ကြာဖြူညို က အခုလို နှိပ်ကွပ်တော့ ခင်မင်နေပြီဖြစ်တဲ့ ဒေါက်တာတင်ထွဋ် က ...

"မိုးသောက် ရေ .. မင်းပြောတဲ့ ကိုရီးယားကုလားမလေးက နှိပ်ကွပ်နေပြီ"

"ပြောပါစေ ကိုတင်ထွဋ် ရာ .. ပညာလဲရှိ ရုပ်ရည်လေး သနားကမားနဲ့ ပြေပြေပြစ်ပြစ်၊ ဒါပေမယ့် ရည်းစားမရှိတော့ ဒီလိုမျိုးတွေ တွေ့ရတာ သူ့စိတ်ထဲမှာ မနာလိုဖြစ်နေတာပါ ကိုတင်ထွဋ် ရာ .."

"အောင်မယ် .."

ကြာဖြူ က ကျွန်တော့်စကားကြောင့် နှာခေါင်းရှုံ့သည်။





"သူ့ဘဝကို ကယ်ဖို့ဆိုလို့အနီးနားမှာ ကိုတင်ထွဋ် တစ်ယောက်ပဲ ရှိတယ်၊ ဘဝဘစ်ခုကို ကယ်ကောင်းပါတယ်ဗျာ"

"ဟဲ .. ဟဲ .. ဟဲ .. ဟဲ .. ဒါကတော့ကွာ .. ငါကယ်မှ ဖြစ်မယ်ဆိုရင်လဲ နစ်နာချင် နစ်နာပါစေ၊ ဒါပေမယ့် ငါ့အိမ်က မိန်းမက ဘယ်လိုသဘောထားမလဲ မသိဘူး၊ သူ့ ရာထူးတက်ချင်လား မေးဦးမယ်"

"တင်ထွဋ် .."

"ဟာ .. နာတယ်ဟာ"

"ဟဲ့ .. ငါ ဘာမှမလုပ်ရသေးဘူး၊ သေနာရဲ့ .."

ကြာဖြူ က ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်၊ ပြောမနာဆိုမနာမို့ ကိုတင်ထွဋ် ကို နိုင်သည်။ ကိုတင်ထွဋ် မိန်းမကလည်း ဆရာဝန်၊ သူတို့အုပ်စုထဲကမို့ ကြိုက်သလို ပြော၊ အလှည့်ကျရင်တော့ မနဲ့ကြကြေး ..။

"ဒါနဲ့ ကျုပ်ရဲ့ ပါရမီဖြည့်ဖက်လောင်းလျာလေး ဘယ်တွားလဲ"

ကြာဖြူ ကလည်း အားကျမခံ ...

"ဟိုဘက်တွားလား မသိဘူး"

"အဲဒါဆို လိုက်တွားဦးမယ်"

"တွား .. တွား ..."

ကိုတင်ထွဋ် ကလည်း ပျော်ပျော်နေတတ်တဲ့သူ ..။



www.burmeseclassic.com

www.burmeseclassic.com



"မိုးသောက် ရေ .. ပြန်ရင် ပြောသွားဦး"

"စိတ်ချ"

ကျွန်တော် အခန်းကထွက်တော့ ဆရာမ နော်အဲလစ် က ...

"ဘယ်လဲဟေ့ .."

"အိမ်စွန်း ဆီ သွားမလို့"

"သွား .. အဲလေ .. သွား ... ဘယ်လိုကောင်လေးလဲ မသိဘူး၊ လူဆိုး"

ကျွန်တော့်ကြောင့် ဆရာ ဆရာမတွေလည်း တည်တည်တံ့တံ့ နေလို့ မရတော့။ မွေးဆောင်တွေဘက် လျှောက်လာတော့ အိမ်စွန်းနဲ့ လမ်းမှာတိုးသည်။

"ကဲ .. ရောက်နေတာ ကြာပြီလား"

"မကြာတေး .. အဲ .. ယောင်ကုန်ပြီ၊ မကြာသေးပါဘူး၊ မနေ့ကမှ .."

အိမ်စွန်း က မျက်စောင်းထိုးပါသည်။

"မျက်စောင်းသိပ်မထိုးနဲ့ အမိ၊ ကျုပ်နလုံးသားက ယှဲ့ယှဲ့လေးနော်၊ ဝုန်းခနဲ ပြုတ်ကျတော့မှ ခင်ဗျား တစ်သက်လုံး ဆေးကုရလိမ့်မယ်"

"ဝေးသေး .."





"အနီးအဝေးမှာ ကြီးကာသေးကာ ရှိလို့လား၊ နီးတယ် ဝေးတယ်ဆိုတာထက် သတိရနေဖို့က အရေးကြီးပါတယ် .. မဟုတ်ဘူးလား"

"ကက်ဆက်ထဲက အသံသွင်းဇာတ်လမ်းတွေလား မိုးသောက်"

"ဘယ်ကလာ .. မိုးသောက် ရဲ့ ရေတွင်းပျက် အဲ .. ရင်တွင်းဖြစ် မြန်မာပြည်မှာ ပြုလုပ်သည်"

"အပြောကတော့ ရွှေမန်း ပဲ .."

"ဘယ်ကလာ .. ကျော်ကျော်ဗို ပါ၊ ဦးကင်မောင် မြေးလေ.."

ဗရုတ်သုတ်ခတွေ လျှောက်ပြောပြီး ကြာဖြူ တို့ဆီရောက်တော့ ကြာဖြူ တို့၊ ကိုတင်ထွဋ် တို့ကို နက်ဆက်ကာ ဆေးရုံပေါ်မှ ဆင်းလာခဲ့ပါသည်။

ကားမှတ်တိုင်ကို လျှောက်လာရင်း ကျွန်တော်က သူမ လက်ထဲက ခြင်းလေးကို လှမ်းယူလိုက်သည်။

"မိုးသောက် .. ကျွန်မကို ဘယ်လိုမြင်လဲ"

"လမ်းမပေါ်မှာ ခြေထောက်နဲ့ လျှောက်တတ်နေတဲ့ ကောင်မလေးလို့ မြင်တယ်"

"စကားအတည်ပြောစမ်းပါ မိုးသောက် ရယ် .."

မိုးသောက် ဆီက တော်တော်နဲ့ စကားထွက်မလာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆက်လျှောက်နေရင်း မိုးသောက် ကို ငဲ့ကြည့်တော့မှ မိုးသောက် က တစ်ခုခုကို အလေးအနက် စဉ်းစားဟန်နဲ့ ...

"ကျွန်တော် ဖြေရမှာ အိမ်စွန်း နဲ့ ကိုမင်းထွန်း တို့ရဲ့ မကြာခင် ဖြစ်ပေါ်လာမယ့် အနာဂတ်လား .."

"ရှင်!... မိုးသောက် .. သိ .. သိနေတယ်"

ကျွန်မ အံ့အားသင့် အလန့်တကြား ပြောမိပါသည်။

"တစ်ခါတစ်ခါ ဒဏ်ရာသက်သာအောင် ဒဏ်ရာအကြောင်း မတွေးတာအကောင်းဆုံးလို့ ကျွန်တော် ယူဆတယ်လေ"

မေးခွန်းမေးသူကိုယ်တိုင် နှုတ်ဆွံ့အ,စေတဲ့အဖြစ် ..။

"တစ်ချိန်မှာ ကျွန်တော် အဝေးကို လွင့်ထွက်သွားရမယ်ဆိုတာ ကျွန်တော် သိနေပါတယ်၊ အဲဒီအတွက် ကျွန်တော့်နှလုံးသားက အလွမ်းရဲ့တန်ချိန် ဘယ်လောက်ခံနိုင်ရည်ရှိမလဲ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းသပ်ရမယ်"

"မိုးသောက် .."

ကျွန်မ အလန့်တကြား တားမိရင်း သူ့လက်မောင်းကို ဆွဲကိုင်မိသည်။

မိုးသောက် က ကျွန်မကို ငုံ့ကြည့်နေသည်။

"အခက်အခဲ အတားအဆီးတွေကြားကနေ မိုးသောက် အပေါ်





ကျွန်မ သံယောဇဉ်တွယ်မိခဲ့တယ်ဆိုရင် မိုးသောက် ယုံမှာလား"

မိုးသောက်က ရေးရေးလေး ပြုံးသည်။

"ယုံနဲ့ မဟုတ်ပါဘူး၊ ရှဉ့်ပါ အိမ်စွန်း ရယ် .."

"ကြည့် .. ဘယ်တော့မှ အကောင်းမပြောဘူး"

"ကြည့်နေပါတယ်"

ကျွန်မ နှုတ်ခမ်းကိုက်ပြီး သူ့လက်မောင်းကို ခပ်ဖွဖွထုတော့..

"ဆရာဝန်မကြီးဖြစ်ပြီး ရှက်လဲ မရှက်ဘူး"

"ဩော် .. ကျွန်မက လုံးတီးလေးသွားနေလို့လား"

"မလုပ်နဲ့ .. ကျုပ်က ရှက်တတ်တယ်ဗျ"

သူမက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ကျောကို ထုပါတော့သည်။

"ဟာ .. ရောဂါပျောက်အောင် ကုတဲ့ ဆရာမက ရောဂါဖြစ်အောင် လုပ်နေပါပြီဗျာ"

"မိုးသောက် ... ဟိုမှာ ဘာဖြစ်နေလဲ မသိဘူး"

အိမ်စွန်း ရုတ်တရက် ပြောလည်း ပြော လက်ညှိုးထိုး ညွှန်ပြရာကို ကျွန်တော် ကြည့်မိလိုက်တော့ ကျွန်တော်တို့ ဆက်လျှောက်မယ့် လမ်းမှာ လူလေးဦး ရုန်းရင်းဆန်ခတ် ဖြစ်နေတာ မြင်မိပါသည်။

လူသုံးယောက်က တစ်ယောက်တည်းသမားကို ဝိုင်းထိုး ရုန်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေပုံ ပေါ်လွင်နေပါတယ်။

"လာ .. မိုးသောက်၊ တခြားလမ်းက သွားရအောင်"

"ဘာဆိုင်လို့လဲ အိမ်စွန်း ရယ် .. ကိုယ့်လမ်းကိုယ်သွားရမယ့် ဟာ၊ ရှောင်ကွင်းသွားလဲ ရတာပဲ၊ သူတို့ပြဿနာ ကိုယ့်ပြဿနာမှ မဟုတ်တာ"

ကျွန်တော်နဲ့ အိမ်စွန်း သွားမယ် မသွားဘူး ငြင်းဆိုနေစဉ်မှာ ရုန်းရင်းဆန်ခတ် လူလေးယောက်က ကျွန်တော်တို့အနီး ရောက်လာပါတယ်။

ရန်ပြုခံရတဲ့လူက ခေါင်းမှာ သွေးတွေ ရွှဲနေသည်။ နောက်ပြီး အင်္ကျီမှာလည်း နီနီရဲရဲသွေးတွေ ပေကျံနေပါတယ်။

အနားရောက်လာတဲ့ ရန်ပွဲလေးကို ကျွန်တော် ဖြေရှင်းသင့် မရှင်းသင့် စဉ်းစားတွေဝေနေစဉ်မှာ ရန်ပြုခံရတဲ့လူငယ်က ကျွန်တော့်ဆီ ပြေးလာပြီး ...

"အစ်ကို .. ကျွန်တော့်ကို ကယ်ပါဦး၊ ဒီလူတွေ .."

"ဟေ့ကောင် .. မင်း ဝင်မရှုပ်နဲ့"

ကျွန်တော် အတွန်းခံလိုက်ရသလိုဖြစ်ပြီး ရှေ့ကလူဆီ အရောက် ရှေ့ကလူက ဝါးရင်းပိုင်းနဲ့ လှမ်းအရိုက်မှာ ကျွန်တော် ထိုလူရဲ့ရင်ဘတ် ကို အားနဲ့ ဆောင့်ကန်လိုက်ပါတယ်။





ဒါတောင် တစ်ယောက်က ကျွန်တော့်ကို နောက်ကနေ တီး သွားပါသည်။

အသတ်အပုတ်မှာ မကောက်ကောက် ရဲ့လက်ထွက်မို့လို့ ဒီသုံး ယောက်ကတော့ မိုးသောက် အတွက် ထမင်းစားရေသောက် လောက်သာ ရှိပါသည်။

ဟိုလူသုံးယောက်လည်း မထင်မှတ်စွာ အသတ်အပုတ် ကျွမ်း ကျင်နေတဲ့ ကျွန်တော့်ကြောင့် အံ့အားသင့်နေကြပါသည်။

"ဟေ့ကောင် .. မဟုတ်ဘူး .. လစ်ဟ .."

တစ်ယောက်က သတိပေးပြီး ကျန်နှစ်ယောက်ကို ခေါ်ကာ လစ်ပြေးကြပါသည်။

အဝေးကနေ သစ်ပင်အကွယ်က ချောင်းကြည့်နေတဲ့ အကြံ ပေးဆရာကြီး ဓားမဖြင့်မောင် ကတော့ မချင့်မရဲဖြစ်ကာ သူ ရွေး ချယ်ထားတဲ့ လူမိုက်သုံးယောက်အပေါ် ဒေါသတွေ ဖြစ်နေပါသည်။

အဝေးကိုထွက်ပြေးသွားတဲ့ လူရမ်းကားသုံးယောက်ကို ကျွန် တော် ကြည့်နေစဉ် အိမ်စွန်း ကျွန်တော့်ဆီ ရောက်လာကာ နဖူးမှာ နည်းနည်းထိခိုက်သွားတဲ့ဒဏ်ရာကို ကိုင်ကြည့်ရင်း ...

"မိုးသောက် .."

"ဘာမှမဖြစ်ဘူး အိမ်စွန်း၊ ညီမောင် .. အဆင်ပြေလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရန်ပြုခံရတဲ့ လူငယ်ဆီကို သွားထူပေးမိပါသည်။ လူငယ်က ကျွန်တော့်လက်ကို တွဲထကာ ...

"ရတယ် အစ်ကို၊ ကျွန်တော် ဘာမှမဖြစ်ဘူး"

အိမ်စွန်း ကလည်း ဆရာဝန်ပီပီ စိုးရိမ်တကြီးနဲ့ ...

"မောင်လေး .. မင်းရဲ့ခေါင်းမှာ ဒဏ်ရာနဲ့လေ၊ အစ်မက ဆရာဝန်ကွ၊ လာ .. ရှေ့မှာ အစ်မဆေးခန်းရှိတယ်"

လူငယ်က အားနာဟန်နဲ့ ...

"ရတယ် အစ်မ .. ကျေးဇူးပါပဲ၊ ကျွန်တော် အိမ်ပြန်လို့ မဖြစ်ဘူး၊ အိမ်မှာ အမေက စိုးရိမ်ရတယ်၊ ရတယ် .. ကျွန်တော့်အစ်မလဲ အစ်မလိုပဲ ဆရာဝန်ပဲ၊ သိပ်မဖြစ်ပါဘူး၊ ဟော .. ဟိုမှာ တက္ကစီတစ်စီးလာနေတယ်၊ ကျွန်တော် သွားမယ် .."

လူငယ်က တက္ကစီလှမ်းတားပြီး ဈေးမဆစ်တော့ဘဲ ကားပေါ်တက်သွားပါသည်။

"ဘယ်လိုချာတိတ်လဲ မသိပါဘူး"

အိမ်စွန်း က စိုးရိမ်ဟန်နှင့် ကောင်လေးစီးသွားတဲ့ ကားကိုကြည့်ကာ မချင့်မရဲ ပြောပါသည်။

"ကဲ .. အိမ်စွန်းလဲ ဆေးခန်းဖွင့်နောက်ကျနေပြီ၊ ကျွန်တော် လိုက်မပို့တော့ဘူးနော်"





သူမက ကျွန်တော် အနည်းငယ် ထိခိုက်ပွန်းပဲ့သွားတဲ့ ဒဏ်ရာကိုကြည့်ပြီး ...

"ဟင် .. ဆေးခန်းလိုက်ခဲ့လေ၊ မျက်နှာကဒဏ်ရာကို ဆေးထည့်ပေးမယ်"

အိမ်စွန်း အပြောကြောင့် ကျွန်တော် သဘောကျစွာရယ်ရင်း..

"ဟာ .. ဒီဒဏ်ရာက မဖြစ်စလောက်လေးပါ အိမ်စွန်း ရယ်.. ကဲ သွားမယ်၊ နောက်နေ့ တွေ့မယ်"

အိမ်စွန်းက ခေါင်းညိတ်ပြတော့ ကျွန်တော် လက်ပြနှုတ်ဆက်ကာ ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ .. ဘာလို့ ရဲစခန်းမတိုင်တာလဲ"

ဘယ်ကဘယ်လို ကြားခဲ့သည် မသိ ..၊

ညတွင်းချင်း ဒီကောင်တွေ အိမ်အရောက် ပေါက်ချလာ တယ်။

အိမ်က စိတ်ပူမှာ စိုးတာကြောင့် ချော်လဲတာပါလို့ ပြောထား ပါတယ်။

ဒီကောင်တွေမပြောခင် ကျွန်တော် မျက်ရိပ်ပြပြီး လက်ဖ ရည်ဆိုင်ကို ခေါ် ထုတ်လာခဲ့ရပါတယ်။

"ကာယကံရှင်ကိုယ်တိုင်က ဘာမှမလုပ်တော့ ငါက ဘာဆ ပြီး ပေရှည်ရမှာလဲကွ"

"မဟုတ်သေးပါဘူး"





ဒီကောင်တွေ မကျေမလည် ဖြစ်နေကြပါတယ်။

အင်္ဂလန် က သီချင်းသံကြောင့် ကိုယ်ကို ရှေ့သို့ကိုင်းကာ ...

"ငါ့ဆီ အိမ်စွန်း ဖုန်းဆက်ပြောလို့ ဒီကောင်တွေခေါ်ပြီး ငါ ရောက်လာတာ၊ ဟိုကောင်လေးက အတော်ခံလိုက်ရတယ်ဆို"

"အတော်ခံရလား မခံရလားတော့ မသိဘူး၊ ခေါင်းတစ်ခုလုံး လဲ သွေးတွေ ရွှဲနေတာပဲ၊ အင်္ကျီရင်ဘတ်တစ်ခုလုံးလဲ သွေးတွေ ပေကျံနေတယ်"

"အိမ်စွန်း လဲ ပါနေတာပဲ၊ ဆေးရုံဖြစ်ဖြစ် လိုက်ပို့လိုက်ပေါ့ကွ"

ပုတု စကားကြောင့် ကျွန်တော် ခေါင်းခါပြမိသည်။

"ဒီချာတိတ် တစ်ခုခု အရေးကြီးနေတဲ့ပုံပဲ၊ သူ့အိမ်ကို အမြန် ပြန်ရောက်ချင်နေတယ်၊ ပြီးတော့ ပြောသွားသေးတယ်၊ သူ့အစ်မက ဆရာဝန်တစ်ယောက်တဲ့ .."

"လမ်းမှာ တစ်ခုခုဖြစ်နေရင်ရော"

မြောင်းမြ က တွေးတွေးဆဆ မေးခွန်းထုတ်သည်။

"တက္ကစီဒရိုင်ဘာ ပါတာပဲ"

ကျွန်တော်က ဆေးထည့် ပတ်တီးစည်းပေးထားတဲ့ လ ကို ငုံ့ကြည့်ရင်း ...

"ဖြစ်စက သွေးပူနေတော့ သိပ်မသိသာဘူး၊ ပြီးလို့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



စွန်း ပြောမှ အတော်နာတာကွ"

"အရိုးထိသေးလား"

"နည်းနည်းပါးပါးတော့ ထိလောက်မယ်၊ အိမ်စွန်း ပြောတာတော့ သိပ်မစိုးရိမ်ရဘူး ပြောတာပဲ"

"အင်းလေ .. သူ ဆရာဝန်ပဲ၊ သူ သိမှာပေါ့၊ ဒါနဲ့ မင်းက ဘယ်လိုက ဘယ်လိုဖြစ်တာလဲ"

"ငါလဲ မသိဘူး၊ သူတို့ထဲက တစ်ယောက်က တွန်းလိုက်တော့ မထူးဘူးဆိုပြီး တည်မိပါလေရော"

"တောက် .. နာလိုက်တာကွာ"

"မင်းအမြီး ငါ နင်းမထားဘူးနော် ပုတု"

ပုတု က မြောင်းမြ ကို အသံထွက်ဆဲသည်။

"ဟောကောင် .. ရန်ပွဲမှာ ငါ မရှိလို့ နာတယ်ပြောတာကွ၊ ငါတို့မျိုးရိုးက ဘုရင့်နောင်မင်းတရားကြီးနဲ့ နီးစပ်တယ်"

"လုပ်စမ်းပါဦးကွ"

"ငါတို့ နေတာဆို ဘုရင့်နောင်လမ်းမ၊ ငါတို့အဖေဆို ဘုရင့်နောင်တံတားစီမံကိန်းမှာ ပါတယ်"

"ဩော် .. တော်တော်ဆွေမျိုးနီးစပ်တာပဲ"

"ငါ့အစ်ကိုဝမ်းကွဲတစ်ယောက်ဆို 'နောင်ရိုး' မိဘ္ဘူကူးစက်ဆိုင်





ဖွင့်ထားတယ်"

"တော်တော် သတ္တိပြောင်တာပဲ"

ပုတု က သူ့အရပ်ပုပုနဲ့ ရင်ကော့ကာ မာန်နဲ့ဟန်နဲ့ ပြောသည်။

"ဒါတောင် ငါ့ဦးလေး ဖေယျာဝတီသောက်တာ မပြောသေးဘူး။ ပြောရင် အလောင်းဘုရားဘက် နွယ်သွားမှာ စိုးလို့"

"ရဲရင့်ပါပေ့ ကိုပုတု ရယ် .."

အင်္ဂလန် က ပြောလည်းပြော .. ဒီကောင့်ခေါက်ပိုးကို အုပ်သည်။

"အေး .. ဒီလိုပြောကြေးဆို ငါတို့မျိုးရိုးကလဲ တော်ရုံတန်ရုံ မဟုတ်ဘူး"

မြောင်းမြ က ဇာတိမာန်တက်ပြနေပါသည်။

"လုပ်စမ်းပါဦး"

"ခနေဖြူကို အင်္ဂလန်ရေတပ်က သင်္ဘောပေါ် ကနေ အမြောက်တွေ တဒိုင်းဒိုင်းပစ်တော့ ငါတို့မျိုးရိုးတော်စပ်တဲ့ ဗိုလ်မင်းသူရိန်က .."

ဒီကောင်က စကားကို ခဏနားတော့ ...

"ပြောစမ်းပါဦး .. ဘာလုပ်လဲ"

"စစ်တုရင် ထိုးနေတာပေါ့"

"ဟာကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဆုံးအောင်နားထောင်ပါဦးကွ .. ရန်သူကို ဘယ်လို အကွက်ရွှေ့ ချောင်းမြောင်းတိုက်ခိုက်ရမလဲ တွေးတာကွ"

"ပြီးလဲ ပြီးရော .."

"အဲဒီမှာတင် ငါလဲ အိပ်ရာက လန့်နိုးတာပဲ"

"အကောင်းမှတ်လို့ ရှီးမှပဲ .."

ဒီကောင်တွေ ရယ်စရာပြောနေလည်း ကျွန်တော့်အတွေးက ချစ်သူဆီ မမောတမ်း ပျံ့ဝဲနေပါတယ်။







ဒဏ်ရာမပေါ်သော ထိုးနှက်ချက်တွေ
မသေခင် ဘာချိန်ပါလေး . . .
ငါ့ကို ထပ်မပေးပါ . . .

ငြိမ်းစစ်မင်း (ဓြသံမဲ့..ည)



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ မသိဘူး"

ဆေးရုံကော်ရစ်တာမှာ သူမနဲ့ ဆုံတွေ့တွေ့ချင်း ကျွန်တော် အိမ်စွန်း ကို နှုတ်ဆက်တော့ အိမ်စွန်း က အခုလိုပြောပါတယ်။

ကျွန်တော်က နောက်နေတယ်ထင်လို့ ကြာဖြူ ကို ကြည့်တော့ ကြာဖြူ က မျက်နှာမကောင်း။ တစ်ဖက်ကို မျက်နှာလွှဲနေပါသည်။ ကျွန်တော် ရုတ်တရက်မို့ ဘာမှနားမလည်။

"အိမ်စွန်း .. ဘာတွေပြောနေတာလဲ၊ ကျွန်တော် နားမလည်ဘူး"

ရှုပ်ထွေးနေတဲ့ ဖြစ်ရပ်တစ်ခုအောက်က ကျွန်တော် ရုန်းထွက်ချင်နေသည်။ အိမ်စွန်း မျက်ဝန်းမှာ ကျွန်တော်နဲ့ မရင်းနှီးတဲ့ စိမ်းကားခြင်းတွေ ..။





"နင့်ကို ငါ မုန်းတယ်၊ ရွံလဲ ရွံတယ်"

အပြောအဆိုကြမ်းကြမ်းနဲ့ လှည့်ထွက်သွားတဲ့ အိမ်စွန်း ..၊ ရန်ပွဲမဖြစ်ခင်က သူမ ချပြခဲ့တဲ့ သံယောဇဉ်က အတုအယောင်လား။

ကျွန်တော် သူမနောက် လိုက်မည်အပြု ကြာဖြူ က ကျွန်တော့်ရင်ဘတ်ကို တားကာ ...

"နောက်မှတွေ့လိုက်ပါ မိုးသောက် ရယ် .. သူ နင့်အပေါ် တအား နာကျင်နေတဲ့အချိန်မှာ .."

ကျွန်တော် ကြာဖြူ့ စကားကြောင့် သူမကို အံ့အားတသင့် ကြည့်ပြီး ...

"ငါ့ကို နာကျင်နေတယ် .. ဟုတ်လား"

ကြာဖြူ အနေရခက်ဟန် ရှိသည်။

"ငါ ဘာလုပ်လို့ ငါ့ကို နာကျင်နေရတာလဲဟာ၊ ငါ ဘာမှ နားမလည်ဘူး ကြာဖြူ၊ ဘာတွေလဲဟာ .."

ကြာဖြူက စိတ်မကောင်းဟန် ကျွန်တော့်ကို ကြည့်ပြီး ...

"သွေးအေးတဲ့အခါမှ ပြဿနာကို ဖြေရှင်းပါ မိုးသောက် ရယ်.. ငါ တောင်းပန်ပါတယ်"

"နင် တောင်းပန်စရာ မလိုပါဘူး ကြာဖြူ၊ ဒီပြဿနာက သူနဲ့ ငါနဲ့ ပြဿနာပါ။ အခု သူလုပ်ပုံက .. ဟာ!... ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးလုပ်စမ်းပါ မိုးသောက် ရယ် .. ဒါ ဆေးရုံလေ၊ နင် မေ့နေပြီလား၊ သွေးအေးတဲ့အခါမှ .."

ကျွန်တော် ကြာဖြူ ကို လက်ကာတားပြီး စိတ်ကို အတတ်နိုင်ဆုံး လျှော့ကာ ...

"ငါ သိပါတယ် .. သွေးအေးတဲ့အခါမှ ဟုတ်လား ကြာဖြူ၊ နင် ပြောတာက အနေဝေးဖို့ သွေးအေးကြစို့ဆိုတဲ့ အဓိပ္ပာယ်လား ကြာဖြူ"

ကြာဖြူ စိတ် အတော်ညစ်သွားပုံ ရပါသည်။

"ပြန်ပါ မိုးသောက် ရယ် .. ငါ တောင်းပန်ပါတယ်"

"မနှင်ပါနဲ့ ကြာဖြူ .. ငါ ပြန်မှာပါ၊ နင့်သူငယ်ချင်းကို ပြောလိုက်ပါ၊ ဒီပြဿနာကို မရရအောင် ငါ ဖြေရှင်းမယ်လို့ ပြောလိုက်ဟာ၊ ဒီလိုအပြစ်ပုံချပြီးတော့ ငါ့ကို ထားသွားလို့မရဘူးလို့ ပြောပေးပါ"

"အေးပါဟာ .. ပြန်ပါတော့ မိုးသောက် ရယ်"

ကျွန်တော် လှည့်ထွက်ခဲ့ပြီး ဆေးရုံအပြင်ဘက်ရောက်တော့ စိတ်က ဖြေသိမ့်လို့ မရ၊ ဒီနေ့ အိမ်စွန်း နဲ့တွေ့ရမှ ကျေနပ်နိုင်မှာမို့ ဆေးရုံအပြင်ဘက်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကနေ လက်ဖက်ရည်မှာသောက်ကာ စောင့်နေခဲ့ပါသည်။ သူမ တစ်ယောက်တည်း ပြန်နေကျဆိုတာ ကျွန်တော် သိသည်။





နာရီဝက်လောက်ကြာတော့ ဆေးရုံထဲကထွက်လာတဲ့ ကားလေးတစ်စီး ဆေးရုံဂိတ်တံခါးမှ အသာအရှိန်လျှော့ကာ လက်ဖက်ရည်ဆိုင်ရှေ့ကအကွေ့ ကားနောက်ခန်းမှာ သူမကို တွေ့လိုက်ရပါတယ်။ သူမကလည်း ကျွန်တော့်ကို မြင်ပါတယ်။ စိမ်းကား ကျွတ်ဆတ်တဲ့မာနနဲ့ သူမမျက်ဝန်းတွေ ..။

တတ်နိုင်သမျှ တာလုံအောင် သူမရဲ့အမုန်းတွေက စည်းတားထားသည်။ ရင်းနှီးခဲ့တဲ့ သံယောဇဉ်တွေ ..၊ အတူဖတ်ခဲ့ဖူးတဲ့ ချိုမြိန်တဲ့ အိပ်မက်တွေ ..။

ဒီအရာတွေကို ကျော်လွှားပြီး အမုန်းတရားဆီ ကူးပြောင်းရောက်ရှိဖို့ ဘယ်လိုအရာက ဘယ်အင်အားနဲ့ ဝင်လာခဲ့မိပါလဲ ရွှေအိမ်စွန်း ..။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှင်းပြတာကို ဒီကောင်တွေ မယုံကြည်နိုင်ပုံ ရှိသည်။

"ငါ တကယ်ပြောတာပါကွာ .. မနေ့ညက ပြဿနာဖြစ်တယ်၊ ပြဿနာမဖြစ်ခင်အချိန်လေးအတွင်းမှာ သူ ငါ့အပေါ် ထားခဲ့တဲ့ သံယောဇဉ် ဘယ်လောက်ထိရှိလဲ သူ ဖွင့်ပြောသွားခဲ့တယ်၊ အခုတော့ တစ်ညနဲ့ တစ်မနက်မှာ အချစ်နဲ့အမုန်း ဒီလောက်ထိ ပြောင်းလဲမှုမြန်ဆန်မယ်လို့ ငါ လုံးလုံး ထင်မထားခဲ့ဘူး"

အင်္ဂလန် က သက်ပြင်းချရင်း ခေါင်းခါယမ်းကာ ...

"မင်းတို့ ဒီမနက် ပြဿနာတစ်ခုခုဖြစ်မယ့်စကား ပြောမိသေးလား၊ ဥပမာကွာ .. ဖုန်းထဲကဖြစ်ဖြစ်၊ မင်း မေ့နေမှာစိုးလို့ပါ"

ကျွန်တော် ကုလားထိုင်နောက်မှီမှာ ခေါင်းမှော့လှန်ချရင်း ...

"မနေ့ညနေ သူ့ဆေးခန်းမှာ ဆေးထည့်ပြီးကတည်းက မတွေ့တော့တာ ဆေးရုံကို ငါ ရောက်တဲ့အထိပဲ"





"မင်းတို့ဟာက ဘာကြီးမှန်းလဲ မသိဘူး မိုးသောက် ရာ .."

မြောင်းမြ တို့လည်း ကျွန်တော့်အဖြစ်ကြောင့် ခေါင်းရှုပ်နေပါသည်။

"အန်တီတို့ ဘယ်သွားလဲ"

ပုတု က အိမ်အတွင်းဘက် လှမ်းကြည့်ပြီး မေးတော့ ...

"အဖေရော အမေရော ငါ့ဦးလေးအိမ်တက် ဆွမ်းကျွေးကိုသွားတယ် ပုတု"

"ကြာဖြူ ဆီက ပြဿနာရဲ့ဇာစ်မြစ်ကို မသိခဲ့ဘူးလား"

"ဟင့်အင်း .."

ကျွန်တော့်ရဲ့ ငြင်းခုန်သံကြောင့် ဒီကောင်တွေ စိတ်အတော်ရှုပ်သွားပုံ ရပါသည်။ အတန်ကြာသည်အထိ အားလုံး ငြိမ်သက်နေပြီးမှ အင်္ဂလန်က ဖုန်းထားရာစင်ဆီ လျှောက်သွားရင်း ဖုန်းနံပါတ်တစ်ခုကို လှမ်းခေါ် လိုက်ပါတယ်။

"ဟလို .. ဒေါက်တာတင်ထွဋ် နဲ့ စကားပြောချင်လို့ပါ၊ ဩော် ကိုတင်ထွဋ် လား .. ကျွန်တော် အင်္ဂလန်ပါ၊ ဟာ .. အတော်ပဲ၊ ကျွန်တော်တို့လဲ အစ်ကို့ကို တွေ့ချင်နေတာ၊ မောနင်းစတားမှာလား၊ ဟုတ်ကဲ့ .. ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်ဆို ကျွန်တော်တို့ ရောက်ပြီ၊ စိတ်ချ .. အခုချက်ချင်း ထွက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုချလိုက်ရင်း အင်္ဂလန် က ကျွန်တော့်တို့ဘက် လှည့်ကာ ...

"ကိုတင်ထွဋ် ကလဲ ငါတို့ကိုတွေ့ချင်လို့တဲ့၊ မောနင်းစတားကို အခုချက်ချင်း ထွက်လာခဲ့ကြတဲ့၊ ထကြ .. လစ်မယ်"

"အကြောင်းထူးလို့ ဖြစ်မယ်ထင်တယ်၊ ကဲ .. လစ်ကြစို့၊ ထ.. ကြက်ကြီးလည်လိမ်ထားသလိုလို၊ အရက်နာကျသလိုလို လုပ်မနေနဲ့၊ ထ .. မိုးသောက် .."

ပုတု က ပြောလည်း ပြော ကျွန်တော့်လက်ကို ဆွဲထူထခိုင်းရင်း တန်းမှာချိတ်ထားတဲ့ အပေါ်အင်္ကျီတစ်ထည်ကို ဆွဲယူပစ်ပေးပါသည်။ ကျွန်တော်တို့ ကိုတင်ထွဋ် နဲ့ ချိန်းဆိုထားရာ မောနင်းစတားကို ရောက်တော့ ကိုတင်ထွဋ် က ကြိုရောက်နှင့်နေကာ မှာစရာရှိတာတွေ မှာထားပြီးပါပြီ။

"ကဲ .. ထိုင်၊ ဘာတွေဘယ်လိုဖြစ်ကြတာတုန်း မိုးသောက်"

ကိုယ်က မေးရမလား အောက်မေ့ပါတယ်၊ ကိုတင်ထွဋ် က ရောက်ရောက်ချင်း အခုလိုမေးတော့ အင်္ဂလန်က ခုံမှာဝင်ထိုင်ရင်း..

"ဟောဗျာ .. ကိုတင်ထွဋ် ကလဲ၊ ကျုပ်တို့က ခင်ဗျားကို မေးမလို့ဟာ"

"ဟာ – ငါက ကာယကံရှင်မှ မဟုတ်တာ၊ ဆေးရုံမှာ ဟိုတစ်





ယောက်ကို မေးတော့ ကျွန်မကိုခင်ရင် ဒီအကြောင်းတွေကို မမေးပါနဲ့တဲ့၊ ကြာဖြူ ကို မေးတော့လဲ သူ ဘာမှမသိဘူးတဲ့၊ အဲဒါကြောင့် မင်းတို့ကို ခေါ်ရတာပေါ့ဟာ၊ ဘာဖြစ်ကြတာလဲ .."

သွားပြီ ..၊ ပြဿနာက ဘယ်ကစလို့ ဘယ်မှာဆုံးသည်မသိရပါ။ ကျွန်တော် ရေခဲသီးအေးစက်နေတဲ့ ဖန်ခွက်ထဲက အရည်တွေကို စိတ်ရှုပ်ရှုပ်နဲ့ မိုက်ထဲ လောင်းထည့်လိုက်ပါတယ်။ ဒါကိုမြင်တော့ ကိုတင်ထွဋ် က ...

"ဖြည်းဖြည်းသောက်ပါကွာ .. တော်ကြာ လွှမ်းနေရင်း ဘီယာသီးလို့ သေတယ်လို့ ကျော်မကောင်း ကြားမကောင်းဖြစ်နေဦးမယ် မိုးသောက် .."

ကျွန်တော် ခပ်ယဲ့ယဲ့သာ ပြုံးနိုင်သည်။

"ပြဿနာရှိလို့ ပြဿနာဖြစ်တယ်ဆိုရင် ကျွန်တော် လက်ခံနိုင်ပါသေးတယ်၊ အခုဟာက ဘာမှန်းမသိရဘဲ အမုန်းခံရတာ ..၊ တောက် .."

"စိတ်လျှော့ပါ မိုးသောက် ရာ .. မင်းဘက်က ငါတို့ ကြာဖြူတို့ ရှိပါတယ်၊ စိတ်အေးအေးထားပြီး ဒီပြဿနာကို ညင်ညင်သာသာ ဖြေရှင်းစမ်းပါကွာ"

"အဲဒါပဲ .. ဒီကောင့်ကို ပြောပြောနေတာ ကိုတင်ထွဋ်၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



က ဝုန်းဒိုင်းကျဲချင်နေတာ"

ပုတု စကားကို ကိုတင်ထွဋ် က ခေါင်းညိတ်သည်။

"မင်းတို့ ပြဿနာမဖြစ်ကြဘူးဆိုတာ တကယ်လား"

"တကယ်ပါ ကိုတင်ထွဋ်၊ ကျွန်တော် မလိမ်ပါဘူး၊ အခုဟာက ဘာပြဿနာဖြစ်လို့ ဘာကြောင့်မုန်းတာလဲ၊ ကျွန်တော် သိချင်နေ တာ၊ အဲဒါသိမှ ပြဿနာက ပြေလည်မှာလေ"

"အေးပါ .. ငါလဲ စုံစမ်းပေးပါ့မယ်"

"ကျွန်တော် သူနဲ့ အေးအေးဆေးဆေး တွေ့ချင်တယ် အစ်ကို"

ကိုတင်ထွဋ် က မေးစေ့ကိုပွတ်ရင်း တစ်ခုခု စဉ်းစားနေပုံရပါ သည်။

"ခဏတော့ သည်းညည်းခံဦး မိုးသောက်၊ အခုရက်ပိုင်းအတွင်း အိမ်စွန်း ကိုယ်တိုင်က မင်းထွန်း ကို အကြိုအပို့လုပ်ခိုင်းထားတယ် လေ၊ ဒီရက်ထဲ တွေ့ဖို့တော့ မဖြစ်နိုင်သေးဘူး"

"မင်းထွန်း ဆိုတာ အိမ်စွန်း ကို လာကြိုတဲ့ ကုမ္ပဏီပိုင်ရှင်ဆိုတဲ့ လူလား၊ အိမ်စွန်း နဲ့ ဘာညာဘာညာဆိုတဲ့ လူလေ .."

မြောင်းမြ က ဝင်မေးတော့ ကိုတင်ထွဋ် က ခေါင်းညိတ်ပြသည်။

"အေး ..သူတို့က စေ့စပ်ထားပြီးသားကွ၊ အိမ်စွန်း က မိုး သောက် လောက်တော့ အရေးမပေးဘူးကွ၊ ဒီပြဿနာဖြစ်တော့





မင်းထွန်း ဘက်က အခွင့်ပိုသာသွားတာပေါ့၊ မင်းထွန်းက ငါနဲ့ တစ် နှစ်လောက် အတူတွဲခဲ့ဖူးတယ်"

ကိုတင်ထွဋ် က စကားဆုံးတော့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ ကျွန်တော့်ကို အကဲခတ်ရင်း ...

"သိပ်လဲ စိတ်ဓာတ်မကျပါနဲ့ကွာ၊ မင်းဘက်က မှန်နေတယ် ဆိုရင် ဒီပြဿနာက ပြေလည်သွားမှာပါ၊ ကဲ .. စိတ်ညစ်မနေနဲ့ မိုးသောက်၊ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး သောက်၊ ငါလဲ ဂျူတီမရှိ တော့ဘူး .. သောက်ကြကွာ"

အလွမ်းတွေ ဥပေက္ခာပြုခြင်းခံထားရလို့ မလန်းဆန်းတဲ့စိတ် တွေနဲ့ နက်မှောင်နေတဲ့ ကျွန်တော် ..၊ ရင်ဘတ်ကြီးတစ်ခုလုံးကို မိုးပျံပူဖောင်းလေးတစ်လုံးလို ပေါ့ပေါ့ပါးပါး လွှတ်တင်ဖို့ ကျွန်တော် ဘယ်လိုကြိုးစားရမှာလဲ ..။

အကောင်းဆုံးအိုက်တင်၊ ဟန်ဆောင်ကောင်းတဲ့ မာယာနဲ့ အလွမ်းကို လှည့်စားဖို့ဆိုတာ ကျွန်တော် မကျွမ်းကျင်တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



“ နင်ဖြစ်နေတာကိုပြောမှ ငါတို့ သိမှာပေ့ါဟ၊ အခုလို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေလို့ ပြဿနာတွေက ပြေလည်မှာတဲ့လား အိမ်စွန်း ရယ် ..”

“ဟင့်အင်း ..”

ဒီနေ့မနက် ကြာဖြူ အိမ်ကိုရောက်ချလာပြီး သူမ အခန်းရှိရာကို တန်းဝင်လာကာ အခုလို မေးမြန်းပါတော့တယ်။

“နင် ကိုမင်းထွန်း ကို တွဲသွားတွဲလာ လုပ်နေပေမယ့် နင်မပျော်တာ ငါ သိတယ် အိမ်စွန်း။ မညာပါနဲ့ဟာ .. နင့်ရင်မှာ ဘယ်လောက် ကြေကွဲဝမ်းနည်းနေလဲ၊ ငါ သိတယ် အိမ်စွန်း”

သူမ ဘာမှထပ်မပြော၊ ပြတင်းတံခါးအပြင်ကိုသာ ငေးငေးငိုင်ငိုင်တွေတွေကြီး ကြည့်နေပါတယ်။ အပြောရခက်တဲ့ ခေါင်းကျောမာလွန်းတဲ့ အိမ်စွန်း ကြောင့် ကြာဖြူ လည်း စိတ်အတော်ညစ်ရပါသည်။

“နင် .. မိုးသောက် ကို ဘယ်လောက်အတိုင်းအတာထိ ချစ်လဲဆိုတာ ငါ သိတယ် အိမ်စွန်း”





သူမ ဖျတ်ခနဲ တုန်လှုပ်သွားပါတယ်။

“ဒီကောင် ဘာအမှားတွေ လုပ်ခဲ့လို့လဲ၊ နင် ခံစားနေရသလိုသူလဲ နင့်ထက်မလျော့တဲ့ ကြေကွဲမှုနဲ့ ကြေကွဲနေမယ်ဆိုတာ ပြန်စဉ်းစားဦး အိမ်စွန်း”

“တော်ပြီ ကြာဖြူ၊ ဒီလူ့အကြောင်း ငါ မကြားချင်ဘူးဟာ”

“မကြားချင်လဲ ပြောရမှာပဲဟာ၊ ပြဿနာဆိုတာ ဖြေရှင်းလိုက်မှ ကောင်းတာဟ၊ အခုလို အုံ့ပုန်းမျိုသိပ်နေလို့ ပြီးမှာလား”

အိမ်စွန်း မျက်ဝန်းတွေ အရည်လဲ့နေပါပြီ။ မကြာခင် အသည်းအသန်ရွာတော့မယ့် ကောင်းကင်တစ်ခုလို အုံ့ဆိုင်းစပြုနေပြီ။

“ငါ ...”

သူမ တံတွေးမျိုချလိုက်ပါတယ်။ မျက်ဝန်းတွေကို မှိတ်လိုက်တော့ မထိန်းချုပ်နိုင်တော့တဲ့ တောင်ကျချောင်းတစ်ခုလို မျက်ရည်တွေ..။

“သိပ်ကိုချစ်လို့ သိပ်ကိုခံစားခဲ့ရတာပါ ကြာဖြူ၊ ဒါပေမယ့် လိမ်ညာလှည့်ဖြားတတ်တဲ့လူကြောင့် ငါ့ရဲ့အချစ်တွေက အမုန်းတွေ ဖြစ်ခဲ့ရတယ် ကြာဖြူ”

“ဘယ်လို ..”

ကြာဖြူ က မယုံကြည်ပုံ ပါးစပ်အဟောင်းသား။ အိမ်စွန်း က



www.burmeseclassic.com

www.burmeseclassic.com



နာနာကြည်းကြည်း ပြုံးပြသည်။ မျက်ရည်စက်တွေနဲ့ မသဲကွဲတဲ့ အပြုံးတစ်ခု ..။ ခံစားချက် ရောစွက်နေတဲ့မျက်နှာ ..၊ ဒဏ်ရာ ဘယ်လောက်ကြီးမား ပြင်းထန်နေသလဲ ကြာဖြူ ရိပ်မိခဲ့ပါသည်။

"ဒီ့ထက်ပိုပြီး ငါ ဆက်ပြောလို့မရတော့ဘူး ကြာဖြူ၊ ကျေးဇူးပြုပြီး ငါ့ကို ထပ်မမေးပါနဲ့တော့"

ကြာဖြူ အိမ်စွန်း ရဲ့တောင်းပန်သံကြောင့် အခုလို ခပ်တိုးတိုး ညည်းမိပါသည်။

"မဟုတ်သေးပါဘူးဟာ .. ငါ ..."

"တော်ပါတော့ ကြာဖြူ ရယ်"

ကြာဖြူ အရှုံးပေးလိုက်ရပါပြီ။ နောက်များဆိုရင် အိမ်စွန်း ကို နားချဖို့ သူမ အိမ်ပြန်ပြီး တရားစာအုပ်တွေ ဖတ်ရှုလေ့လာထားမှ လို့ စိတ်ညစ်ညစ်နဲ့ တွေးမိပါတယ်။ ဘယ်လိုမှ ပြောမရတဲ့အဆုံးမှ ကြာဖြူ တပ်ခေါက်ပြီး လှည့်ပြန်လာခဲ့ရသော အဖတ်တင်ခဲ့ပါတယ်။

"ကဲ ..ငါ ပြန်တော့မယ် အိမ်စွန်း၊ ဝင်စရာလေးတစ်ခုရှိလို့၊ နင့်ကို ကိုမင်းထွန်း လာကြိုမှာ မဟုတ်လား"

အိမ်စွန်း က ခေါင်းညိတ်ပြပါသည်။ သူမ အောက်ထပ်ဆင်းလာတော့ အိမ်စွန်း ရဲ့ မာမီက ...

"ပြန်တော့မလို့လား ကြာဖြူ"





"ဟုတ်ကဲ့ အန်တီ၊ သမီး ဝင်စရာလေးတစ်ခုရှိလို့ ပြီးမှ ဆေးရုံကို ဝင်တော့မယ်"

"သမီးသူငယ်ချင်း အခုတလော ဘာတွေဖြစ်နေလဲ မသိဘူး သမီးရယ်၊ ငိုင်တိငိုင်တိုင်နဲ့ .. မေးမြန်းကြည့်ပါဦးကွယ်"

"ဟုတ်ကဲ့ အန်တီ၊ သွားလိုက်ပါဦးမယ်"

"စားသောက်ပြီးမှ အိမ်စွန်း နဲ့ သွားပါလားကွယ်"

"ရပါတယ် အန်တီ၊ သွားမယ်နော်"

အိမ်စွန်း မာမီကို နှုတ်ဆက်ပြီး တက္ကစီငှားကာ မိုးသောက်တို့ရှိရာကို သူမ ထွက်လာခဲ့ပါတယ်။ မိုးသောက် တို့လမ်းထိပ်ကို ရောက်တော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင် လူစုံတက်စုံ တွေ့လိုက်ရတော့ အတော်ဖြစ်သွားပါသည်။ သူမ ကားကို ဆိုင်ရှေ့မှာ ရပ်ခိုင်းလိုက်ပြီး ကားပေါ်ကဆင်းတော့ ...

"ဟောဗျာ .. ဘယ်သွားသွား မလွတ်မလပ်နဲ့ကွာ၊ စိတ်ချပါ၊ မင်းကလွဲရင် အားလုံးကို မပြစ်မှားပါဘူး"

"သေနာ .."

အင်္ဂလန် စကားကြောင့် ကြာဖြူ က အခုလို ထော[illegible]ပြုပါတယ်။ မြောင်းမြ က ခုံတစ်လုံး အလိုက်သင့်ဆွဲယူမေးရင်း ...

"ဘာထူးလဲ ကြာဖြူ"



www.burmeseclassic.com

"ဟိုတစ်ယောက် မမြင်ပါလား"

"မိုးသောက် သူ့အဖေ ဘဏ်ကို ငွေထုတ်ချင်လို့ သွားလေရဲ့၊ သိပ်မကြာဘူးလို့ ပြောတာပဲ၊ တွေ့ချင်ရင် ခဏစောင့်လေ"

"မစောင့်တော့ပါဘူးဟာ၊ ပြဿနာကိစ္စ ဘာထူးလဲသိချင်လို့ သက်သက်ဝင်လာတာ"

"ငါ့ကို သတိရတယ်ဆိုရင် သတိရတယ်ပြောပါဟာ၊ ရှက်မနေပါနဲ့"

"အရေးထဲ သူက တမျှောင့်"

"မျှောက်တော့ မမျှောက်နိုင်းပါနဲ့ဟာ"

"ဘယ်လိုဖြစ်နေတာလဲ"

စကားက ပြောရင်းဆိုရင်း ချော်ချော်ထွက်သွားတာ အမှန်ပါ။

"ငါတို့ဘက်ကတော့ ဒီအတိုင်းက ဒီအတိုင်းပဲ၊ ဟိုတစ်ယောက် အခြေအနေရော .."

"အင်း .. ပြဿနာက တော်တော်ကြီးမားပုံရတယ်ဟ၊ ငါ့အထင်တော့ အချစ်ကြီးလို့ အမျက်ကြီးတာပဲ ထင်တယ်ဟ၊ အိမ်ထွန်း ဒီပြဿနာကြောင့် ဘယ်လောက်ခံစားရတယ်ဆိုတာ ငါ မြင်တယ်၊ သူ့အိမ်ကလဲ ရိပ်မိပုံရတယ်လေ"

"နင် မေးမကြည့်ဘူးလား"





ပုတု စကားကြောင့် ကြာဖြူ ခေါင်းခါသည်။

"ဘာမှ ပြန်မပြောလို့ပေါ့ဟဲ့၊ အင်း .. မိုးသောက် ကို သေသေချာချာ အသေးစိတ် နင်တို့ ပြန်စဉ်းစားခိုင်းပါလား"

ကြာဖြူ့ စကားကြောင့် အားလုံးက ခေါင်းတညိတ်ညိတ် ဖြစ်ကုန်ကြပါသည်။ ပြဿနာကို မြေလှန်ရှာဖို့ ဒီတစ်နည်းပဲရှိတော့တာ သူတို့သိပါသည်။

"ဒီလိုပဲ လုပ်ရတော့မှာပေါ့ဟာ"

ကြာဖြူ က ခဏထိုင်ပြီး ဆေးရုံနောက်ကျမှာမို့ နှုတ်ဆက်ပြီး ကားတစ်စီးငှားကာ ထွက်သွားပါတော့တယ်။ ကြာဖြူ့ကားထွက်သွားပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို မိုးသောက် ရဲ့ကား ဝင်လာပြီး 'ပြန်လာမယ်'လို့ နှုတ်ဆက်ကာ လမ်းထဲ ဝင်သွားပါသည်၊ တအောင့်ကြာတော့ မိုးသောက် ပြန်ရောက်လာပြီး ထိုင်ထိုင်ချင်း ...

"ခုန ငါ့ကားဝင်လာတော့ တက္ကစီတစ်စီးပေါ်မှာ ကြာဖြူ့ ကို တွေ့လိုက်သလိုပဲ"

"ဟုတ်တယ်၊ ဒီမှာ ထိုင်သွားသေးတယ်"

"ကြာဖြူ ဘာပြောသွားလဲ"

မိုးသောက် က အလေးတကြီးမေးပြီး စားပွဲထိုးလေးကို လက်တစ်ချောင်းထောင်ကာ လက်ဖက်ရည်မှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်ကလဲ မင်းလို ခံစားနေရတာပဲတဲ့၊ မေးတော့လဲ မေးလို့မရဘူးတဲ့ မိုးသောက်"

အင်္ဂလန့် စကားကြောင့် မိုးသောက် ဆံပင်တွေထဲ လက်နှိုက်ကာ ထိုးဖွနေပါသည်။

"သိပ်လဲ စိတ်ဓာတ်ကျမနေပါနဲ့ကွာ၊ အဖြေမှန် ပေါ်လာမှာပါ"

"အဲဒီအဖြေက ဘယ်လောက်ထိ ကြာကြာစောင့်ရမှာလဲကွာ၊ သွားလဲ ဒီစိတ်၊ စားလဲ ဒီစိတ်နဲ့ လူ သဲ လုံးပါးပါးတော့မယ်၊ အခုဟာက စကားများရန်ဖြစ်လို့ နာကြည်းမုန်းတီးတာ မဟုတ်ဘူးနော်၊ အကြောင်းပြချက် အခြေအမြစ်မရှိဘဲနဲ့ အသားလွတ်ကြီး ထားခံခဲ့ရတာ အင်္ဂလန်၊ ငါ့နေရာကလဲ ဝင်ခံစားကြည့်စမ်းပါကွာ"

ကြေကွဲထိခိုက်မှု ဝိညာဉ်တွေ ကပ်တွယ်နေတဲ့ မိုးသောက်ရဲ့ လေယူလေသိမ်း။

"အခုလဲ မင်းအတွက် ငါတို့ရော ကြာဖြူ တို့ကအစ အဖြေရှာနေတယ် မိုးသောက်၊ ခုနကတောင် ကြာဖြူ က ပြောသေးတယ်၊ နောက်ဆုံးတွေ့ခဲ့တဲ့နေ့ကစပြီး ပြန်တွေ့တဲ့ နောက်တစ်နေ့အထိ သဲလွန်စ ရနိုင်မယ့်လမ်းကြောင်းကို ရှာကြည့်တဲ့"

မိုးသောက် ကတော့ ဒီစကားအတွက် ဘာမှ မထူးခြားဟန်နဲ့ လေပူကိုမှုတ်ထုတ်ရင်း ...





"ဘာမှမထူးပါဘူး၊ သူနဲ့ငါ အဲဒီနေ့က ဆေးရုံကအပြန် လမ်းလျှောက်ပြီး ဆေးခန်းကိုသွားကြတယ်၊ လမ်းမှာ ရန်ပွဲတစ်ခုနဲ့ တွေ့တယ်၊ သူ ငါ့ကို ဆေးထည့်ပေးတယ်"

"ဆေးခန်းမှာ အပြင်လူစိမ်းတွေနဲ့ တစ်ခုခုဖြစ်လား"

ပုတု က ဖြစ်နိုင်ခြေရှိတဲ့ သဲလွန်စတွေကို မေးမြန်းသည်။

"ဆေးခန်းအကူ စာရေးမလေးနဲ့တောင် ငါ စကားမပြောဘူး၊ ငါ့ဘာသာ ဆေးထည့်ပြီး အိမ်စွန်း ကို နှုတ်ဆက်ပြီး ငါပြန်လာခဲ့တာပဲ"

"ပြီးတော့ နောက်တစ်နေ့မနက် မင်း ဘယ်သွားလဲ"

မြောင်းမြ က ဝင်မေးသည်။ မိုးသောက် က ခေါင်းခါရင်း ..

"ညပိုင်း မင်းတို့နဲ့ လက်ဖက်ရည်ဆိုင်ထိုင်တယ်၊ နောက်နေ့ ဆေးရုံကိုမသွားခင်အထိ ငါ အိမ်မှာပဲ ရှိနေတယ်လေ"

"စဉ်းစားရခက်နေပြီ၊ လမ်းဆုံးနေပြီဆိုတဲ့ အခိုပွာယ်ပဲဟော့"

အင်္ဂလန် က စိတ်ညစ်ညစ်နဲ့ ညည်းညူနေပါသည်။ တစ်နေ့လာလည်း သူနဲ့ကျွန်တော့်ရဲ့ပြဿနာကို အဖြေရှာကြနဲ့ ဘာအဖြေမှ ထွက်မလာပါ။ လူက ရှုးချင်ချင်ဖြစ်လာပါသည်။

ချစ်သူ ဘာကြောင့် မုန်းလဲ ..၊ လမ်းခွဲကြသူတိုင်း သိနှင့်နေကြပြီးသားပါ ..။ ကျွန်တော်ကတော့ ..။



www.burmeseclassic.com

www.burmeseclassic.com





မျှော်လင့်ချက်က
လေထာနယ်တစ်ခုထဲ ရှင်သန်ရင်း ..
ဘယ်အကြည့်နဲ့မှ မမြင်ရအောင် တင်းတယ် ..။

*ငြိမ်းစစ်မင်း (ကိုယ် တစ်ကြိမ်တစ်ခါမှ မသောက်သုံးခဲ့တဲ့..)*





**မိုး**တွေက သည်းထန်နေပါသည်။ ကိုမင်း မိုးပေးတဲ့ ထီးအောက်မှာ ခိုဝင်ရင်း ကိုမင်း နဲ့အတူ ရပ်ထားတဲ့ကားဆီကို သွားပါသည်။

လုံချည်ကို အသာမ,ရင်း ကိုမင်း နဲ့အတူ ကားဆီသို့ ပူးပူးကပ်ကပ် လျှောက်ရင်း ...

"မိုးသည်းရင် လူနှစ်ယောက်အတွက် ထီးတစ်ချောင်းတည်းက အကာအကွယ် မလုံလောက်ဘူး။ အိမ်စွန်း စိုကုန်တော့မယ်၊ ဖြစ်ရဲ့လား"

"ဖြစ်တယ် ကိုမင်း .. ဆေးခန်းမှာ အိမ်စွန်း အဝတ်အပိုတစ်စုံ ရှိတယ်"

ကိုမင်း က ခေါင်းညိတ်ပြရင်း ရပ်ထားရာ ကားဆီသို့ နီးအလာ...



www.burmeseclassic.com

www.burmeseclassic.com



"ကားဘေးနားက ဘယ်သူလဲ ..၊ အိမ်စွန်း အသိလား"

သည်းသည်းမည်းမည်း ရွာချနေဆဲ မိုးကြောင့် ကားဘေးနားမှာ စောင့်နေတဲ့လူကို သေချာ မမြင်ရ၊ မိုးကာအင်္ကျီကို ခေါင်းစွပ်စွပ်ထားတော့ ရုပ်ကို မှန်းရခက်စေပါသည်။

တဖြည်းဖြည်း နီးလာတော့မှ ရုပ်က ပိုမိုပီပြင်လာပါတယ်။

"ဟင်!..."

သူမ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားတော့ ကိုမင်း ကပါ ရပ်သည်။

"အိမ်စွန်း မိတ်ဆွေလား"

သူမ ဘာမှမပြောနိုင်အားပါ။

အေးစက်တိုးတိတ်စွာ အသနားခံနေတဲ့ မိုးသောက် ရဲ့ မျက်နှာအစိတ်အပိုင်း။ သူမကိုယ်တိုင်ကရော ..၊ ဖျတ်ခနဲ နီးထလာတဲ့ အသိစိတ်နဲ့အတူ နှုတ်ခမ်းကို ကိုက်မိသည်။

ကိုယ့်ကိုယ်ကိုယ် ဒီလူဟာ လူလိမ်လူညာလို့ အခါခါ သတိပေးမိပြန်သည်။

"အိမ်စွန်း ..၊ ကျွန်တော့်ကို ခဏလောက် စကားပြောခွင့်ပေးပါ"

"မလိုဘူး ..၊ ရှင် ဆက်ပြီး မနှောင့်ယှက်နဲ့တော့၊ ကျွန်မနဲ့ ပတ်သက်ဖို့ မကြိုးစားပါနဲ့လို့ ရှင့်ကို အကြိမ်ကြိမ်အခါခါ ပြောခဲ့တာ ရှင် မမှတ်မိတာလား .. ရှင် မရှက်တာလား .."





ကိုမင်း က ကျွန်မနဲ့ မိုးသောက် ကို မကြည့်ဘဲ မသိချင်ယောင်ဆောင်နေပေးပါတယ်။

"ကျွန်တော် ဘာတွေအမှားလုပ်ခဲ့လို့ ခင်ဗျား မုန်းနေရတာလဲ ဒေါ်ရွှေအိမ်စွန်း ရဲ့ .."

သူမ နာနာကျင်ကျင် ရယ်မောမိတော့ ကိုမင်း က ဆတ်ခနဲငဲ့ကြည့်သည်။

"ဘာတွေအ မှားလုပ်မိခဲ့လို့ .. ဟုတ်လား၊ ဒီမှာ မိုးသောက်.. ရှင်လုပ်ခဲ့တဲ့ အမှားတစ်ခုကို ကျွန်မက ရှင်းပြရအောင် ကျွန်မ အရူးမဟုတ်ဘူး၊ ရှင် ဖယ်နော်"

"မဖယ်နိုင်ဘူး အိမ်စွန်း .. ကျွန်တော့်ကို ရှင်းပြပါ"

"တောက် .."

သူမ ဒေါသတွေ သွေးကြောထဲ ပျံ့နှံ့စိမ့်ဝင်နေပါပြီ။ ကိုမင်း က ခေါင်းခါရင်း ...

"ဒီက ညီလေးက စိတ်ကို နည်းနည်းလျှော့ပေးပါကွာ၊ နောက်တစ်ခေါက် အခါအခွင့်သင့်ရင် အေးအေးဆေးဆေး ဆွေးနွေးကြ[illegible]။ အခု သွေးဆူနေတဲ့အချိန်မှာ ဖြေရှင်းကြရင် မဖြစ်သင့်တဲ့[illegible]သနာတွေ ထပ်ဝင်လာမှာ ကျိန်းသေတယ် ညီလေး"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်း စကားကြောင့် မိုးသောက် ခေါင်းငုံ့သွားပါသည်။

အိမ်စွန်း က မိုးသောက် ကို ဝင်တိုက်သွားကာ ကားတံခါးဖွင့်ပြီး ဝင်ထိုင်နေပါသည်။ မိုးသောက်က ကားကို ကျောပေးထားရင်း ကတ္တရာလမ်းကိုသာ ငေးစိုက်ကြည့်နေသည်။

ကိုမင်း က မိုးသောက် ကို ငေးကြည့်ကာ စိတ်မကောင်းဟန်ရှိနေပါသည်။ မိုးသောက် ပခုံးကို တစ်ချက်နှစ်ချက် ပုတ်ပြီး နှစ်သိမ့်ကာ ကားထဲဝင်ထိုင်ပြီး ကားကို မောင်းထွက်လာခဲ့သည်။

ကားကိုမောင်းထွက်လာပြီး အတန်ကြာတဲ့အထိ တစ်ဦးနဲ့တစ်ဦး စကားမဆိုမိကြပါ။ ကိုမင်း ကလည်း မိုးအရှိန်သည်းလွန်းတာကြောင့် ကားကို ပုံမှန်သာ မောင်းနှင်နေပါသည်။

"အမှန်တော့ သူ ရှင်းပြတာကို အိမ်စွန်း နားထောင်သင့်တယ်လို့ ကိုယ် ယူဆတယ် အိမ်စွန်း"

အိမ်စွန်း က ဘာမှပြန်မဖြေ။

"ခုနကောင်လေးဟာ တကယ်တော့ ကိုယ့်ရဲ့ပြိုင်ဘက်ပါ၊ ဒါပေမယ့် လူတစ်ယောက်အနေနဲ့ သူ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သူ့ရဲ့ခံစားမှုကို နားလည်ပေးသင့်တယ်လို့ ကိုယ်ထင်တယ်"

"တော်ပါတော့ ကိုမင်း ရယ်.. ကျွန်မ ဒီအချိန်မှာ သူ့အကြောင်း၊ သူ့နာမည်ကို မကြားချင်ဘူး"





ကိုမင်း က မပြောတော့သေးပါဘူးလို့ ခပ်တိုးတိုး ညည်းတွားနေပါသည်။

သူမ မျက်ဝန်းကို မှိတ်ပစ်လိုက်တော့လည်း မိုးရေစက်တွေအောက်က မိုးသောက် ရဲ့ပုံရိပ်က မျက်ဝန်းမှာ ပေါ်လာပါသည်။

တကယ်ချစ်လို့ တကယ်မုန်းတီးနာကျင်ခဲ့ရတာ သူမကိုယ်တိုင် အသိ ..။

တစ်ခါတစ်ခါ ဘာဖြစ်လို့ လိမ်ညာလှည့်ဖြားခဲ့ရတာလဲလို့ မိုးသောက် ကို ရင်ဆိုင် မေးကြည့်ချင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် အဲဒီလို ဖွတ်တရွတ်လုပ်မှာစိုးလို့ စိတ်ကိုထိန်းပါလို့ ငါ အခါခါ ပြောခဲ့တာကိုဟာယ်"

ကြာဖြူ က ကရုဏာဒေါသနဲ့ ကျွန်တော့်ကို မာန်မဲနေပါသည်။ ကိုတင်ထွဋ် က ကျွန်တော့်ကို စိတ်မသက်သာဟန်နဲ့ ငေးကြည့်ရင်း...

"ဒီကောင့်ဘက်က ကြည့်တော့လဲ ဟုတ်တော့ဟုတ်တယ်ဟ၊ ချစ်သူက အသားလွတ်ကြီး အမုန်းခံရတာလောက် အခံရခက်တာ မရှိဘူး"

ကိုတင်ထွဋ် စကားကြောင့် ကြာဖြူ က မျက်စောင်းထိုးရင်း...

"အရေးထဲ ကဗျာဆန်နေပြန်ပြီ"

"ဟဲ့ .. မကြားဖူးဘူးလား၊ ဘာတဲ့ ... အချစ်နဲ့တွေ့ရင် အားလုံး ဟာ အရက်သမားဖြစ်တယ်ဆိုတာလေ"

"ကဗျာဆရာဖြစ်တယ် .. ပြောစမ်းပါဗျာ"





မြောင်းမြ စကားကြောင့် ကိုတင်ထွဋ် ပြုံးစေ့စေ့နဲ့ ...

"ငါ့ကောင်ကြီး စိတ်ပေါ့သွားအောင် ပြောတာပါကွာ"

"အီစွတ် ကလဲ မြို့စိစိ၊ အနည်းဆုံး ငါ့ကိုတော့ သူ ရင်ဖွင့်သင့် တယ်ဟာ၊ ငါလဲ နင်တို့ကြားမှာနေရတာ စိတ်ညစ်တယ်၊ ဖွင့်သာ မပြောတာ၊ နင့်အီစွတ် လဲ ကြိတ်မှိတ်ခံစားနေတာ ငါ သိတာပေါ့"

ကြာဖြူ က အိမ်စွန်း ကို အားမလိုအားမရဟန်နဲ့ ပြောပါသည်။

"ကဲ .. စားလိုက်ပါဦး၊ ငါတို့နှစ်ယောက်လဲ ပြီးရင် တရားရုံး သွားရဦးမှာ"

"အောင်မယ် .. လူကိုများ၊ အေးပါ .. မို့မို့ နဲ့ တွေ့မှ နင့်လူကြီး နောက်မီးလင်းချင်နေတယ်လို့ ချွန်ပေးလိုက်ဦးမယ်"

ကိုတင်ထွဋ် က တဟဲဟဲ ရယ်နေပါသည်။ စားပြီးသောက်ပြီး လို့ ဆိုင်က ထွက်ကြတော့ အဂ်လန် က ...

"မိုးသောက် .. မင်း ငါနဲ့ ပလာဇာဘက် လိုက်ခဲ့ကွာ၊ ငါ့အသိ ဆိုင်တစ်ဆိုင် ဝင်ပေးစရာလေး ရှိလို့"

အမှန်က ကျွန်တော် စိတ်ပြေလက်ပျောက်ဖြစ်စေရန် ဒီကောင် ခေါ်နေမှန်း သိတာကြောင့် ...

"မလိုက်တော့ဘူးကွာ .. ငါ အိမ်ပြန်တော့မယ်"

"လိုက်သွားစမ်းပါကွာ၊ ငါနဲ့ ပုတု သူ့အိမ်ကပဲ စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြောင်းမြ ကလည်း ကျွန်တော့်ကို အတင်းလွှတ်နေပါသည်။

"အေးလေဟယ် .. ဟိုမသွားဒီမသွားနဲ့ အိမ်တွင်းပုန်းကုလားမ ဖြစ်လိမ့်မယ်"

"ကဲပါ .. ငါ မင်းတို့ကို ဝင်ပို့ပေးခဲ့မယ် .. လာ ..."

ကိုတင်ထွဋ် က အတင်းခေါ်တာကြောင့် ဟိုကောင်တွေကို လက်ပြကာ ကိုတင်ထွဋ် ကားရှိရာသို့ လျှောက်လာခဲ့ကြသည်။

ကိုတင်ထွဋ်က ကားမထွက်ခင် ...

"ဘယ်ပလာဇာလဲ အင်္ဂလန် .."

"ယုဇနပလာဇာ .. အစ်ကို"

"ဪ .. ဒီနားလေးပဲ၊ အိုကေ"

တစ်လမ်းလုံး အင်္ဂလန် နဲ့ ကြာဖြူ က အနိုင်အထက် ရယ်စရာ စကားတွေ အလုအယက် ပြောနေကြသည်။ ပလာဇာရှေ့ရောက် တော့ အင်္ဂလန် က ...

"အဲဒီရှေ့နားတင် ရပ်လိုက် အစ်ကို၊ အဆင်ပြေတယ်"

ကိုတင်ထွဋ် က ကားကိုရပ်ပေးတော့ နှစ်ယောက်သား ဆင်း ရင်း နှုတ်ဆက်ကာ ပလာဇာ ဒုတိယထပ်ကို တက်လာခဲ့ကြပါ သည်။ အရောင်းဆိုင်တစ်ဆိုင်ရှေ့ရောက်တော့ အင်္ဂလန် က ...

"လာလေ .. ဒီဆိုင်ပဲ"





"မင်း မကြာဘူးမဟုတ်လား"

"ခဏပါ"

"ဒါဆို ငါ အပြင်ကပဲ စောင့်မယ်ကွာ .. ဟိုကြည့်ဒီကြည့်ရင်း ဝယ်စရာတွေ့ရင် ဝယ်ရတာပေါ့"

"ဟုတ်ကောင် .. သိပ်ဝေးဝေးမသွားနဲ့ဦး၊ ငါ ရှာရခက်နေဦးမယ်"

"အေးပါ၊ ဒီနားတင် ..၊ မင်း မြန်မြန်လုပ်နော်"

"အေးပါ .. သွားပြီ"

ဒီကောင် ဆိုင်ထဲဝင်သွားတော့ ကျွန်တော်က မျက်မှန်တွေ ရောင်းတဲ့ဆိုင်ရှေ့မှာရပ်ပြီး အပြင်ကပဲ ငေးကြည့်တော့ ဆိုင်ဝန်ထမ်း လေးက အပြုံးနဲ့ ...

"အစ်ကို မဝယ်လဲ ဝင်ကြည့်လို့ရပါတယ်"

"ရပါတယ်ကွာ .. မဝင်တော့ဘူး၊ ရတယ် ညီလေး"

ကျွန်တော် အပြင်ကပဲငေးကြည့်ရင်း ဟိုဆိုင်ဒီဆိုင်တွေကို လှည့်ငေးနေမိသည်။ စိတ်ဝင်စားဖွယ်ကောင်းတဲ့ ရောင်စုံမိန်းကလေး တွေ ပိုက်ဆံတွေ အလကားရသလားထင်ရအောင် ဝယ်နေလိုက်ကြ တာ ..၊ ရှေ့နည်းနည်းဆက်လျှောက်ရင်း သူ ဘာရယ်မဟုတ် တီရှပ်တွေရောင်းတဲ့ ခပ်လှမ်းလှမ်းကဆိုင်ဘက် ငေးကြည့်မိသည်။ အဲဒီဆိုင်လေးက သူနဲ့ မနီးမဝေးမှာပါ။ ဆိုင်ထဲမှာ အနက်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ကို လွယ်ထားတဲ့ ကောင်လေးတစ်ယောက်၊ ကျွန်တော်နဲ့ဆိုရင် ခပ်စောင်းစောင်း အနေအထားမှာပါ။

ကောင်လေးက ဝယ်ပြီးသား ပစ္စည်းအိတ်ကို လှမ်းယူကာ ဆိုင်ထဲက ထွက်လာတာ မြင်လိုက်ပါတယ်။ အဲဒီကောင်လေးက သူ့ကို မမြင်ပါ။ သူ မျက်မှောင်ကြုတ်စဉ်းစားရင်း ဘယ်မှာမြင်ဖူးပါလိမ့်လို့ စဉ်းစားနေမိပါတယ်။ အနားရောက်လာတော့မှ သူ မှတ်မိလိုက်ပါတယ်။ ရန်ပွဲမှာ အရိုက်ခံလိုက်ရတဲ့ ကောင်လေး ..။

"ညီလေး၊ မင်း အစ်ကို့ကို မှတ်မိလား"

ကျွန်တော်က ကောင်လေးရှေ့မှာ ပိတ်ရပ်ပြီး အပြုံးနဲ့မေးတော့ ကောင်လေးက ဇဝေဇဝါနဲ့ ကြည့်နေပါတယ်။ ချက်ချင်းဆိုသလို မှတ်မိပုံပေါ်ခဲ့ပြီး အထိတ်တလန့်ဖြစ်သွားပုံနဲ့ ...

"ဟာ!... မသိဘူး၊ ခင်ဗျားကို ကျွန်တော် မသိဘူး၊ ကျွန်တော် သွားတော့မယ်"

ကောင်လေးက ကမူးရှူးထိုး ငြင်းဆန်ပြီး ခပ်သုတ်သုတ် ထွက်သွားပါတယ်။ ကောင်လေးရဲ့ လုပ်ရပ်ကြောင့် ကျွန်တော် ကြောင်အမ်းအမ်း ဖြစ်သွားပါတယ်။ နောက်မှ သတိဝင်လာကာ ကောင်လေးနောက်က ကမန်းကတန်းလိုက်တော့ ကောင်လေးက လူအုပ်ကြားထဲတိုးဝင်ကာ လှေကားဘက် အမြန်ပြေးတော့သည်။





သူကလည်း ထပ်ချပ်မကွာလိုက်ပေမယ့် ရှုပ်ယှက်ခတ်နေတဲ့ လူတွေကြောင့် ဘယ်လိုမှ ရှေ့ဆက်မသွားနိုင်၊ ဓာတ်လှေကားထိပ် ရောက်လို့ အောက်ထပ်ကို ငုံ့ကြည့်တဲ့အခါ ကောင်လေးရဲ့အရိပ်ကို အစအနတောင် မမြင်ရတော့ပါ။

ကျွန်တော် ဓာတ်လှေကားနဲ့အောက်ထပ်အထိဆင်းပြီး ရှာတော့ ကောင်လေးရဲ့ အရိပ်အယောင်ကို လုံးဝ မမြင်ရတော့ပါ။

"တောက် ..."

စိတ်က ဒေါသထွက်သွားရင်း ဒုတိယထပ်ကို ပြန်တက်လာခဲ့ပါတယ်။ စိတ်ကစနိုးစနောင့်ဖြစ်သွားရင်း အင်္ဂလန် ဝင်သွားတဲ့ဆိုင်ဘက် လျှောက်လာတော့ အင်္ဂလန် က သူ့ဆီကို ဦးတည်လျှောက်လာကာ..

"ဘယ်တွေလျှောက်သွားနေတာလဲကွာ၊ ဘာလဲ .. ကောင်မလေးတွေ လျှောက်ငမ်းနေတာလား"

ကျွန်တော်က စိတ်ပျက်လက်ပျက်နဲ့ ခေါင်းခါယမ်းတော့ ဒီကောင်က ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ...

"ဘာဖြစ်လာတာလဲ"

နှုတ်ခမ်းကိုကိုက်ရင်း စက်လှေကားဘက် ငဲ့ကြည့်လိုက်ပြီး...

"ငါ့ကိုမြင်တော့ ဒီချာတိတ် ထွက်ပြေးသွားတယ်ကွာ၊ ဘာကြောင့် ထွက်ပြေးတာလဲ၊ ငါက သူ့ကို ကူညီခဲ့တဲ့လူပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကို ဒီကောင် သဘောပေါက်ပုံမရ ..။

"ဘယ်သူက ထွက်ပြေးလို့ မင်းက ဘာကို ဒေါသထွက်နေရတာလဲ၊ ရှင်းရှင်းပြောစမ်းပါကွာ၊ လာ .. ဂျေဒိုးနပ်မှာ တစ်ခုခုသောက်ရင်း အစကနေ အဆုံးထိအောင် ပြောပြ"

ကျွန်တော့်လက်ကိုဆွဲခေါ်ရင်း ဒီကောင်က ဂျေဒိုးနပ်ထဲ ဝင်သွားပါတယ်။ ဆိုင်ထဲရောက်တော့ ကျွန်တော်က စားပွဲတစ်ဝိုင်းမှာ စိတ်ရှုပ်ရှုပ်နဲ့ သွားထိုင်နေလိုက်ပါတယ်။ ဒီကောင်က ကော်ဖီအေးနှစ်ခွက်ယူလာပြီး စားပွဲပေါ် ချကာ ...

"ကဲ .. ပြောစမ်းပါဦး"

"ငါနဲ့ အိမ်စွန်း ဆေးခန်းကိုအသွား၊ လမ်းမှာ ရန်ပွဲတစ်ခုတိုးတာ မင်း သိတယ်နော်"

"အင်းလေ .. မင်းတောင် လက်ဖမိုးမှာ ဒဏ်ရာရလို့ အိမ်စွန်း ဆေးထည့်ပေးသေးတဲ့ဟာ"

အဂ်လန် က ပြောပြီး ကော်ဖီအေးကို တစ်ငုံသောက်လိုက်သေးသည်။ သူကတော့ ဖန်ခွက်ကို လုံးလုံး မထိနိုင်သေး ..။

"အဲဒီရန်ပွဲမှာ ခံလိုက်ရတဲ့ကောင်လေးအကြောင်း ငါ မင်းတို့ကို ငါ ပြောပြသေးတယ်နော်"

"ဟုတ်တယ်လေ .. ဒီရှာတိတ်ခေါင်းမှာ တော်တော်ထိသွား





တယ်လို့တောင် မင်း ပြောပြသေးတာပဲဟာ"

"ခုန အဲဒီကောင်လေး ဆိုင်တစ်ဆိုင်ထဲကနေ ထွက်လာတာ ငါမြင်လိုက်လို့ သွားနှုတ်ဆက်လိုက်မိတယ်"

"အဲဒါ ဘာဖြစ်လဲ၊ နှုတ်ဆက်တာပဲကွာ"

ကျွန်တော်က မျက်မှောင်ကြုတ်စဉ်းစားရင်း ...

"ကောင်လေးက ငါ့ကိုလဲမြင်ရော တစ္ဆေသရဲ တွေ့သလို ကြောက်လန့်ပြီး ခင်ဗျားကို ကျွန်တော်မသိဘူးလို့ပြောပြီး ထွက်ပြေးသွားတယ်ကွ"

"ဟော!..."

အဂ်လန် အံ့အားသင့်သွားတာ ပါးစပ်အဟောင်းသား။ ကျွန်တော်ကိုယ်တိုင်လည်း စဉ်းစားရခက်နေခဲ့ပါတယ်။

"ဒီကောင်လေး ဘာကြောင့် ငါ့ကိုမြင်တာနဲ့ မျက်နှာပျက်ပြီး ထွက်ပြေးသွားရတာလဲ၊ ငါလဲ စဉ်းစားမရဘူး .. အောက်ထပ်အထိ လိုက်ရှာသေးတယ်၊ မတွေ့တော့ဘူးကွာ"

ကျွန်တော့်လိုပဲ အဂ်လန် လည်း တစ်ခုခုကို အပြင်းအထန် စဉ်းစားနေပုံ ရပါသည်။

"ဒါဟာ သဲလွန်စပဲ .. မင်းနဲ့ အိမ်စွန်း ရဲ့ပြဿနာက ဒီရှာတိတ်နဲ့ ပတ်သက်နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလဲ အဲဒါ စဉ်းစားနေတာ"

အင်္ဂလန် က မေးစေ့ကိုပွတ်ရင်း တစ်ခုခုကို သတိရသွားပုံနဲ့..

"မင်းနဲ့ အိမ်စွန်း ပြဿနာဖြစ်ကြတာ ဘယ်လောက်ကြာပြီလဲ"

"ဒီနေ့နဲ့ဆို လေးရက်လောက်ရှိပြီ"

အင်္ဂလန် က တွေးတွေးဆဆနဲ့ ...

"ဒီကောင်လေးမှာ ဘာထူးခြားတာ တွေ့လဲ"

"ဘာကိုမေးတာလဲ အင်္ဂလန် .."

အင်္ဂလန် က ခပ်ရေးရေးလေး ပြုံးကာ ...

"အဲဒီကောင်လေးရဲ့ ခေါင်းမှာ .."

"ဟာ!... ဟုတ်သားပဲ"

စားပွဲခုံကို သတိလက်လွတ် ပုတ်မိလိုက်တော့ ဒေါ်းဝိုင်းတွေက အလန့်တကြား လှမ်းကြည့်ကြသည်။ ကျွန်တော် ဂရုမစိုက်နိုင်အားပါ။

"ဟုတ်တယ် .. ဒီကောင်လေးခေါင်းမှာ ဘာပတ်တီးမှ မတွေ့ဘူး၊ ရန်ပွဲဖြစ်တဲ့နေ့က သွေးထွက်နှုန်းနဲ့ဆိုရင် ဒီချာတိတ် ဒီအချိန် ဆေးရုံက ဆင်းလို့ကိုရမှာ မဟုတ်ဘူး၊ ဟုတ်တာပဲ .. ဒါဆိုရင် .."

"သိပ်ကို ကျိန်းသေတာပေါ့ကွာ၊ မင်းတို့ လုပ်ကြံခံလိုက်ရပြီ"

"ငါတို့ ..."

အင်္ဂလန်က ပိုင်ပိုင်နိုင်နိုင်မျက်နှာထားနဲ့ ခေါင်းညိတ်ပြသည်။





"ဘာလို့ ငါတို့က လုပ်ကြံခံလိုက်ရတာလဲ အင်္ဂလန်၊ ငါ့မှာ ရန်ငြိုးရန်စမှ မရှိတာ"

"ဟာ .. ရန်ငြိုးရန်စဆိုတာ မင်း ရန်သွားဖြစ်မှ ရန်ငြိုးရန်စရယ်လို့ ရှိတာမှမဟုတ်ဘဲ၊ ဥပမာ .. စီးပွားရေး၊ လူမှုရေးကြောင့်လဲ ရန်ငြိုးရန်စဆိုတာ ရှိနိုင်တာပဲ"

"ဟာကွာ .. အဲဒါဆိုရင် .."

ကျွန်တော့်ရဲ့ မချင့်မရဲစကားကြောင့် အင်္ဂလန် က ကျွန်တော့် လက်မောင်းကို လှမ်းပုတ်ရင်း ..

"သဲလွန်စတစ်ခု ရပြီပဲကွာ၊ အမှန်တရားဆိုတာ သိပ်မဝေးပါဘူး၊ ကဲ .. လစ်မယ်၊ ဟိုကောင်တွေလဲ သိချင်မှာပဲ .. ထ"

ကျွန်တော် ထရပ်တော့ ...

"လာပါကွာ၊ မင်း စိတ်ဓာတ်ကျမနေနဲ့တော့"


ပလာဇာထဲကနေ လမ်းမပေါ် ခြေချတော့ အပြင်က နေသည် အတော်ပူ၏။



www.burmeseclassic.com

www.burmeseclassic.com





တပိုတမှိ ကုန်လွန်သွားတဲ့ နာရီတွေထဲ ..
ဆုပ်ကိုင်ဖို့ပဲ ..
မမှောင်ဘဲ လွဲခဲ့ကြတယ် ...။

ငြိမ်းစစ်မင်း





"လုပ်စမ်းပါဦးကွာ၊ ဘာတွေများ သတင်းထူးလို့လဲ"

အိမ်ပေါ် တက်လာလာချင်း ကိုတင်ထွဋ် က အခုလို ပြောပါတယ်။ အိမ်မှာက ဖေဖေနဲ့မေမေ မရှိတော့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ ပိုကောင်းခဲ့ပါတယ်။

"မင်းတို့ ကြာဖြူကို မခေါ်ဘူးလား"

"ဖြေပုံမယ်ဗျာ .. ထိုင်ပါဦး"

အင်္ဂလန် က ကိုတင်ထွဋ် လက်မောင်းကိုဆွဲပြီး အတင်းထိုင်ခိုင်းရပါသည်။

"ဒါပဲ ပြောပြလိုက်တော့မယ်"

ကျွန်တော့်ကို အင်္ဂလန် က ဦးတည်ပြီး မေးတော့ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျ .."

"ဟာ .. ပြောမယ့်အရေးကို ဟိုလိုဒီလိုတွေ အစချီမနေပါနဲ့ ကွာ"

"အင်းပါဗျာ .. ကိုတင်ထွဋ် ကလဲ .. အရေးတကြီးကိစ္စမို့လို့ တမင် ကြာဖြို့ ကို မခေါ်ထားတာ၊ ဒီကောင်နဲ့ အိမ်စွန်း ပြဿနာ မဖြစ်ခင်တစ်ရက်က သူတို့နှစ်ယောက် အိမ်စွန်း ဆေးခန်းဆီအသွား မှာ ရန်ပွဲတစ်ပွဲနဲ့ ကြုံတယ်၊ အဲဒါ ကိုတင်ထွဋ် သိတယ်နော်"

"အေးလေ .. အဲဒါ ဘာဖြစ်လဲ .."

"ဖြစ်တယ် .. အဲဒီရန်ပွဲက သံသယဖြစ်စရာကောင်းနေတာ အမှန်ပဲ"

"ဘယ်လို .."

ကိုတင်ထွဋ် က မျက်မှောင်ကြုတ်ကာ မေးသည်။

"နေ့လယ်က ကျွန်တော်တို့နှစ်ယောက်ကို ခင်ဗျားကားနဲ့ ပလာဇာ လိုက်ပို့ပေးတယ်နော်"

"အေးလေ .. ကြာဖြို့ တောင် ပါလာသေးတယ်"

"ပလာဇာရောက်တော့ ကျွန်တော်က ကျွန်တော့်အသိဆိုင် ဝင်နေတုန်း ဒီကောင်က အနားကဆိုင်တွေကို လှည့်ပတ်ကြည့်နေ တယ်၊ အဲဒီမှာ ရန်ဖြစ်တုန်းက ခံလိုက်ရတဲ့ကောင်လေးကို ဒီကောင်





တွေ့လိုက်တယ် ကိုတင်ထွဋ်"

"အဲဒီတော့ .."

"မိုးသောက် ကတော့ ဝမ်းသာအားရနဲ့ သွားနှုတ်ဆက်တာ ပေါ့၊ အဲဒီချာတိတ်က ဒီကောင့်ကိုမြင်တော့ သရဲသဘက် တွေ့လိုက် သလို မျက်နှာပျက်လို့ဗျ၊ ပြီးတော့ တစ်ချိုးတည်း လစ်ပြေးပါလေ ရော .."

"ဘာဖြစ်လို့ ချာတိတ်က လစ်ပြေးတာလဲ"

"အဲဒါကို စဉ်းစားနေတာ၊ တစ်ခုထူးခြားတာက အဲဒီရန်ပွဲဖြစ်တဲ့ နေ့နဲ့ ဒီနေ့ကိုတွက်ကြည့်ရင် လေးရက်ရှိပြီ၊ အမှန်ဆို သူရတဲ့ဒဏ်ရာ နဲ့ဆို မသကာ ဆေးရုံမှာဖြစ်ဖြစ် အိမ်မှာဖြစ်ဖြစ် ခေါင်းမှာ ပတ်တီး လေးစည်းပြီး စုတင်ပေါ် လှဲနေသင့်တယ်၊ အခု သူ့ခေါင်းမှာ ဘာ ပတ်တီးမှ မတွေ့ရဘူး"

"အင်း .. ငါသဘောပေါက်ပြီ"

ကိုတင်ထွဋ် က ခေါင်းတညိတ်ညိတ်နဲ့ လုပ်ကာ လက်ဖျောက် တီးပါသည်။

"ဒီထက်ထူးခြားတာတွေ မိုးသောက် ဆက်ပြောပြလိမ့်မယ်"

"ကျွန်တော် ထပ်ပြီး သတိထားမိတာ တစ်ခုရှိသေးတယ်၊ ရန်ပွဲ ပြီးလို့ အိမ်စွန်း က သူ့ဆေးခန်း အတင်းခေါ်တော့ ဒီချာတိတ်က



www.burmeseclassic.com

www.burmeseclassic.com



အတင်းငြင်းတယ်ဗျ၊ သူ့ အရေးတကြီးကိစ္စရှိလို့တဲ့၊ ကျွန်တော်တို့လဲ တကယ်ထင်တာပေါ့၊ အခု ပြန်တွေးကြည့်မှ သေကောင်ပေါင်းလဲ ဒဏ်ရာကြီးရတာတောင် အရေးတကြီးကိစ္စသွားဖို့ဆိုတာ ဖြစ်နိုင်ပါ့ မလား၊ သေရေးရှင်ရေးမှသာ သွားဖြစ်နိုင်မယ်ထင်တယ်၊ ပြီးတော့ ဒီလောက် လူရှင်းနေတဲ့လမ်းပေါ်မှာ အိမ်စွန်း အော်ခေါ် အကူအညီ တောင်းတာတောင် ဘယ်သူမှ ထွက်မလာကြဘဲနဲ့ ရန်ပွဲဖြစ်ပြီးမှ တက္ကစီတစ်စီး ရောက်လာတာရယ် .. တက္ကစီက မတားခ ကတည်းက ရပ်ဖို့လုပ်နေတာရယ် .. ကားသမားအများစုက ဒီလို သွေးထွက် သံယိုဒဏ်ရာရှိတဲ့ ခရီးသည်ဆို လက်ခံချင်မှာမဟုတ်ဘူ လေ၊ အဲဒီကားသမားက အေးအေးဆေးဆေးပဲ၊ ဘယ်သွားမလဲ မမေးဘူးဗျ၊ ချာတိတ် ကားပေါ်တက်တာနဲ့ တန်းမောင်းထွက်သွား တာပဲ"

"အင်း .. ဒါဆိုရင် ဒီရန်ပွဲဟာ လုပ်ကြံဖန်တီးထားတဲ့ ရန်ပွဲဆို တာ သိပ်သေချာပြီ၊ ဒီရန်ပွဲနဲ့ ဒီကောင်နဲ့ အိမ်စွန်း ပြဿနာက ဆက် စပ်မှု ရှိကိုရှိရမယ်"

"ကျန်သေးတယ်ဗျ .."

ကျွန်တော့်စကားကြောင့် အားလုံးက ကျွန်တော့်ကို ကြည့်ကြ သည်။





"အိမ်စွန်း ဆေးထည့်ပေးပြီး အိမ်ပြန်ရောက်တော့ ကျွန်တော့် အင်္ကျီမှာ ချာတိတ်ရဲ့သွေးက နည်းနည်းပေသွားတယ်၊ ကျွန်တော့် အမေက ကျွန်တော့်သွေးထင်ပြီး အင်္ကျီကို နမ်းကြည့်တယ်၊ ပြီးတော့ ကျွန်တော့်ကို နင့်အင်္ကျီက သွေးမှဟုတ်ရဲ့လား တဲ့၊ ကျွန်တော်က ဘာဖြစ်လို့လဲမေးတော့ ကပ်စီးကပ်စီးနဲ့ ဖျော်ရည်အဆီလိုလို ဘာလို လိုထင်တယ်လို့ ပြောတယ်၊ ကျွန်တော်က ပေ့ါပေ့ါတန်တန်ပဲ ထား လိုက်ပါတယ်၊ အမေ့စိတ်ထင်တာ ပြောတယ်ထင်လို့ပေါ့"

စကားဆုံးတော့ မြောင်းမြ က အခုလိုပြောပါတယ်။

"ကြာဖြူ ကို ကိုတင်ထွဋ် တိတ်တိတ်လေး အသိပေးထား လိုက်၊ အိမ်စွန်း ကို မပြောနဲ့ဦး .. ဒီကောင်မလေးက သက်သေမရှိ တော့ ယုံမှာမဟုတ်ဘူး၊ ကြာဖြူ ကိုလဲ နှုတ်ပိတ်ထားဦး ကိုတင် ထွဋ်"

"အဲဒါတော့ ဟုတ်တယ် .. ငါ ပြောလိုက်မယ်၊ အဖြေကိုသိမှ ပြောတာက ပိုကောင်းတာ အမှန်ပဲ"

"ဒီတစ်ခါတော့ မြောင်းမြ စကားက ဖောင်းကြွနေပါလား"

"ငါက ဘာဖောင်းကြွရမှာလဲ"

ဒီကောင့်စကားကြောင့် ကျွန်တော်က ရယ်မိတော့ သူ့ က နှာခေါင်းရှုံ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အခုမှပဲ မိုးသောက် တို့ ရယ်နိုင်ပြုံးနိုင်တော့တယ်၊ မနက်က အထိတော့ သေတော့မယ်လူနာ ကျနေတာပဲ"

"ဒါကတော့ ခံစားရတဲ့လူကိုကွ၊ ကိုယ်ချင်းစာကြည့်ပေါ့"

"ဩော် .. မင်းကိစ္စက ဘုန်းကြီးအမှူ ရှာပတ်ဆိုတဲ့ စကား အတိုင်းပဲ၊ ဘယ်သူက ငြိမ်ငြိမ်နေရလို့လဲ၊ တကယ့်ပြဿနာဦးခေါင်း အမှူ .."

"ကျေးဇူးတင်ပါတယ်ဗျာ"

ကိုတင်ထွဋ် က စကားလုံးနဲ့ ကျေနပ်နိုင်ပုံ မပေါ်။

"ဟေ့ကောင် .. ဒီတိုင်းတော့ မရဘူး၊ ဟုတ်လား .."

"အဲဒါ မှန်တယ်"

"ဟုတ်တယ်ဟေ့"

အားလုံးကလည်း တညီတညွတ် ထောက်ခံကြပါတယ်။ ကျွန် တော်က ရယ်ရင်း ...

"ကျွန်တော်နဲ့ အိမ်စွန်း မှ မပြေလည်သေးတာ"

"အေးလေ .. ပြဿနာပြေလည်တဲ့နေ့ရောက်ခဲ့ရင် ပြောတာပါ"

ကိုတင်ထွဋ် က လမ်းကြောင်းတည့်ပေးတဲ့စကားကို ဆိုပါ တယ်။

"ရပါတယ်ဗျာ .. ကျွန်တော် ဒကာခံမယ် .. ဟုတ်လား"





"ဟေ့ကောင် .. တစ်ဝိုင်းနော်"

"စိတ်ချပါဗျာ"

"နေကြပါဦး .. ပြဿနာက နည်းနည်းတော့ ရှိပ်မိပြီ ဘာဆက် လုပ်ရမှာတုန်း"

ပုတ္တ စကားကြောင့် အားလုံးက ပခုံးတွန့်ပါတယ်။ ကိုတင်ထွဋ် က လက်ကာတားကာ ...

"ချာတိတ်ကို ရှာရမှာပေါ့"

"ဟာဗျာ .. ဘယ်မှာနေလို့ ဘယ်မှာရှိမှန်းမသိတဲ့လူကိုများ၊ ပြီးတော့ ချာတိတ်ကို ဒီကောင်တစ်ယောက်ပဲ မြင်ဖူးတာ"

"ဟ .. အသက်အရွယ်နဲ့ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး သွားတတ် လာတတ်တဲ့နေရာတွေကို လိုက်ရှာပေါ့ဟ၊ မင်းတို့ မြန်မာပြည်အနှံ့ လိုက်ရှာရတာထက်စာရင် လွယ်ပါတယ်ကွ၊ ဒီချာတိတ် အင်္ဂလန်၊ ဂျပန်၊ အင်္ဂါဂြိုဟ်လောက်ထိတော့ ထွက်မပြေးနိုင်ပါဘူးဟ၊ နေ့တိုင်း လဲ ဒီချာတိတ် အိမ်တွင်းပုန်းမနေနိုင်ပါဘူး .. ဟုတ်လား"

တစ်ယောက်ကိုတစ်ယောက် ကြည့်မိကာ ခေါင်းတဆတ် ဆတ် ညိတ်မိကြပါသည်။

ပုတ္တ က ...

"လုပ်စမ်းပါဦး အိုင်ပီကိုနှင်းမောင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ထွဋ် က ပုတု စကားကြောင့် ဟဟဲဟဲရယ်ရင်း ...

"ပလာဇာ၊ စင်တာ၊ ကွန်ပျူတာသင်တန်း၊ တက္ကသိုလ် ကောလိပ်၊ ဈေး၊ စတိုးတ်ရှိုးပွဲ၊ မြို့လယ်ခေါင်၊ ကားမပြောသင်တန်း အစုံပေါ့ကွာ၊ ကိုယ့်ဘာသာ စာရင်းမှတ် နွဲခြမ်းပြီး လိုက်ရှာကွာ"

"အေးလေ .. အဲဒီလိုပဲ လုပ်ရတော့မှာပေါ့"

မြောင်းမြ က မျက်နှာရှုံ့မဲ့ ညည်းတော့ ကိုတင်ကွင့် က လည်း...

"အဲဒီလိုပဲ လုပ်ရမှာမဟုတ်ဘူး .. လုပ်ကိုလုပ်ရမှာ၊ နောက်တစ်ခုက မင်းတို့ထဲမှာ ပန်းချီလေးဘာလေး ဆွဲတတ်တဲ့လူ ရှိလား"

"ဟာ .. အင်္ဂလန် ကျွမ်းတယ်"

"သွား .. ခဲတံနဲ့ အဖိုးစက္ကူ နည်းနည်းလောက်သွားရှာ"

"ဘာလုပ်ဖို့လဲ"

"မေးခွန်းမထုတ်နဲ့ .. ပြန်မပြောနဲ့၊ ဓာက်ပိုးအုပ်လိုက်လို့ မြေ ဆောက်ကျိုးသွားမယ်၊ ရှာမှာသာ သွားရှာ ဂျပုကောင်"

ပုတု က ရှိသေလေးစားဟန်နဲ့ မတ်တတ်ရပ် အလေးပြုကာ...

"ရက်စ် ...၊ အခုမှ စီမံကိန်းအရာရှိနဲ့ တိုးနေပြီ"

အားလုံး သဘောကျကာ ရယ်ကြပါသည်။ တစ်အောင့်နေတော့ ပုတု က ခဲတံနဲ့စက္ကူတွေ၊ ရောင်စုံခြယ်တဲ့ ကာလာဘူး၊ ပေတံ





တွေနဲ့ ရောက်လာပါတယ်။

"မင်း တော်လာပြီ၊ သိပ်မကြာခင် တစ်လက်မလောက် အရပ်ရှည်လာလိမ့်မယ်၊ ရော့ အင်္ဂလန် .."

"ကျွန်တော်က ဒါတွေနဲ့ ဘာပုံဆွဲရမှာလဲ၊ ညစ်ညစ်ညမ်းညမ်း မဟုတ်တာရုတ် ဆင်ဆာမဲ့ပုံတွေတော့ မဆွဲနိုင်ဘူးနော် ကိုဟင်ထွဋ်"

"အေပေးလေး၊ ကဲ .. ကိုမိုးသောက်လေး ... ခင်ဗျားလေးက ဒီချာတိတ်ရဲ့ မျက်နှာအစိတ်အပိုင်းကို မှတ်မိသလောက် အင်္ဂလန်ကို ပြောပြ"

ကိုတင်ထွဋ် ပြောပြတော့မှ အားလုံးက သဘောပေါက်ကာ...

"တို့အစ်ကိုကြီးက အကွက်ကို စေ့နေတာပဲ၊ အစက ခင်ဗျား ဘယ်မှာအလုပ်လုပ်လဲ၊ ကေဂျီဘီမှာလား၊ မော့ဆက်မှာလား"

ကိုတင်ထွဋ် ကလည်း အားကျမခံ ..။

"ကားစပယ်ယာလေ .. လူဘယ်နှစ်ယောက်တက်သွားတယ်၊ ဟိုဘက်ထောင့်က ဦးထုပ်ခပ်ငိုက်ငိုက်နဲ့အစ်ကိုကြီး ကားခမပေးရသေးဘူး၊ လူဘယ်နှစ်ယောက် တက်သွားတယ်၊ သုံးယောက်ပဲရှိသေးတယ် .. ဘာညာပေါ့ကွာ"

ရယ်သံတွေ ဆူညံသွားပါတယ်။

အင်္ဂလန်က အဆင်သင့်ဖြစ်နေတော့ ကျွန်တော် မျက်လုံးမှိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချာတိတ်ရဲ့ပုံကို မြင်အောင် စဉ်းစားကာ ...

"ဆံပင်က လက်တစ်ဆစ်လောက်ပဲရှိမယ်၊ မေးရိုးသွယ်သွယ်"

အဖြူရောင်စက္ကူပေါ်မှာ အင်္ဂလန် ရဲ့လက်တွေ လှုပ်ရှားနေပါတယ်။

မတူဘူး .. ဒီနေရာက ဒီလို၊ နားရွက် နည်းနည်းပြင်ပေး .. နဲ့ ခေါင်းချင်းဆိုင်ကာ ပြောဆိုရင်း အလုပ်ရှုပ်နေကြပါသည်။

"ကဲ .. ဘာလိုသေးလဲ"

အင်္ဂလန် က ခဲတံကိုချကာ လက်ဆစ်ချိုး အညောင်းဖြေရင်း မေးတော့ ...

"ချွတ်စွတ်ကြီး မဟုတ်ပေမယ့် တူတယ် အင်္ဂလန်"

ကျွန်တော့်စကားကြောင့် အင်္ဂလန် က ကျေနပ်တဲ့ပုံနဲ့ ...

"ပင်ပန်းရကျိုးနပ်တဲ့စကားပဲကွ"

"ကဲ ..ဒီပုံကို မင်းတို့ သေချာကြည့်ပြီး မှတ်ထားကြ၊ ပြီးရင် ယူသွားကြ"

မြောင်းမြ က ပုံကို သည်းကြီးမည်းကြီးကြည့်ပြီး ...

"မြင်တော့ မြင်ဖူးသလိုပဲ"

မြောင်းမြ စကားကြောင့် ကိုတင်ထွန်း က အားတက်သွားပါသည်။





"ဘယ်မှာ မြင်ဖူးတာလဲ"

"ဒီပုံထဲမှာလေ .."

"ခွေးကောင်"

မြောင်းမြ ကို အင်္ဂလန် က ဖက်ပိုးအုပ်သည်။

"ကဲ .. တစ်ခုခု သွားဝါးကြရအောင်၊ မင်း ဒကာခံ မိုးသောက်၊ ဒါ အမိန့်ပဲ"

"ကျေးရမှာပေါ့ဗျာ၊ လာ .. ချီတက်ကြမယ်"

"ကောင်းသော အစီအစဉ်ပေါ့ကွ"

အားလုံး သိမ်းစရာရှိတာ သိမ်းရင်း ထရပ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့နေကျဆိုင်ထဲသို့ လှမ်းဝင်ရင်း မြောင်းမြ က စနီးတာဝါနဲ့ အဆီပြန်နေတဲ့မျက်နှာကို သုတ်ရင်း ...

"ဟူး . ပူကလဲ ပူ၊ ညောင်းကလဲ ညောင်းနဲ့ကွာ"

"တွေ့လား"

ကြာဖြူ က ကိုတင်ထွဋ် ဆီက အကုန်ကြားခဲ့ဟန် တူသည်။ အားရဝမ်းသာပြောတော့ ...

"နိုး .."

ကြာဖြူ့ မျက်နှာ ရှုံ့မဲ့သွားပုံကြောင့် ကိုတင်ထွဋ် က ...

"ဟဲ့ .. တစ်ရက်တည်းရှာပြီး ချက်ချင်းတွေ့မလားဟ၊ ရန်ကုန်မြို့က အကျယ်ကြီးကို၊ ကဲ .. ဒီနေ့ သွားတဲ့နေရာကို ပြောပြပါဦး"

ကြာဖြူက ချာတိတ်ရဲ့ပုံကို တောင်းတော့ အင်္ကျီလက်က ဖိုင်တွဲထဲကပုံကို ထုတ်ပေးသည်။ ကြာဖြူ က ပုံကို ကြည့်နေပါတယ်။ မြောင်းမြ က သွားတဲ့နေရာတွေကို ပြောသည်။





"ဒဂုံတက္ကသိုလ်၊ ယုဇနပလာဇာ၊ မြေနီကုန်းက ဒဂုံစင်တာ၊ သဃ်္ဃန်းကျွန်း မူလတန်းကျောင်း"

"ဘယ်.. မူ..တန်းကျောင်းက ပါလာရတာတုန်း"

ကိုတင်ထွဋ် က နားမလည်ဟန်မေးတော့ မြောင်းမြ က ...

"မနက်က ကျွန်တော့်တူကို ကျောင်းလိုက်ပို့ပေးတာပါဗျ"

"ခွေးကောင် .."

"မနက်ဖြန် ဘယ်သွားဖို့ ရွေးထားလဲ"

"နည်းပညာကောလိပ်၊ GTC၊ အရှေ့ပိုင်းတက္ကသိုလ်၊ MCC၊ KMD ကွန်ပျူတာသင်တန်း"

"တစ်နေ့တည်းနဲ့ သွားနိုင်ပါ့မလား"

ကိုတင်ထွဋ် က ဖြစ်နိုင်ခြေစကားဆိုတော့ ...

"တစ်ဖွဲ့တည်း မသွားတော့ဘူး၊ ဆွဲထားတဲ့ပုံက တော်တော်တူတယ်လို့ မိုးသောက် က ပြောတော့ နှစ်ယောက်တစ်တွဲ သွားမယ်၊ တကယ် .. မိုးသောက် မပါတဲ့အဖွဲ့က ဒီပုံထဲက ချာတိတ်နဲ့ဆင်တဲ့လူဆို မိုးသောက် ကို အကြောင်းကြားမယ်"

"နောက်တစ်နေ့ မိုးသောက် ကို ခေါ်သွားမှာပေါ့"

မြောင်းမြ က ပြုံးပြရင်း ဟမ်းဖုန်းကိုထုတ်ပြသည်။ ပုတတိုလည်း ဟမ်းဖုန်းကို ထုတ်ပြသည်။ ကိုတင်ထွဋ် ကို ကျေနပ်တဲ့အပြုံးနဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်တွေ အတော်တိုးတက်လာပြီ"

"အရေးထဲ ဆရာရူးက တစ်မျိုး"

ကြာဖြူ့ စကားကြောင့် ကိုတင်ထွဋ် က တဟဲဟဲ၊ ကျွန်တော်က ကြာဖြူ ကို လှမ်းမေးပါသည်။

"အိမ်စွန်း အခြေအနေက ဘယ်လိုလဲ"

ကြာဖြူ က ပခုံးတွန့်ရင်း ..

"ထုံးစံအတိုင်းပဲ မိုးသောက် .. ဘာမှမထူးခြားဘူး။ အဖြေမပေါ်မချင်း နှင် ဒီတိုင်းလေးပဲ နေသွားပါဦးဟာ"

ကျွန်တော် နှုတ်ခမ်းကိုက်မိရင်း စိတ်ပျက်လက်ပျက် သက်ပြင်းချမိသည်။

"အဖြေက ပေါ်လာဖို့ နီးစပ်ပါပြီကွာ .. အားတင်းထားစမ်းပါ"

ဟုတု စကားကြောင့် ...

"အားတော့ တင်းထားတာပေါ့ကွာ၊ အခုဟာက ဒီချာတိတဲကို ရှာရတာ ကောက်ရိုးပုံထဲ အပ်ပျောက်လိုက်ရှာရသလိုပဲ၊ ဒီချာတိတ် အရွယ် ကောင်လေးတွေကို အသည်းအသန်လိုက်ကြည့်ရတာ၊ တစ်ခါတစ်လေ ချာတိတ်တွေက ဘုကြည့်ကြည့်ခံရတာ ရှိသေးတယ်၊ ငါက ငါ့ကိစ္စမို့လို့ ကိစ္စမရှိပေမယ့် မင်းတို့က ငါ့ကြောင့် အလုပ်ပျက် အကိုင်ပျက်နဲ့ ဝိုင်းကူညီကြတာ"





"ဟာကွာ .. အချင်းချင်းမှာ ဒါတွေမလိုဘူး ဟေ့ကောင်"

"အေးလေ .."

အားလုံးက ကျွန်တော့်ကို မကျေမနပ် ပြောကြသည်။ ကြာဖြူ ကလည်း ...

"မဟုတ်တဲ့ဟာကို အားနာပြနေတယ်"

"ဟဲ့ .. ဟုတ်တဲ့ဟာက ဘယ်ဟာလဲ"

ကိုတင်ထွဋ် က ပြုံးစိစိနဲ့ပြောတော့ ကြာဖြူ က တမင်အံကြိတ်ပြပါတယ်။ ဒီနောက် တစ်ယောက်တစ်ပေါက် ပြဿနာကို ထင်မြင်ချက်မျိုးစုံ ပေးနေကြပါတယ်။ ကျွန်တော့်ရဲ့အတွေးမှာတော့ သူမရဲ့ အပြုံးတွေနဲ့ လုံးလည်ချာလည် ရိုက်နေပါတယ်။

ငါ လွမ်းတတ်ပါတယ် အိမ်စွန်း ..၊ အလွမ်းရင့်သူရဲ့ ရင်ထဲက ဝေဒနာက ရှည်ကြာတဲ့အခါ ထုံကျင်သွားပြီလို့ မင်းထင်သလား ရွှေအိမ်စွန်း ..။

အမုန်းနဲ့ လမ်းမခွဲဘဲ အကြောင်းကြောင့် ဝေးနေကြတဲ့အလွမ်း ဆိုရင်တော့ ပြေသာတာပေါ့ အိမ်စွန်းရယ် ..၊ အခုတော့ ..



www.burmeseclassic.com

www.burmeseclassic.com



**အ**ရှေ့ပိုင်းတဏ္ဍသိုလ်အဝင်ဝ စပ်လှမ်းလှမ်းက ဆိုင်တစ်ဆိုင်မှာ ဟိုကောင်နှစ်ကောင်ကိုတွေ့တော့ ကျွန်တော်နဲ့ မြောင်းမြ ဒီကောင်တွေဝိုင်း ဝင်ထိုင်ကာ ...

"ဘယ်မှာလဲ .. မင်းပြောတဲ့ ချာတိတ်"

"တိုးတိုးပြောပါကွ .. ငါ့နောက်ကျော တစ်ဝိုင်းကျော်က ကောင်မလေးတစ်ယောက်၊ ယောကျ်ားလေးနှစ်ယောက် ထိုင်နေတဲ့ဝိုင်းက တီရှပ်အနီနဲ့ ကောင်လေး"

ကျွန်တော် ကမန်းကတန်းကြည့်မိတော့ မျက်လုံးတွေ ပြူးကျယ်သွားပါတယ်။

"ဟုတ်တယ်မို့လား .."

ကျွန်တော် စေ့စေ့ကြည့်မိတော့မှ ဟိုချာတိတ်နဲ့ အတော်ဆင်တဲ့ကောင်လေး ဖြစ်နေပါတယ်။





"တူတော့ တူတယ် .. ဒါပေမယ့် မဟုတ်ဘူး အင်္ဂလန်"

အင်္ဂလန် နဲ့ ပုတု မျက်နှာရှုံ့မဲ့သွားကြသည်။

"ဒါပေမယ့် တော်တော်ဆင်တယ်ကွ၊ ညီအစ်ကိုများ ဖြစ်နေမလား မသိဘူး"

ကျွန်တော့်ရဲ့တွေးဆချက်ကြောင့် ဟိုကောင်နှစ်ကောင် အားတက်သွားကြပါသည်။ မြောင်းမြ ကလည်း ခုံကို တစ်တောက်တောက်ခေါက်ရင်း ...

"မင်းပြောတာ ဖြစ်နိုင်တယ် မိုးသောက်၊ ဒါဆို ဘယ်လိုလုပ်ကြမလဲ"

"ပေါ်တင်ပဲ ဝင်မေးကြတာပေါ့ကွာ"

"ဒါဆို ထ .. သွားမေးရအောင်"

ဟိုနှစ်ကောင်က လက်ဖက်ရည်ခွက်ကိုယ်စီကိုင်ကာ ဝိုင်းပြောင်းဖို့ ပြင်ကြသည်။

အင်္ဂလန် က ရှေ့ဆုံးက ဦးဆောင်သွားရင်း သူတို့ ဘာသာသူတို့ စကားပြော ရယ်မောနေတဲ့ ချာတိတ်တို့ဝိုင်းရှေ့ ရောက်တော့ ...

"အစ်ကို့ စကားခဏပြောလို့ရမလား မသိဘူး"

ကောင်လေးနှစ်ယောက်နဲ့ ကောင်မလေးက ကျွန်တော်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ပြီး မျက်နှာတွေ တည်သွားပါသည်။ အနီရောင်တီရှပ်နဲ့ ကောင်လေးက ...

"ဟာ .. ရပါတယ် အစ်ကို၊ ထိုင် .. ထိုင် .."

မြောင်းမြ နဲ့ ပုတု က ဘေးချင်းယှဉ်ထားတဲ့ စားပွဲဝိုင်းမှာ ဝင်ထိုင်သည်။ ကျွန်တော်နဲ့ အင်္ဂလန် က ချာတိတ်ဝိုင်းမှာ ဝင်ထိုင်ပါတယ်။ အင်္ဂလန် က ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး ကောင်လေးဘက် ပြန်လှည့်ကာ ...

"ဒီလို ညီလေးရ၊ ညီလေးနဲ့ တော်တော့်ကိုတူတဲ့ ကောင်လေးတစ်ယောက်ကို အစ်ကိုတို့ လိုက်ရှာနေတာကွ"

"ကျွန်တော်နဲ့ တူတဲ့လူ .."

အင်္ဂလန် က ခေါင်းညိတ်ပြပြီး ...

"တူတာမှ တော်တော့်ကို တူတာ၊ ညီလေးကို စတွေ့တွေ့ချင်း အစ်ကိုတို့လိုက်ရှာနေတဲ့ ကောင်လေးပဲထင်တာ၊ နောက်မှ လူမှားမှန်း သိတာ"

"အစ်ကိုတို့က ဘာလို့လိုက်ရှာနေတာလဲ"

ကောင်လေးရဲ့အမေးကြောင့် အင်္ဂလန် က ပုံမှန်အတိုင်းပဲ ဘာမှ မထူးခြားတဲ့ဟန်နဲ့ ...

"လိုက်ရှာဆို .. အစ်ကိုတို့က သူ့ဆီက အကူအညီတစ်ခု





လိုလို့ကွ"

"သူ့ဆီက အကူအညီလိုလို့ .."

"ဟုတ်တယ် .. တော်တော့်ကို လိုတာ၊ စိတ်မရှိနဲ့နော်"

"ပြောပါ အစ်ကို"

ကျွန်နှစ်ယောက်ကတော့ ဘာမှဝင်မပြော၊ နားထောင်ရုံ သက်သက်သာ။

"ညီလေးမှာ ညီဖြစ်ဖြစ် အစ်ကိုဖြစ်ဖြစ် ရှိလားမသိဘူး၊ ဒါမှမဟုတ် အမြွှာတွေဘာတွေများ ရှိလား"

အင်္ဂလန့် စကားကြောင့် ကောင်လေးက ရယ်ရင်း ..

"ကျွန်တော်က တစ်ဦးတည်းသောသား အစ်ကိုရ၊ မယုံရင် သူတို့ကို မေးကြည့်ပါလား အစ်ကို"

"ဟုတ်တယ် အစ်ကို၊ မင်းဇင် က တစ်ဦးတည်းသောသားဗျ"

ဘေးက ထောက်ခံစကားဝင်ပြောတဲ့ ကောင်လေးကြောင့် ကျွန်တော်တို့ စိတ်ဓာတ်အတော်ကျသွားပါတယ်။

"စိတ်ဓာတ်မကျပါနဲ့ အစ်ကိုရာ၊ ကျွန်တော်နဲ့တူတဲ့လူဆိုတော့ ကျွန်တော်လဲ စိတ်ဝင်စားတယ်ဗျ၊ အစ်ကို့ ဖုန်းနံပါတ်ပေးထားခဲ့ ကျွန်တော်တို့က နေရာအနှံ့ လျှောက်သွားတဲ့ကောင်တွေဆိုတော့ တွေ့မိရင် အကြောင်းကြားပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ညီလေးတို့တွေ့လဲ အကြောင်းကြားပါကွာ"

ကျွန်တော်က စိတ်ခတ်တော်တော်ကျနေပါပြီ။

အင်္ဂလန် က ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြသည်။ ကောင်လေးက သူ့ဘေးက ကောင်မလေးကို မှတ်ဖို့ ပြောပါတယ်။ ကောင်မလေးက စာအုပ်တစ်အုပ်ထုတ်ပြီး စာအုပ်ရဲ့နောက်ဆုံးစာမျက်နှာမှာ မှတ်သည်။

ချာတိတ်တွေကို နှုတ်ဆက်ပြီး ဆိုင်ထဲကထွက်တော့ ကျွန်တော့်ပုံစံကိုကြည့်ကာ အင်္ဂလန် က ...

"မင်းပုံစံကြီးကလဲ မှုပျက်နေတာပဲကွာ၊ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ"

အင်္ဂလန် က ဘာမှဆက်မပြောတော့ ..။





ဒီနေ့ တနင်္ဂနွေနေ့ ...။

နာရီကိုကြည့်လိုက်တော့ ဒီအချိန်ဟာ သူမ မနက်ပိုင်း ဆေးခန်းပိတ်ပြီးလောက်ပါပြီ။ လမ်းဘေးအုတ်ခုံမှာထိုင်ပြီး သူမ ဒီလမ်းက ကျိန်းသေလာပါစေလို့ ဆုတောင်းနေမိပါသည်။ နာရီကို ငုံ့ကြည့်ရင်း စက္ကန့်တံတရွေ့ရွေ့က ရင်ခုန်နှုန်းကို ပိုမြန်စေခဲ့ပါတယ်။

အုတ်ခုံပေါ်က ထရပ်လိုက်၊ ပြန်ထိုင်လိုက်နဲ့ လူက ဂဏှာမငြိမ်ပါ။ နာရီကိုကြည့်တော့ လာနေကျအချိန်ထက် မိနစ်နှစ်ဆယ်ကျော်ကျော်လောက် နောက်ကျနေပါပြီ။

သူမ လမ်းမကြီးဘက်က ပတ်ပြန်ပြီလားလို့ တွေးမိရင်း လမ်းအဆုံးကိုကြည့်မိတော့ ...

"ဟော .."

ဟိုးအဝေးက တရွေ့ရွေ့လာနေတဲ့ အရိပ်လေး ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှုန်ဝါးဝါး အရိပ်လေးကို မပီဝိုးတဝါးမြင်တွေ့ခဲ့ရပေမယ့် သူမဆိုတာ သူ့ရင်က တပ်အပ်သိနေခဲ့သည်။ ဒါကြောင့်လည်း ကျွန်တော် အနီးဆုံးက သစ်ပင်ကြီးတစ်ပင်ရဲ့နောက်မှာ ပြေးဝင်ပုန်းခိုလိုက်မိသည်။ ရင်နဲ့ သစ်ပင် ကပ်ထားရင်း သူမကို ခိုးကြည့်တော့ ရင်အစုံက တဒုတ်ဒုတ်။

တဖြည်းဖြည်းနီးကပ်လာတော့ ကျွန်တော် သစ်ပင်ကိုတစ်ပတ်လှည့်ကာ သူမ နောက်ကနေ အသာလေး တိတ်တိတ်လျှောက်လာခဲ့သည်။

"အိမ်စွန်း .."

ဖျတ်ခနဲ တုန်သွားတဲ့ သူမကျောပြင်လေးနဲ့ တုံ့ခနဲ ရပ်သွားတဲ့ ခြေလှမ်း ..။

"ခင်ဗျား ကျွန်တော့်ကို အခုထိ ခွင့်မလွှတ်နိုင်သေးဘူးလား ဟင်၊ ဘာအကြောင်းတွေကြောင့် ခင်ဗျား ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ရတာလဲ"

သူမနဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ကျွန်တော် ရင်ဆိုင်လိုက်သည်။ အစိမ်းရောင်တလက်လက်နဲ့ မျက်ရည်စတို့ တရိပ်ရိပ် အုံဖွဲ့ပေါင်းစပ်မှုက ကျွန်တော့်အတွက် သီးသန့်ရွေးချယ်ထားတဲ့ သူမရဲ့ စီရင်ချက်လား ..။





"ငါ ဒီဒဏ်တွေကို ခံနိုင်ဖို့အရည်အချင်းမရှိဘူး အိမ်စွန်း၊ မင်းပြောပါ .. ငါ ဘာမှားလဲ"

"ငါ ဘာ .. မှား .. လဲ .."

သူမက သံယောင်ရေရွတ်ရင်း ဒဏ်ရာရ ကျားနာတစ်ကောင်လို ခေါင်းမော့ရယ်ချလိုက်သည်။ ကျွန်တော် သူမကို ငေးကြည့်နေမိပါသည်။

"နင် ဘာမှားလဲဆိုတာ နင်ကိုယ်တိုင် သိပါတယ် မိုးသောက်၊ အဲဒီအမှားကို ငါ ဖွင့်ပြောဖို့လဲ ငါ့ပါးစပ်ကို ငါ မသတီဘူး။ လောကမှာ ငါ အမုန်းဆုံးက လိမ်ညာခြင်းပဲ၊ နင် ဆက်လိုက်မလာနဲ့နော်၊ ဆက်လိုက်လာလို့က တွေ့ရာကားအောက်မှာ ငါ့အလောင်းကို နင်တွေ့ရလိမ့်မယ်"

ဆံနွယ်မျှင်တွေ ဖြာထွက်သွားအောင် သူမ ချာခနဲ လှည့်ထွက်သွားပါသည်။ အမြဲတမ်း ကျရှုံးခြင်းတွေနဲ့ ဒဏ်ရာရ ကျန်ရစ်ခဲ့သူကထုံးစံအတိုင်း ကျွန်တော်ပါပဲ။

ရှုပ်ထွေးမှုများစွာနဲ့ ကျွန်တော် ကျန်ရစ်ခဲ့ပါသည်။ စိတ်ညစ်ညစ်နဲ့ တွေ့ရာကားစီးပြီး မြို့ထဲ လျှောက်ပတ်နေခဲ့ပါတယ်။ မြို့လယ်က ပလက်ဖောင်းပေါ်မှာ ဟိုငေးဒီငေးနဲ့ လျှောက်နေတုန်း ရှေ့မျက်နှာချင်းဆိုင်က လူတစ်ယောက်နဲ့ ကျွန်တော် ပခုံးချင်း ဝင်တိုက်



www.burmeseclassic.com

www.burmeseclassic.com



မိပါတယ်။

"ဆောရီးဗျာ .."

"ဟာ .. ရပါတယ် .. ဟင်!..."

အာမေဋိတ်သံကြောင့် ကျွန်တော့်ကို တိုက်မိတဲ့လူကို ကြည့်တော့ အရှေ့ပိုင်းတက္ကသိုလ်က ချာတိတ်၊ သူ့ဘေးမှာ ဆိုင်ထဲမှာ တွေ့ခဲ့တဲ့ကောင်မလေး ..၊ ကောင်လေးက အပြုံးနဲ့ ...

"အစ်ကို ဘယ်လာတာလဲ"

"ဒီလိုပါပဲကွာ .. စိတ်ရှုပ်ရှုပ်နဲ့ ဟိုလျှောက်ဒီလျှောက်ပေါ့"

ကျွန်တော့်စကားကြောင့် ကျွန်တော့်မျက်နှာပေါ်က ရှုပ်ထွေးမှုတွေကို ချာတိတ် မြင်တွေ့သွားပုံရသည်။ ကောင်လေးက ကောင်မလေးဘက်လှည့်ကြည့်တော့ ကောင်မလေးက မျက်ခုံးပင့်ပြပါသည်။

"အစ်ကိုနဲ့ စကားနည်းနည်းပြောချင်တယ် အစ်ကို၊ အစ်ကို အားလား .."

"ရပါတယ်"

"ဒါဆို အနီးဆုံးဆိုင်တစ်ဆိုင်ကို သွားရအောင် အစ်ကို"

ကောင်လေးကပဲ ဦးဆောင်က ဆိုင်လေးတစ်ဆိုင်ထဲ ဝင်လိုက်ပါတယ်။

"အစ်ကို ဘာသောက်မလဲ"





"လက်ဖက်ရည်ကျဆိမ့်တစ်ခွက်ဆို လုံလောက်ပြီ"

ကောင်လေးက လက်ဖက်ရည်နှစ်ခွက်နဲ့ ကော်ဖီတစ်ခွက် မှာပါတယ်။

"အစ်ကို ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပြပေးနိုင်မလား"

ကျွန်တော်က နားမလည်ဟန်နဲ့ကြည့်တော့ ကောင်လေးဘေးက ကောင်မလေးက ..

"ဒီလို အစ်ကိုရာ .. အစ်ကိုဖြစ်နေတဲ့ပြဿနာကို ညီမလေးတို့ကို ပြောပြပါလား။ ညီမလေးတို့ဘက်က ကူညီနိုင်မယ်ဆိုရင် ဝိုင်းကူညီပေးနိုင်အောင်လို့ပါ"

ကျွန်တော် အစုမှ ဆိုလိုရင်းကို သဘောပေါက်မိသည်။

"ကျွန်တော့်နာမည်က အစ်ကို သိပြီးပါပြီ၊ သူက ကျွန်တော့် ချစ်ချစ်လေ .. ပိုးအိ တဲ့ အစ်ကို"

ကောင်မလေးက ကောင်လေးစကားကြောင့် ပခုံးချင်းတိုက်သည်။

"အစ်ကိုတို့ပြဿနာက အစ်ကို့ကောင်မလေးနဲ့ အစ်ကို ပြဿနာ တစ်ခုကြောင့် အစ်ကို့ကို စိတ်နာပြီး ကွဲခဲ့ကြတယ်ဆိုပါတော့"

"ဪ .. ဆက်ပြောပါဦး အစ်ကို"

ပြန်ပြောလို့မကောင်းတဲ့ ကျွန်တော့်ရဲ့ဇာတ်ကြောင်းကို ရင်နာ



www.burmeseclassic.com

www.burmeseclassic.com



နာနဲ့ပဲ အစအဆုံး ပြောပြမိပါတယ်။ ကောင်လေးနဲ့ ကောင်မလေးက စိတ်ဝင်တစား နားထောင်ပေးပါတယ်။ ဇာတ်ရည်လည်အောင် ကျွန်တော် အသေးစိတ် ပြောပြနေမိသည်။

"ဒါဆိုရင် အစ်ကို့ကို အထင်လွဲတဲ့ကိစ္စကို အစ်ကို့ချစ်သူက အစ်ကို့ကို မပြောပြဘူးပေါ့"

"အင်း .. အဲဒါကြောင့် ခက်နေတာပေါ့၊ သက်သက်အထင်လွဲခံရတဲ့ကိစ္စရဲ့ တရားခံက ဘယ်သူလဲ၊ အစ်ကိုလဲ သိချင်နေတာ"

"ဒီပြဿနာပေါ်ဖို့ အရင်ဆုံး အစ်ကိုရှာရမယ့်လူက မင်းဇင်နဲ့တူတဲ့လူပေါ့နော် အစ်ကို"

ကောင်မလေးက တွေးတွေးဆဆ ပြောလာတာကြောင့် ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါသည်။ ကောင်လေးက ပြုံးရင်း ...

"အစ်ကို စိတ်မညစ်နဲ့တော့"

"ဘာဖြစ်လို့လဲ၊ အစ်ကို .."

"အစ်ကို ရှာချင်တဲ့လူကို တွေ့ပြီလို့သာ မှတ်လိုက်တော့"

"ဟော်!..."

ကျွန်တော် အံ့အားသင့်သွားတဲ့ပုံစံကြောင့် သူတို့နှစ်ယောက်က ရယ်သည်။ ပြီးတော့ အခုလိုပြောပါတယ်။

"အစကတော့ ကျွန်တော် ဒီပြဿနာထဲကို ဝင်မပါချင်တာ





အမှန်ပဲ အစ်ကို၊ အစ်ကိုတို့ ကျွန်တော်တို့ကျောင်းက ပြန်သွားတော့ ပိုးအိ က ပြောတယ်၊ နင် အစ်ကိုတို့ကို သေချာမေးကြည့်ပြီး ဝင်ပါသင့် မပါသင့် စဉ်းစားသင့်တယ်တဲ့၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် လမ်းပေါ်မှာ လာဆုံကြတော့ အစ်ကို ကံကောင်းတယ် ပြောရမှာပဲ၊ ပြီးတော့ အစ်ကိုတို့ချစ်သူနှစ်ယောက်ကို မကွဲစေချင်တာလဲ ပါတယ် အစ်ကို၊ အစ်ကိုရှာနေတဲ့လူက ကျွန်တော့်ညီပဲ အစ်ကို .."

"ဟင်!..."

ကောင်လေးက ပြုံးပြ ခေါင်းညိတ်ပါသည်။

"သူ့နာမည်က သားဇင် လို့ ခေါ်တယ်၊ ဒီကောင်က ရှေ့ပ် အစ်ကိုရ၊ ဒီကောင့်ကြောင့် ဖေဖေတို့ မေမေတို့ မျက်နှာပျက်ပေါင်းလဲ များပြီ၊ အစ်ကိုတို့ စတွေ့တွေ့ချင်းပြောတော့ မကူညီချင်တာ မဟုတ်ဘူး အစ်ကို၊ ဒီကောင့်ပြဿနာထဲ ခေါင်းရှုပ်မခံချင်လို့ ကျွန်တော် မသိချင်ယောင်ဆောင်လိုက်တာပါ"

"ဒါဆိုရင် အစ်ကိုတို့ ဘာဆက်လုပ်ကြမလဲ"

"ကျွန်တော် တွေ့ပေးရမလား"

"အဲဒီလိုဆိုတော့ ညီလေး မကောင်းဘဲဖြစ်နေလိမ့်မယ်၊ သားဇင်ကို ဘယ်နေရာမှာ တွေ့နိုင်မလဲ"

မင်းဇင် က တစ်ခုခုကို စဉ်းစားနေပုံ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကိုတွေ့နိုင်တာ ဂျူဒိုသင်တန်းတစ်ခုမှာ .."

"ဂျူဒို .. ဘယ်သင်တန်းလဲ"

"စာမထီ .."

"ဟာ!... ဒါဆို ပိုအဆင်ပြေတာပေါ့"

"ဘာဖြစ်လို့လဲ အစ်ကို"

"ဟိုတစ်နေ့က ကျောင်းကိုလိုက်လာတဲ့ အစ်ကိုတို့ထဲက တစ်ယောက်ရဲ့အစ်မက အဲဒီသင်တန်းက နည်းပြဆရာတစ်ယောက်ပဲ မင်းဇင်"

"ဒါဆို ပိုပြီးအဆင်ပြေတာပေါ့"

"မင်းတို့နှစ်ယောက်ကို အစ်ကို သိပ်ကျေးဇူးတင်တယ်၊ တကယ် ပြောတာ"

မင်းဇင် နဲ့ ပိုးအိ က ရယ်ပြီး ...

"မလိုပါဘူး အစ်ကိုရာ .. အခုဟာက ကူညီသင့်တဲ့ကိစ္စပဲ၊ ပြဿနာအားလုံးပြီးရင် ထပ်ဆုံကြတာပေါ့ အစ်ကို"

"ဟာ!... ဆုံရမှာပေါ့၊ မဆုံလို့ ဘယ်ဖြစ်မလဲ"

"ကျွန်တော့်ဖုန်းနံပါတ် မှတ်ထားလိုက် အစ်ကို"

မင်းဇင် ရွတ်ပြတဲ့ ဖုန်းနံပါတ်ကို ကျွန်တော် မှတ်သားထားလိုက်သည်။





"သွားမယ်နော် အစ်ကို"

"အေး .. ကျေးဇူးပဲ၊ အစ်ကိုလဲ သူငယ်ချင်းတွေနဲ့ တွေ့ပြီး တိုင်ပင်ရဦးမယ်"

မင်းဇင် က ခေါင်းညိတ်ပြီး ကျသင့်ငွေကို ရှင်းမယ်လုပ်တော့ ကျွန်တော်က လုရှင်းရပါသည်။ ဆိုင်ထဲကထွက် လမ်းခွဲကြတော့ ကျွန်တော် လမ်းဘေးဖုန်းကတဆင့် ကိုတင်ထွဋ် ကို ကြာဖြူ နဲ့အတူ ကျွန်တော့်အိမ်ကို အမြန်လာခဲ့ဖို့ မှာရပါသည်။

ကိုတင်ထွဋ် ပြီးတော့ အင်္ဂလန်ကို ဟိုကောင်တွေပါ ခေါ်ခဲ့ပြီး ကျွန်တော့်အိမ်မှာ ဆုံကြဖို့ ချိန်းရပါတယ်။

ဖုန်းဆက်ပြီးတော့ တက္ကစီတစ်စီးငှားကာ အိမ်ကို ပြန်လာခဲ့ရပါတယ်။ အိမ်ရောက်တော့ ခြံထဲက ခုံတန်းလျားမှာ လူစုံတက်စုံ ရောက်နေကြပါပြီ။

"ခဏလေး၊ အမေ့ကို တွေ့လိုက်ဦးမယ်"

"မြန်မြန်လာနော် မိုးသောက်"

ကြာဖြူ က အရမ်းသိချင်နေဟန်နဲ့ လှမ်းပြောတာကြောင့် ကျွန်တော်က အေးပါ လို့ ပြောပြီး အိမ်ပေါ် တက်ခဲ့ပါတယ်။ အမေက အိမ်ပေါ် ရောက်တော့ 'ဟိုမှာ မင်းအုပ်စုတွေ စောင့်နေကြတယ်'လို့ ပြောပါတယ်။ ကျွန်တော်က တွေ့ပြီးပါပြီ လို့ ပြောပြီး ရေတစ်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်သောက်ပါတယ်။

"သားပဲ ကော်ဖီနဲ့စားစရာဗန်း ယူသွားလိုက်တော့"

"ဟုတ်ကဲ့ အမေ"

ကျွန်တော် ဗန်းကိုယူပြီး ဆင်းလာကာ စားပွဲပေါ် ချပေးပါသည်။ ကျွန်တော်က ကိုတင်ထွဋ် ဘေးမှာဝင်ထိုင်ပြီး ကိုတင်ထွဋ်ကို ဦးတည်ကာ ...

"ကျွန်တော် ဆယ်နာရီလေးဘက်က အိမ်စွန်း ဆေးခန်းကအပြန် လမ်းမှာ သွားစောင့်တယ် ကိုတင်ထွဋ်"

"ထုံးစံအတိုင်း မင်းကို အမုန်းတွေနဲ့ ပိတ်ပေါက်လိုက်တာပဲ လား"

ကိုတင်ထွဋ် စကားကြောင့် အားလုံးက ရယ်ကြသည်။ ကျွန်တော်လည်း လိုက်ရယ်ရင်း ..

"ကျိန်းသေတာပေါ့ဗျာ .. ကျွန်တော်လဲ စိတ်ညစ်ညစ်နဲ့ ခြေဦးတည့်ရာလျှောက်သွားရင်း မြို့ထဲမှာ လျှောက်ပတ်နေတာပေါ့"

"တော်သေးတာပေါ့ .. အင်္ဂလိပ်ပြဲပြဟ်ပေါ် ရောက်မသွားတာ၊ တော်ကြာ ဂြိုဟ်သားတွေနဲ့ တွေ့မှအခက် .."

ကြာဖြူ က ငေါ့တော့တော့ ပြောတော့ ...

"မြို့ထဲမှာ ဂြိုဟ်သားနဲ့တော့ မတွေ့ဘူး၊ စူပါမင်းနဲ့တွေ့လာ





တယ်"

"ဘယ်သူနဲ့ .."

ပုတု က နားမရှင်းဟန် မေးတော့ ...

"ငါ့ရဲ့ကယ်တင်ရှင်လေးလေ .. အရှေ့ပိုင်းတက္ကသိုလ်က ရှာတိတ်၊ မင်းဖင် လေကွာ .."

"ပြောပါဦး"

ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြပါသည်။ ဒီကောင်တွေကို အကြောင်းစုံပြောပြစဉ်မှာ လက်ဝါးချင်းရိုက်သူကရိုက်၊ ပေါင်ပုတ်သူကပုတ်နဲ့ ဝမ်းသာအားရ ဖြစ်နေကြပါသည်။

"ဒါဆို မကောက် တို့ သင်တန်းကပေါ့၊ သေပါရောကွာ .."

မြောင်းမြ က သူ့နဖူးသူပုတ်ရင်း အံလန့်တကြား ပြောတော့ ကြာဖြူ က ...

"ဘာဖြစ်တာလဲ မြောင်းစုတ် .. နင့်အမြီး ညပ်လို့လား"

"မဟုတ်ဘူးဟ၊ ငါ တွေ့ဖူးတယ်ထင်လို့ စဉ်းစားရကျပ်နေတာ၊ ဘယ်ဟုတ်မလဲ .. ဟိုတစ်ခါ မကောက် တို့ သင်တန်းဝင်ပြီး မကောက်ကို လက်ဖက်ရည်တိုက်ခိုင်းတော့ မကောက် နဲ့ အတူပါလာတဲ့ သူ့ တပည့်နှစ်ယောက်ထဲက တစ်ယောက်ဟ၊ ငါ မြင်ဖူးပါတယ်လို့ ထင်နေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ဖြစ်ရမယ်"

"ဘာလဲ.. မင်း ကင်ဒီဓားကြီး ဘယ်မှာဖွက်လဲ မေးတဲ့ ချာတိတ်တွေလား"

"အေး .."

ကြာဖြူ နဲ့ ကိုတင်ထွဋ် က မသိတော့ အူကြောင်ကြောင်။ ပုတု က ...

"အခု သွားကြမလား၊ ဒီအချိန်ဆို မှီသေးတယ်"

မြောင်းမြ က နာရီကိုကြည့်ကာ ...

"ဟုတ်တယ်၊ အခုသွားရင် မှီနိုင်တယ် မိုးသောက်"

ကျွန်တော်တို့ ကော်ဖီကို ကမန်းကတန်းသောက် မုန့်စားကြပြီး ကိုတင်ထွဋ် ကားရယ်၊ ကျွန်တော့်အိမ်က ကားရယ် လူခွဲကာ ထွက်လာခဲ့ကြပါသည်။







ဘယ်လိုတရားနဲ့မှ မတူးဖော်ခဲ့ ..
ဖြတ်သွားဖြတ်လာ အရိုပ်များထဲ
နေသာထိုင်သာရှိခဲ့တဲ့ ရင်ရဲ့အနာရသတ်
အဖျားတက်ဖို့လဲ မလိုအပ်ခဲ့ ..။

ငြိမ်းစစ်မင်း၊ (သူလိုကိုယ်လို ပွင့်တဲ့ပန်း၊)



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကားထဲမှာပဲနေခဲ့ မိုးသောက်၊ ငါ နဲ့ ပုတု မကောက်ကို အရင်ဆုံးပြောထားပြီး ဒီချာတိတ်ကို အပြင်ခေါ်ထုတ်ခဲ့မယ်"

အင်္ဂလန် က ပုတု ကို ခေါ်ပြီး သင်တန်းအဆောက်အအုံထဲ ဝင်သွားပါတယ်။ ကြာဖြူ၊ ကိုတင်ထွဋ် နဲ့ မြောင်းမြ က ကျွန်တော့်ကားဘေးမှာ လာရပ်ရင်း ...

"ဒီချာတိတ် သင်တန်းရော လာတက်ပါ့မလား"

"တက်မှာပါ"

"အေးကွာ .. တို့ကလဲ နီးနီးလေးမှာရှိတာကို မသိဘူး။ နေရာအနှံ့ လိုက်ရှာနေကြတာ"

"ကျွန်တော် အသုံးမကျတာလဲ ပါပါတယ်"

"နင်ကိုက တုံးတာပါ"

ကြာဖြူက မြောင်းမြ ကို နိုပ်ကွပ်တော့ ဒီကောင်က စပ်ဖြဲဖြဲ ကျွန်တော်ကတော့ သင်တန်းအဝင်အထွက်ပေါက်ကို စိုက်ကြည့်နေ





ပါတယ်။ စိတ်စောနေတာကြောင့် လူက အားမလိုအားမရ။ ကိုတင်ထွဋ် တို့လည်း ကျွန်တော့်လိုပါပဲ။ တစ်အောင့်ကြာတော့ ...

"ဟော .. ထွက်လာကြပြီ"

သင်တန်းခန်းမထဲက ထွက်လာကြတဲ့အုပ်စုကိုကြည့်ပြီး ချာတိတ် ဘယ်မှာလဲ ကျွန်တော် အသည်းအသန်ရှာကြည့်တော့ ...

"ဟိုမှာ အင်္ဂလန် ပခုံးဖက်စကားပြောပြီး ခေါ်လာတဲ့ကောင်လေး မဟုတ်လား မိုးသောက်"

"ဟုတ်တယ်"

"မကောက် လဲ ပါလာတယ်"

မကောက် က ချာတိတ်ကို ခေါ်သဖြစ်နေပုံရသည်။ မျက်နှာကို စုပုပ်လို့ လိုက်လာခဲ့ပါတယ်။ ချာတိတ်က မျက်နှာသိပ်မကောင်း..။

"ဟော .. မင်းဇင် တို့ပါ လိုက်လာကြတယ်"

ကျွန်တော်တို့ဘေးကို ထိုးရပ်လိုက်တဲ့ကားကြောင့် မြောင်းမြက လှမ်းပြောသည်။ မင်းဇင် က ကားပေါ် ကနေ ပိုးအိ နဲ့အတူ ဆင်းလာရင်း ...

"စိတ်မချလို့ လိုက်လာတာ အစ်ကို"

ကျွန်တော်က ပြုံးရင်း ခေါင်းညိတ်ပြသည်။ မင်းဇင် ကို မြင်တော့ သားဇင် က မျက်နှာပျက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တောက် .. မင်းကွာ ..."

"ဟဲ့ စိတ်ထိန်းစမ်းပါ မင်းဇင် ရယ် .. လူကြီးတွေ ပြောပါလိမ့်မယ်"

မင်းဇင် က မြင်မြင်ချင်း ဒေါသထွက်နေတာကြောင့် ဗိုးအိ က ထိန်းနေရပါသည်။

"မင်းဇင် ညီလေး၊ စိတ်လိုက်မာန်ပါ မဖြစ်နဲ့ .. အစ်ကိုတို့ မေးပါဦးမယ်"

မကောက် က သားဇင် နားရွက်ကို လိမ်ဆွဲရင်း ...

"ကဲ.. ကိုယ်တော်၊ မင်း အမှန်အတိုင်း မချွင်းမချန် ပြောပေတော့"

"ကျွန်တော် ပြောပါ့မယ်၊ လိမ်လဲ မလိမ်ရဲပါဘူး"

သားဇင် က မင်းဇင် ကို မရဲတရဲမော့ကြည့်ပြီး ဖြေပါတယ်။ နောက်တော့ ကျွန်တော့်ကို မင်းဇင် ကို ကြည့်သလိုကြည့်ပြီး ..

"ကျွန်တော်က အပေါင်းအသင်းများတယ် အစ်ကို၊ နေရာစုံလှုစုံပဲလေ၊ တစ်နေ့ ကျွန်တော်နဲ့သိတဲ့ ဓားမမြင့်မောင် နဲ့တွေ့တော့ ကျွန်တော့်အကူအညီ လိုတယ်တဲ့၊ ပိုက်ဆံမြတ်မြတ်လေးရမယ်လို့ ပြောပါတယ်၊ ကျွန်တော်က ဘာလုပ်ပေးရမလဲ မေးတော့ သရုပ်ဆောင်ပေးရမယ်လို့ ပြောပါတယ်၊ အဲဒီအတွက် လုပ်အားခငွေ သုံးသောင်းပေးမယ်လို့ပြောတယ်၊ ကျွန်တော်က လက်ခံလိုက်တော့ စရံငွေ တစ်သောင်းခွဲ ပေးတယ်၊ ကျန်တာက ဒီကအစ်ကို သိတဲ့အတိုင်းပါပဲ"





"တက္ကစီသမားကလဲ မင်းတို့အုပ်စုထဲကလူပေါ့"

သားဇင် က ခေါင်းညိတ်ပြသည်။

"မင်းတို့ကို အစီကနိုင်းတဲ့လူက ဘယ်သူလဲ"

"အဲဒါတော့ ကျွန်တော် တကယ်မသိတာ အမှန်ပါ"

သားဇင် စကားကြောင့် မင်းဇင် က ခပ်မာမာပြောသည်။

"သားဇင် .. မင်း မလိမ်နဲ့နော် ..၊ အမှန်အတိုင်း ပြော .."

"ငါ မလိမ်ရဲပါဘူးကွာ၊ အစ်မကောက် သား တကယ်ပြောတာပါ"

သားဇင် စကားကြောင့် မကောက် က သားဇင် ခေါင်းကို ဒေါက်ခနဲ ခေါက်ရင်း ...

"အခုကျမှ အစ်မကောက် တွေ .. သားတွေ လာနဲ့ပြမနေနဲ့၊ လာ အဲဒီ ဓားတိုမြင့်မောင် ဆိုတဲ့ကောင်ကို လိုက်ပြ"

"ဓားမမြင့်မောင် ပါ မကောက် ရာ .."

ပုတု စကားကြောင့် မကောက် က ..

"ဓားမလဲ ဓားပဲဟာ၊ သူက ဓားမမြင့်မောင်၊ ငါက ကျားပျံမကောက် .. တွေ့ကြသေးတာပေါ့ဟာ"

ကားသုံးစီး၊ လူဆယ်ယောက်နဲ့ ခရီးထပ်ဆန့်ခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်ရောက်တော့ မကောက် က ...

"ဒီလူအုပ်ကြီးနဲ့တော့ လမ်းထဲဝင်လို့ မဖြစ်ဘူး၊ အဓိက,က မိုးသောက် .. နင့်ကို သူ တွေ့လို့မဖြစ်ဘူး၊ နေခဲ့"

"ဒါဆို ဘယ်သူသွားမလဲ"

မကောက် က မြောင်းမြ ကို ခပ်တည်တည်နဲ့ မျက်ရိပ်ပြရင်း..

"မြောင်းမြ လိုက်ခဲ့၊ နင်က ဂျပန်ပြန်ကရာတေးသမားဆိုတော့ အေးဆေးပဲ၊ သားဖင် ရယ် .. ငါရယ် .. မြောင်းမြ ရယ် .. ဘယ်သူ လိုက်ဦးမလဲ"

"ကျွန်တော်ပါ လိုက်ခဲ့မယ်လေ"

ကိုတင်ထွဋ် က လိုက်မယ်ပြောတော့ မကောက် က ခေါင်း ညိတ်ပြပါသည်။ ကိုတင်ထွဋ် ကားနဲ့ပဲ မကောက် တို့ ဝင်သွားကြ ပါတယ်။ မကောက် က ကားနောက်ခန်းမှာ သားဖင် နဲ့အတူထိုင်ရင်း...





"ဒီလူ ဘယ်မှာရှိတတ်လဲ"

"သူ့အိမ် အရင်သွားကြည့်မယ် အစ်မကောက် .."

"အဲဒါဆို နင်က လမ်းပြပေး"

သားဖင် ရဲ့ လမ်းညွှန်မှုနဲ့ ကိုတင်ထွဋ် က ကားကိုမောင်းရင်း လမ်းကြားလေးတစ်ခုရှေ့မှာ ရပ်နိုင်းပါတယ်။

"ဒီလမ်းကြားထဲမှာ အစ်မကောက်"

"ဒါဆိုရင် ဒီအစ်ကို ကားထဲကပဲ စောင့်နေ၊ ကျွန်မတို့ ဘာမှ မပြောဘဲ ကားဆီခေါ်လာခဲ့မယ်"

ကိုတင်ထွဋ် က ခေါင်းညိတ်ပြသည်။ သူတို့သုံးယောက် ဆင်း ပြီး လမ်းကြားလေးထဲ ဝင်လာခဲ့ပါတယ်။ သိပ်မဝင်လိုက်ရပါဘူး၊ ခပ်ကုပ်ကုပ်တဲအိမ်လေးရှေ့အရောက်မှာ ...

"အစ်မသန်း .. အစ်မသန်း .."

သားဖင် က အိမ်ရှေ့က လှမ်းခေါ်တော့ အိမ်ထဲကနေ အော်သံ ပြန်ပြုပါတယ်။

"ဘယ်သူလဲ .."

"ကျွန်တော် သားဖင် ပါ"

"အေး .. အေး လာပြီဟေ့၊ ခဏလေး .."

စကားလည်း ဆုံးရော၊ ဝါးကြမ်းခင်းကိုနင်းတဲ့အသံနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ထဘီရင်လျားနဲ့ မိန်းမတစ်ယောက် ထွက်လာပါတယ်။ သူတို့ကို မြင်တော့ ...

"ဩော် .. ဧည့်သည်တွေရော ပါလာတာကိုး"

"ကိုမြင့်မောင် ရှိလား အစ်မ"

"ဟဲ့ .. ဒီသေနာက ဒီအချိန် ဘယ်မှာရှိလဲ နင် မသိဘူးလား"

"ဆိုင်မှာလား အစ်မ"

"အေးလေ .. သူ့အလုပ်က ဒီအရည်သောက်ဖို့ ငါ့ကို မူးလာရင် ရစ်ဖို့ မွေးကတည်းက ခွဲတမ်းချလာတာပဲ သားဇင် ရယ် .. အဲဒီ သေနာကြီး အိမ်မှာမရှိလေ ငါ စိတ်ချမ်းသာလေပဲဟေ့"

"ဒါဆိုလဲ ကျွန်တော်တို့ လိုက်သွားလိုက်ဦးမယ်"

"အေး .. အေး၊ ငါလဲ ထမင်းအိုးတန်းလန်းကြီးမို့ လိုက်မပို့တော့ဘူး သားဇင်"

"ရတယ် အစ်မ .. သွားပြီ"

သူတို့ပြန်ထွက်လာကာ ကိုတင်ထွဋ် ကားဆီ ရောက်တော့ သားဇင် က ...

"ရှေ့ခပ်လှမ်းလှမ်းက 'သောက်မူးလဲ'ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတဲ့ဆိုင်ပဲ အစ်မ"

"ကဲ .. တက်၊ သွားမယ်"





ကားပေါ်ပြန်တက်ကြကာ ဆိုင်ကို မောင်းခဲ့ကြပါသည်။ ဆိုင်ရှေ့ရောက်တော့ ဆိုင်ကိုအကဲခတ်ကြည့်တော့ ဆိုင်က သိပ်သားသားနားနားကြီး မဟုတ်၊ ဆိုင်ထဲမှာ သောက်သုံးသူဆိုလို့ မျက်နှာညှဉ်းသိုးသိုးနဲ့ အပေါ်အင်္ကျီမပါတဲ့ လူတစ်ယောက်ပဲ တွေ့ပါတယ်။ လူက သိပ်အကောင်ကြီးကြီး မဟုတ်ပါ။

"အဲဒီလူလား သားဇင်"

"ဟုတ်တယ် .. အစ်မကောက်"

စားပွဲပေါ်မှာ ပုလင်းတောင် မထောင်နိုင်ရှာ၊ ဖန်ခွက်လေးတစ်ခွက်ပဲ ရှိပါသည်။ အမြည်းတောင် မတွေ့ပါ။ သူတို့ ဆိုင်ထဲရောက်တော့ ထိုလူက သားဇင် ကို တွေ့သွားပြီး ...

"ဟာ .. ကောင်လေး၊ မတွေ့တာ အတော်ကြာပါလား၊ အတော်ပဲကွာ .. ငါ ရေချိန်မကိုက်သေးလို့ နည်းနည်း ထပ်တိုက်စမ်းပါကွာ"

"တိုက်မယ် .. ခဏလေး"

သားဇင် က ကောင်တာဆီသွားကာ ကောင်တာက ခပ်တောင့်တောင့်လူကြီးနဲ့ စကားပြောပါသည်။ သားဇင် က အပေါင်းအသင်းများဟန် တူပါသည်။ သားဇင် က ကျွန်တော်တို့ကို သက်[illegible]ထိုးပြလိုက်၊ မြမောင် ဆိုတဲ့လူကို ကြည့်လိုက်နဲ့ ကော[illegible]တာကလူကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြတော့ ထိုလူကြီးက ရယ်မောရင်း သားဇင် လက်မောင်းကို ပုတ်ကာ ခေါင်းညိတ်ပြပါသည်။

သားဇင် က မျက်ရိပ်ပြပြီး ဓားမမြင့်မောင် ဝိုင်းမှာ ဝင်ထိုင်တော့ မကောက် တို့ကလည်း ဝင်ထိုင်ပါတယ်။

"ညှိသည်တွေပါ ပါလာပါလား သားဇင်၊ ဘာကိစ္စရှိလို့လဲ"

သားဇင် က ဖန်ခွက်ထဲက အရက်ကိုကြည့်ပြီး ...

"ခင်ဗျားကို ဒီဆိုင်က အကောင်းဆုံးအရက်တိုက်မယ်"

"ဟာ .. တကယ်လား"

သားဇင် က ခေါင်းညိတ်ပြရင်း ...

"ဒါပေမယ့် သူတို့မေးတာတော့ ဖြေရလိမ့်မယ်"

"ဖြေမယ် .. တကယ်တိုက်မှာနော်"

"တိုက်ပါမယ်ဆိုမှဗျာ၊ ဩော် .. မိတ်ဆက်ပေးရဦးမယ်၊ ဒီဘက်က အစ်မက ကျွန်တော်တို့ ဂျူဒိုသင်တန်းက ဆရာမ သုံးနှစ်ဆက်တိုက် ရွှေတံဆိပ်ဆု ရထားတာ၊ ကြားဖူးလား .. ကျားပုံမကောက်တဲ့"

ဓားမမြင့်မောင် မျက်မှောင်ကြုတ်သွားပါတယ်။ မေးရိုးကြီးလည်း တင်းလာပါတယ်။

"အဲဒါ ဘာဖြစ်လဲ"

အသံက နည်းနည်း မာလာပါတယ်။





"ဒီဘက်က ဂျပန်က ပြန်လာတာ သိပ်မကြာသေးဘူး၊ ဂျပန်ပြည်ရဲ့ အကျော်ကြားဆုံး ဂျီလေဘော ကရာတေးကလပ်က နည်းပြဆရာတစ်ယောက်၊ တော်ကီမြောင်းမြ တဲ့၊ ဒီဘက်က ဒီဆရာနဲ့အတူ တူ ပြန်လာတာလို့ ပြောတယ်"

"ဟော့ကောင် .. မင်း အဓိကအကြောင်းအရာကို ပြော .."

ဓားမမြင့်မောင် အသံက နည်းနည်းမာလာပါတယ်။ ကိုတင်ထွဋ် ခမျာ မျက်နှာမပျက်အောင် အားတင်းထားရပါတယ်။ အစ်မကောက် က နည်းနည်းတင်းသွားပုံ ရပါတယ်။ သူမ လက်ဝါးကြမ်းကြမ်းကြီးနဲ့ ခုံကို ဖြန်းခနဲ ရိုက်ရင်း ...

"အရက်ကို ပါးစပ်ထဲ အေးအေးဆေးဆေး ထည့်မလား၊ ရှင့်သွားတွေ ချွတ်ပြီး ကျွန်မက ရှင့်ပါးစပ်ထဲ အရက်ကို ဂါလံပုံးလောက် လောင်းထည့်ပေးရမလား ပြော .."

မကောက် အသံကြောင့် ဓားမမြင့်မောင် ကလည်း ...

"ဟား .. ဟား .. ကျုပ်တို့မျိုးရိုးက ဓားမျိုးဗျ၊ ကျုပ်တို့အဖေဆို ဓားသန်းမောင် တဲ့၊ ကျုပ်အကြောင်းကို ကြားဖူးလား၊ ဒီတစ်ပိုက်မှာ စုံစမ်းကြည့်၊ ဓားမမြင့်မောင် ဆိုတာ ဘာကောင်လဲလို့ .."

မကောက် က ဝုန်းခနဲ ထရပ်တော့ ဓားမမြင့်မောင် က သွားအဖြဲသားလေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီးကလဲ ဒေါသကြီးတာပဲ၊ အေးအေးဆေးဆေး ပြောလဲ ရတာပဲဟာ .."

"လာစမ်းပါ .. ရှင်က ဘာ စားမှာလဲ .. ဘယ်လောက်ထက်လဲ၊ စမ်းကြည့်ရတာပေါ့"

မကောက် ဒေါသထွက်သလောက် စားမခမျာ အသံလေး ချိုချိုလာပါတယ်။ ကောင်တာက လူဝကြီးက ကောင်တာကနေ ...

"ဟော့ကောင် ငမူး၊ ညှို့သည် ကို ရစ်မနေနဲ့ .. ခင်း အသားနာချင်ပြီနဲ့ တူတယ်"

"သား .. ဘာပြောလို့လဲလို့၊ ဒီက အစ်မကြီးက အလုပ်လာ အပ်တာ မဟုတ်ဘူးလား"

"ရှင့်ကို ကျွန်မက ဘာလို့အလုပ် အပ်ရမှာလဲ"

"စားသွားမယ်လေ၊ ကျုပ်အလုပ်က စားသွားတဲ့အလုပ်ပဲဟာ၊ အထူးသဖြင့် စားမတွေ အသွေးများတယ်"

"သေလိုက်ပါတော့ .."

"ဘာဖြစ်လို့လဲဟင် .."

စားမမြင့်မောင် က ကြောင်အအနဲ့ မေးပါတယ်။

"ကဲ .. ရှင် လမ်းထိပ်လိုက်ခဲ့"

"အရက်မတိုက်တော့ဘူးလား"





"တိုက်မယ်၊ ပြီးရင် ပိုက်ဆံပါ ပေးခဲ့မယ်"

"မလိမ်ကြေးနော်"

"တကယ်ပါပဲ၊ ဘယ်လိုငမူးနဲ့ လာတွေ့နေပါလိမ့်"

မကောက် က စိတ်ညစ်ညစ်နဲ့ ထရပ်တော့ သားဖင် က ကောင်တာကလူကြီးကို ...

"ဦးလေး၊ ကျွန်တော် လမ်းထိပ် ခဏခေါ်သွားလိုက်မယ်"

"ခေါ်သွား၊ ပြီးရင် ဒီငမူးကို မြစ်ထဲသာ ကန်ချလိုက်ဟေ့"

စားမမြင့်မောင် က ဒီလောက်ပြောတာတောင် တဟဲဟဲ။

ဆိုင်အပြင်ရောက်တော့ မကောက် က နောက်ခန်းမှာ မြောင်းမြ ကို အရင်ဝင်ထိုင်ခိုင်းပြီး အလယ်မှာ စားမမြင့်မောင် ကို ထိုင်ခိုင်းပါသည်။ ကိုတင်ထွဋ်က ကားကို မိုးသောက် တို့ စောင့်နေရာကို မောင်းလာခဲ့ပါတယ်။

ကားပေါ်က ဆင်းဆင်းချင်း မိုးသောက် ကိုလည်း မြင်ရော.. စားမမြင့်မောင် အထိတ်တလန့် ဖြစ်သွားပုံရပါသည်။ လူအင်အားနဲ့ အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားပုံရပါတယ်။ မျက်နှာ ငယ်ငယ်လေးနဲ့ မြောင်းမြ နဲ့ မကောက် ကို ကြည့်ကာ ...

"သား .. အရက်မသောက်တော့ဘူး၊ ပိုက်ဆံလဲ မရှိတော့ဘူး၊ နော် .. ပြန်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မကောက် က မျက်လုံးပြူး အံကြိတ်ကာ ဓားမ ရဲ့ ကော်လံစ ကို ဆွဲယူရင်း ..

"ဒီက ငါ့မောင်ကို လိမ်ညာပြီး ဓာတ်လမ်းဆင်တဲ့လူက ဘယ်သူလဲ .. ပြော၊ မဟုတ်ရင် ရဲစခန်းရောက်သွားမယ်၊ ပြောရင် .."

မကောက် က ကိုတင်ထွဋ် ကို ကြည့်တော့ ကိုတင်ထွဋ် က တစ်ထောင်တန်ငွေစက္ကူတချို့ကို ဓားမရဲ့ အကျႌအိတ်ကပ်ထဲ ထည့်ပေးပါသည်။ ပိုက်ဆံလည်းမြင်ရော ဓားမ က ...

"ပြောပါ့မယ်ဗျာ.. လည်ပင်းအစ်လို့ နည်းနည်းလျှော့ပေးနော်"

မကောက် က နည်းနည်းလျှော့ပေးလိုက်ပါတယ်။

"သူက ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဗျ။ ကျုပ်ရဲ့ ကျေးဇူးရှင်ပေါ့၊ သူ့နာမည်က မင်းထွန်း တဲ့"

"ဟင်!..."

ကျွန်တော်တို့တင် မဟုတ်ပါ။ ကြာဖြူ ရော၊ ကိုတင်ထွဋ် ပါ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ..။

"ကျွန်တော့်နာမည်က ဓားမမြင့်မောင် လို့ သူက ကြားတော့ အထင်ကြီးပြီး လူမိုက်ငှားတာပေါ့၊ တချို့ ဒီလိုကိစ္စမျိုးတွေ သူက ကျွန်တော့်ကို ခိုင်းတတ်တယ်၊ ကုမ္ပဏီအပြိုင်အဆိုင်ဆိုရင် ယုတ်မာ နည်းလမ်းမျိုးတွေဆိုရင်ပေါ့၊ အဲ .. အခုကိစ္စမှာလဲ သူက ပိုက်ဆံ





နှစ်သိန်းခွဲပေးပြီး အစီအစဉ် ဆွဲပြပါတယ်။ အဲဒါကြောင့် သားဇင် ပါ ပါလာတာပေါ့၊ ကျွန်တော်လဲ ကျန်ကဲ့ပိုက်ဆံတွေကိုယူပြီး ကျွန်တော်နဲ့သောက် ဖော်သောက်ဖက် လူမိုက်သုံးယောက်ကိုခေါ်ပြီး ရဲဆေးနည်းနည်းတင်ပြီး ဒီပြဿနာကို အကောင်အထည်ဖော်ခဲ့ကြတာပါ"

"တောက် .."

ကိုတင်ထွဋ် က တောက်ခေါက်တော့ ဓားမ တုန်သွားပါတယ်။

"ကျွန်တော်တို့ လုပ်ချင်လို့လုပ်တာ မဟုတ်ပါဘူးဗျာ .. သူ ခိုင်းလို့ လုပ်ရတာပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

"ခင်ဗျား သူ့အစီအစဉ်တွေကို ပြောပြစမ်း"

ကိုတင်ထွဋ် စကားကြောင့် ဓားမမြင့်မောင် က မင်းထွန်း ရဲ့ အစီအစဉ်တွေကို ပြောပြပါသည်။ ဓားမမြင့်မောင် ပြောတဲ့စကားတွေဆုံးတော့ ...

"ခင်ဗျား သွားလို့ရပြီ"

မိုးသောက် ခွင့်ပြုလိုက်တာကြောင့် ဓားမ ခများ တစ်ချိုးတည်း လစ်ပါတော့သည်။

"ဒီလူ ယုတ်မာကောက်ကျစ်ပြီး ရုပ်က တရားသမားလိုလို အေးအေးဆေးဆေးပုံစံလေးနဲ့ အကြင်နာတရားမရှိတဲ့လူဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန် က မဂျေမနပ်ဆိုတော့ ကိုတင်ထွဋ် က ...

"ဒီလိုရုပ်မျိုးတွေက ပိုကြောက်ဖို့ ကောင်းတယ်၊ လောကမှာ ဘယ်နေရာဖြစ်ဖြစ် အကောင်းနဲ့အဆိုး ဒွန်တွဲနေမှာပဲ အင်္ဂလန်"

"အခု ဘာဆက်လုပ်ကြမလဲ"

မကောက် က အားလုံးကိုရည်ရွယ်ပြီး မေးတော့ ကိုတင်ထွဋ် က ...

"ကြာဖြူ .. နင် တစ်နေရာရာကို လှမ်းခေါ် လိုက်"

"ဘယ်သူ့ကိုလဲ"

"အိမ်စွန်း ကို ခေါ် ..၊ ပြီးရင် ကိုမင်းထွန်း နဲ့ အတူလာဖို့ ရအောင်ပြော .."

"ဘယ်နေရာကို ချိန်းမလဲ"

"ဟုတ်တယ် .. အဲဒါ အရေးကြီးတယ်"

မင်းဇင် က ပိုးအိ ပခုံးကို သိုင်းဖက်ရင်း ..

"ရုပ်ရှင်တွေထဲမှာတော့ ဓာတ်သိမ်းခန်းဆိုရင် ပန်းခြံထဲမှာ ကုလားကားတွေလို အကာနဲ့ ဓာတ်သိမ်းတာပဲ"

"ဟုတ်တယ်"

အရေးထဲ နောက်နိုင်ကြသေးသည်။ ကြာဖြူ က ဟမ်းဖုန်းကို ဖွင့်ကာ အိမ်စွန်း ဆီ ဖုန်းခေါ်ပါတယ်။





"အိမ်စွန်း လား .. ငါနဲ့ ကိုတင်ထွဋ် (... ... ...)ပန်းခြံမှာ ရောက်နေတယ်"

"... ... ... ... ..."

"ဟဲ့ .. ဒီလူကြီးနဲ့ ငါက စုံတွဲခုတ်စရာလား"

အိမ်စွန်း က ဘာပြောလိုက်သည် မသိ၊ ကြာဖြူ က ကိုတင်ထွဋ် ကို မျက်စောင်းထိုးပါတယ်။ ကိုတင်ထွဋ် က ခပ်တည်တည်နဲ့..

"ငါတို့ဘက်ကတော့ ဘယ်သူမှ မဖြစ်မှာဘူး၊ နင့်ဘက်က ဖြစ်မှာရင်လဲ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပေါ့"

ကိုတင်ထွဋ် စကားကြောင့် ကြာဖြူ က မျက်စောင်းထိုးသည်။

"ဟဲ့ .. အရေးကြီးလို့ပေါ့ဟဲ့၊ နင် ကိုမင်းထွန်း ကို ခေါ်ပြီး ငါတို့ဆီ လာခဲ့၊ ဩော် .. ပါမှဖြစ်မှာမို့ ခေါ်တာပေါ့၊ အေး .. ဒါပဲ၊ ဆက်ဆက်ခေါ်ခဲ့နော်၊ အေး .."

ဖုန်းကိုပြန်ပိတ်ကာ ကြာဖြူ က လက်မ ထောင်ပြပါသည်။

"ကဲ .. သွားကြစို့"

အားလုံးက ပျော်ခနဲ ထအော်ကာ ကားသုံးစီးပေါ် ပြန်တက်ကြပါသည်။ ပန်းခြံထဲကို ကားရပ်တော့ အားလုံး ကားပေါ် က[illegible]ကာ အရိပ်ကောင်းတဲ့သစ်ပင်အောက်မှာ သွားထိုင်နေကြ[illegible]တယ်။

"မင်းထွန်း မင်းကို မြင်ရင် သဘောကောင်းသ[illegible]ာန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ သေချာတယ်၊ အင်း .. အဖြစ်မှန်ကို သိရင်တော့ ဒီကောင့် မျက်နှာ ဘယ်လိုရှိမလဲ၊ အရသာရှိရှိ ကြည့်ရမယ်”

ကိုတင်ထွဋ် စကားကြောင့် ကြာဖြူ ကပါ ခေါင်းညိတ်သည်။ အင်္ဂလန် က ကျွန်တော့်ပခုံးကို ပုတ်ရင်း ..

“ကားဝင်လာဘာနဲ့ မင်း ငါတို့သုံးယောက်နဲ့အတူ ခဏရှောင် နေလိုက်၊ တို့ကိုမြင်ရင် အိမ်စွန်း ဒီကိုလာမှာ မဟုတ်ဘူး”

“အေး .. အဲဒါတော့ ဟုတ်တယ်၊ ဟိုးခပ်လှမ်းလှမ်းက သစ်ပင် ကြီးနောက်မှာ သွားနေပော့”

ကျွန်တော်တို့လေးယောက် ခပ်လှမ်းလှမ်းက သစ်ပင်ကြီး နောက်မှာ သွားနေပြီး သိပ်မကြာလိုက်ပါဘူး။ အိမ်စွန်း နဲ့ ကိုမင်း ထွန်း တို့ရဲ့ကား ပန်းခြံထဲဝင်လာတာကို မြင်ရပါတယ်။

အင်္ဂလန် က သစ်ပင်အကွယ်ကနေ ချောင်းကြည့်ရင်း ...

“ကားပေါ်က သူတို့ဆင်းလာကြပြီ၊ ကြာဖြူ လက်လှမ်းပြ လိုက်တာ အိမ်စွန်း မြင်တယ် မိုးသောက်၊ ဟော .. လာကြပြီ”

အစီအစဉ်ကြေညာသူလို အင်္ဂလန် က ရွတ်ပြသည်။ ကျွန်တော် ကတော့ မကြည့် ..။

“ဟဲ့ .. လူစုံတက်စုံနဲ့ ဘာတွေများ အရေးကြီးလို့လဲ မိန်းမ” သိပ်မဝေးတာကြောင့် အိမ်စွန်း အသံကို ကြားနေရပါတယ်။





ကျွန်တော် သစ်ပင်အကွယ်ကနေ ကြည့်တော့ ကိုမင်းထွန်း က သူနဲ့ မသိတဲ့လူတွေကို အကဲခတ်နေပါတယ်။

ကြာဖြူ က ကိုတင်ထွဋ် ကို ကြည့်တယ်။ မင်းဖင် တို့ ညီအစ်ကို ပိုးအိ နဲ့ မကောက် တို့က ကိုမင်းထွန်း ကို လက်ပိုက်ကာ မှုန်တေတေ နဲ့ ကြည့်နေကြပါသည်။ ကိုတင်ထွဋ် အသံကို ကြားလိုက်ရပါတယ်။

“ဇာတ်လမ်း ဇာတ်ညွှန်းကတော့ အကာယ်ဒမီရှော့ပါပဲ၊ ဒါပေ မယ့် သရုပ်ဆောင်တဲ့လူတွေက အသုံးမကျတော့ ..”

ကိုမင်းထွန်း က ကိုတင်ထွဋ် ကို မျက်ခနဲ ကြည့်သည်။ ကိုတင် ထွဋ် က ပြန်မကြည့် ..။

“လူနာ ရောဂါပြင်းနေမှန်းသိရက်နဲ့ ဆရာဝန်တစ်ယောက်က ခင်ဗျားရောဂါကြောင့် ခင်ဗျားသေမှာပဲလို့ ဆရာဝန်တွေက ပြောကြ လား ကိုမင်းထွန်း”

“ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ကျုပ် နားမလည်ဘူး”

ကိုမင်းထွန်း အယောင်ယောင်အမှားမှား ဖြစ်နေပါသည်။ အိမ် စွန်း က ကြောင်တောင်တောင်နဲ့ ကိုတင်ထွဋ် ကို ကြည့်နေပါတယ်။

“အဲဒီလူနာကို စိတ်ဓာတ်မကျဖို့ ဆရာဝန်က ခင်ဗျားရောဂါ သက်သာမှာပါလို့ လိမ်ညာကောင်း လိမ်ညာလိမ့်မယ်၊ ဒါဟာ မှန် ကန်တဲ့ လိမ်ညာမှုတစ်ခုပါ။ ဒါပေမယ့် တချို့ဆရာဝန်တွေက ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မဖြစ်တဲ့လူနာကို ဒဏ်ရာပြင်းထန် အမောဖောက်အောင် လုပ်တတ်ကြတယ်၊ ဥပမာ ကိုမင်းထွန်း တို့ လိုပေါ့ ..”

“ဗျာ!... ခင်ဗျား ဘာစကားပြောတာလဲ ကိုတင်ထွဋ်”

ကိုတင်ထွဋ် ရဲ့စကားကြောင့် ကိုမင်းထွန်း မျက်နှာ ရဲတွတ်ကာ ဒေါသထွက်သွားပုံရပါသည်။ အိမ်စွန်း က ဘာမှနားမလည်ဟန် ကိုတင်ထွဋ် မျက်နှာကို မျက်လုံးအဝိုင်းသားနှင့် ငေးကြည့်နေပါသည်။

မင်းထွန်းက တစ်ခုခုကို သိသွားမှာ စိုးရိမ်နေဟန်ရှိသည်။ ကိုတင်ထွဋ်က ရိသဲ့သဲ့အပြုံးနဲ့ ...

“ကဲ ... သားဇင် ..”

သားဇင် ရဲ့နာမည် ကြားရုံနဲ့ မင်းထွန်း မျက်နှာ ပျက်စပြုပြီ..။

“မင်း သိထားတာလေးတွေ ..”

သားဇင် က ကိုမင်းထွန်း ကို တစ်ချက်ကြည့်ပြီး အိမ်စွန်း ကို မရဲတရဲကြည့်ကာ ...

“ကျွန်တော် အမှန်အတိုင်းပဲ ပြောပါတော့မယ်၊ အဖြစ်အပျက်တွေရဲ့အမှန်က .. ကျွန်တော့်ဆီကို ဓားမမြင့်မောင် ရောက်လာတာက စတာပါပဲ ..”





“ရှာလိုက်ရတာ ကောင်လေးရာ ..”

ကျွန်တော်ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ကို အင်္ကျီဗလာ၊ ကိုယ်ပေါ်မှာ ဆေးမင်ရည်အပြည့်နဲ့ ဓားမမြင့်မောင် ရောက်လာတော့ ကျွန်တော်နဲ့ထိုင်နေတဲ့ သူငယ်ချင်းက ဘယ်လိုထင်သည်မသိ ..။

“ငါ ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ် သားဇင်”

သူငယ်ချင်းစကားကြောင့် ဓားမမြင့်မောင် ကလည်း သူ့ဝသီအတိုင်း ...

“သွားကွာ ... ငါကလဲ သားဇင် နဲ့ပဲ စကားပြောချင်နေတာ..”

သူငယ်ချင်းက ကုပ်ချောင်းချောင်းနဲ့ ထွက်သွားပါသည်။ ဓားမ ကို မသိသူတွေက လူမိုက်ကြီးလို့ ထင်နေကြပေမယ့် ကျွန်တော်ကတော့ ကျေးမွေးပေးကမ်းထားသူမို့ အရေးမစိုက်။

“ခင်ဗျားကလဲဗျာ .. အေးအေးသက်သာ ပြောစမ်းပါ”



www.burmeseclassic.com

www.burmeseclassic.com



ဓားမ က စပ်ဖြီးဖြီးလုပ်ရင်း ဗိုင်းထဲမှာချထားတဲ့ မုန့်တစ်ခုကို ပလတ်စတစ်အိတ်ဖြေရင်း ပလုပ်ပလောင်း စားကာ ...

"မင်းကို လာတိုင်ပင်တာ သားဖင် .."

"ဘာကိစ္စလဲ .."

ဓားမ က ရေနွေးတစ်ခွက် ငုံ့သောက်ရင်း ...

"ဒီလိုကွ .. ငါ့အပေါ် ကျေးဇူးပြုဖူးတဲ့ လူတစ်ယောက် ရှိတယ်၊ သူ့နာမည်က ကိုမင်းထွန်း တဲ့၊ ကုမ္ပဏီပိုင်ရှင် .."

"ပြောပါဦး .."

ဓားမ က ခေါင်းညိတ်ပြကာ ...

"သူက ငါ့ကို အကူအညီတစ်ခုတောင်းတယ် သားဖင် .."

"ပြောပါဦး .."

"သူနဲ့စေ့စပ်ထားတဲ့ မိန်းကလေးက တခြားတစ်ယောက်နဲ့ တွဲနေတယ်တဲ့ .."

"တွဲတာပဲဗျာ .. ပါသွားတာမှ မဟုတ်ဘဲ .."

ဓားမ က ခေါင်းခါရင်း ...

"ငါ့ဘော့စ်က အဲဒီအတွက် တော်တော်စိုးရိမ်နေပုံရတယ် သားဖင်၊ အဲဒီအတွက် ငါ့ကို အကူအညီတစ်ခု တောင်းတယ်၊ သူ့ကောင်မလေးနဲ့ တွဲနေတဲ့လူကို သူ့ကောင်မလေး အထင်လွဲသွားအောင်





ကြံပေးဖို့ .."

သားဖင် က ဓားမ စကားဆုံးသည်နှင့် တဟားဟားရယ်ရင်း...

"အဲဒါနဲ့ ကလိန်ကကျစ်ဘက်မှာ ပါရမီပါတဲ့ ကျုပ်ဆီ ခင်ဗျား ရောက်လာတာပေါ့"

"အဟီး .. ညီလေးကလဲ၊ အချင်းချင်းတွေဟာကို .."

ကျွန်တော် တစ်ခဏကြာ စဉ်းစားရပါသည်။ ဓားမ ကလည်း ကျွန်တော့်အကြောင်း သိနေတာနဲ့ ဘေးကနေ စကားမပြောဘဲ ငြိမ်နေပေးပါသည်။ တအောင့်ကြာတော့ ...

"ဒီအတိုင်းတော့ မရဘူးနော် ဓားမ .."

ဓားမ က လက်ဖျောက်တစ်ချက်တီးပြီး ...

"ငါ့ကို ဆရာလေးက ငွေနှစ်သိန်း ပေးထားတယ်၊ ဒါပေမယ့် ဒီအကြံအစည် မပေါက်ကြားဖို့တော့ သူ အတာန်တန် မှာတယ် သားဖင် .."

"အိုကေ .. သားဖင် အကြောင်း ခင်ဗျားသိပါတယ် ဓားမ ရယ်"

"သိပါတယ်ကွာ .. သိလို့လဲ မင်းဆီ ငါ ရောက်လာတာပေါ့"

သားဖင် ရယ်ရင်း ...

"ကဲ .. ပြောပါဦး .."

ဓားမ က ခေါင်းညိတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း လုပ်ရမှာက ငါပြောတဲ့စုံတွဲလာရင် ငါ့ရဲ့လူသုံးယောက် မင်းကို ဝိုင်းရိုက်နေတဲ့ပုံ သူတို့မြင်အောင် လုပ်ပြရမယ် .."

"ဟာ!... တကယ်ရိုက်မှာလား"

ခေါ်မ က ရယ်သည်။

"ဘယ် တကယ်ရိုက်မှာလဲကွ၊ မင်းခေါင်းကို သွေးအတု ဆွတ် ထား ဖျန်းထားမှာပေါ့"

"အဲဒီတော့ .."

"အဲဒီတော့ မိုးသောက် ဆိုတဲ့ပုဂ္ဂိုလ်က လက်ပိုက်ကြည့်နေ တတ်တဲ့လူ မဟုတ်ဘူးလို့ ငါ သတင်းရထားတယ် .."

"ဪ .. ပေါက်ပြီ၊ အဲဒီလူလာမှ ဝိုင်းဆော်ရမယ်ပေါ့"

"အေးပေါ့ကွ .."

"အိုကေ ..."

လက်ဝါးချင်း ရိုက်မိကြပါသည်။





သားဇင်က ဆက်ပြောပါသည်။ အိမ်စွန်း မယုံကြည်ဟန်နဲ့ အံ့သြနေကာ သားဇင် စကားကို မျက်ရည်စို့စို့နဲ့ နားထောင်နေ မိပါသည်။

မင်းထွန်း ခေါင်းငိုက်စိုက်ကျနေပါပြီ ..၊ မျက်နှာပျက်နေတာ ကတော့ ပြောမနေပါနဲ့ ..၊

သားဇင် က မျက်နှာငယ်လေးနှင့် ဆက်ပြီး ပြောပြနေပါသည်။

"ကျွန်တော်တို့ ထင်ထားတာထက် ကိုမိုးသောက် က အသတ် အပုတ် ပိုပြီးကျွမ်းကျင်နေတော့ ကျွန်တော်တို့ ပြန်ပြေးလာရပါတယ်၊ အဲဒီတော့ ကျွန်တော်၊ ခေါ်မ နဲ့ ပေ့ာဒီက ကိုမင်းထွန်း တို့ .."

သားဇင် က မင်းထွန်း ကို မရဲတရဲ ကြည့်ပါသည်။ ပြီးမှ ...

"သုံးယောက်ပေါင်းပြီး ထပ်ပြီး အကြံထုတ်ရတာပေါ့ အဲဒီ အဖြေက ဒီကာအစ်မကို လုပ်ကြံပြီး ပြောဖို့ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

သားဇင် စကားကြောင့် အိမ်စွန်း မင်းထွန်း ကို နာကျင်စိတ်နဲ့ တောက်ခေါက်မိသည်။ မင်းထွန်း ခမျာမှာတော့ ချွေးပြန် စိတ်အိုက်နေပုံ။ သားဇင် က အားလုံးသိအောင် ဆက်ပြောပြပါသည်။

"ဇာတ်လမ်းက ဒါပါပဲ၊ ကံကောင်းချင်တော့ ဒီကအစ်မ ဆေးခန်းကို ကိုမိုးသောက် က လိုက်မပို့ဘူးလို့ ဓားမ က သိထားတယ်၊ ဒီတော့ နောက်တစ်နေ့မနက် အစ်မ ဆေးရုံသွားမယ့်လမ်းမှာ ရုတ်တရက်တွေ့သလိုလိုနဲ့ ကျွန်တော် တွေ့ဖို့ လုပ်ရတာပေါ့၊ ဓားမ က ကိုမိုးသောက် လာ မလာ စောင့်ကြည့်ဖို့ မှာထားရတယ်"

အဲဒီနေ့ရက်ကို အိမ်စွန်း အမှတ်ရမိပါသည်။ အဲဒီနေ့က ဒီကောင်လေးနဲ့ တွေ့ပါသည်။

"ဟာ!... အတော်ပဲ"

ကျွန်တော် လမ်းချိုးအကွေ့လေးက ထွက်ထွက်ချင်း အခုလိုပြောလိုက်တာကြောင့် ခေါင်းငုံ့လျှောက်လာတဲ့ ဆရာဝန်မလေးက အလန့်တကြား ဖြစ်သွားပြီး နောက်မှ တစ်ခုခုကို သတိရမိဟန်..။

"ဟင်!... မင်း ..."

"ဟုတ်တယ်၊ ကျွန်တော့်ကို မှတ်မိလား အစ်မ .."

ဆရာဝန်မလေးက ခေါင်းညိတ်ပြတော့ ...





"အဲဒီကိစ္စ ပြောမလို့ အစ်မ .."

ကျွန်တော်က ကြိတ်မနိုင်ခဲမရဟန် အံကြိတ်ပြပြီး လက်ဖဝါးကို လက်သီးနဲ့ထိုးပြကာ ...

"ကျွန်တော် တစ်ညလုံး မခံရပ်နိုင်တဲ့အဆုံး ဒီကိစ္စကို ပြောပြရတာပါ အစ်မ .."

"ဘာရယ် .."

ဆရာဝန်မလေးက နားမရှင်းဟန် ရှိသည်။

"ဒီကိစ္စတွေပြောဖို့ အစ်မဆီက ကတိတစ်ခုတော့ လိုချင်တယ် အစ်မ .."

အိမ်စွန်း က မျက်မှောင်ကြုတ်ပြီး ...

"ပြောကြည့်လေ .."

"မဟုတ်ဘူး အစ်မ၊ အစ်မဆီက ကတိရမှ ကျွန်တော် ပြောလို့ရမှာပါ၊ အစ်မ ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးရလိမ့်မယ် .."

ဒေါက်တာမလေးက ကျွန်တော့်ကို အကဲခတ်ရင်း ...

"ပေးတယ်ကွာ .. အစ်မ ဘယ်သူ့ကိုမှ မပြောဘူး"

ကျွန်တော်က ဟန်ပါပါ နှုတ်ခမ်းကိုက်ရင်း ကြိတ်မနိုင်ခဲမရဟန်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးသောက် ဗျာ .. ကတိမတည်ဘူးဗျာ"

"ဘယ်လို .. မိုးသောက် က .."

"ဟုတ်တယ် အစ်မ၊ တစ်နေ့က ကျွန်တော့်ကို အကူအညီ တောင်းတယ်၊ သားဇင် .. မင်း ငါ့ကို ကူညီပါကွာတဲ့၊ ငါကြိုက်နေတဲ့ ကောင်မလေးမှာ စေ့စပ်ထားတဲ့သူ ရှိတယ်တဲ့၊ သူ ငါ့အပေါ် စိတ် ညွတ်နေတာလဲ ငါ သိတယ်တဲ့၊ ငါပြောထားတဲ့ အစီအစဉ်အတိုင်း မင်း လုပ်ပေးပါ၊ ငါ မင်းကို တစ်သိန်းခွဲပေးမယ်ဆိုပြီး မနေ့က ရှန်ပွဲ အဟုကိုလုပ်ပြီး အစ်မဆီက သနားကရုဏာကို သူယူမယ်၊ ပြီးရင် အခုလုပ်တဲ့ကိစ္စက ဟို .. အစ်မနဲ့စေ့စပ်ထားတဲ့သူ လုပ်သလိုလို သတင်းလွှင့်မယ် .. ဒီလိုပေါ့ဗျာ .."

သားဇင် က ဆရာဝန်မလေးကို တစ်ချက် အကဲခတ်တော့ ပြုံတော့မယ့်မျက်ဝန်းနှင့်အတူ နီရဲတွတ်လာတဲ့ မျက်နှာကို မြင်ရပါ သည်။ ရင်ထဲမှာ ကြိတ်ပြုံးရင်း ...

"ကျွန်တော်လဲ မနေ့ကအတိုင်း အကူအညီပေးတာပေါ့၊ ည ရောက်လို့ သူ့အိမ်သွားပြီး အပြင်ခေါ်ထုတ် ပိုက်ဆံတောင်းတော့ မင်း ဘာတွေ လာပြောနေတာလဲ၊ ငါ မသိဘူးဆိုပြီး အကည်ပေါက်နဲ့ ကောလွှတ်လိုက်တယ် အစ်မ၊ သူ့စိတ်ထဲမှာ ကျွန်တော် အစ်မနဲ့ မတွေ့ရတော့ဘူးဆိုတဲ့အတွေး ရှိပုံရတယ်၊ ကျွန်တော်လဲ မနေ့





အကူအညီတောင်းထားတဲ့ လူနှစ်ယောက်ကို ပိုက်ဆံပေးရဦးမယ် လေ၊ ကျွန်တော်က ကူလဲ ကူညီရသေးတယ် အစ်မရယ်၊ ဒီလူကို တော့ သွားမပြောပါနဲ့ အစ်မရယ် .. သိသွားရင် ကျွန်တော့်ကို ဒီလူ ငြိုးလိမ့်မယ်"

"မဟုတ်သေးဘူး မောင်လေး၊ ဒီကိစ္စက ရှင်းကို ရှင်းရလိမ့် မယ်"

"ဟာ .. ကျွန်တော် ပြောမိတာ မှားပြီထင်တယ်ဗျာ၊ သွား မပြောပါနဲ့ဆို .. မလုပ်ပါနဲ့၊ ဒီလူက သိပ်ဟန်ဆောင်ကောင်းတာ၊ အစ်မ မသိဘဲနဲ့ သွားပြောလို့ကတော့ ကျွန်တော် သိတယ်နော် .."

ကျွန်တော့်အမှုအရာ ဘယ်လောက်ကောင်းသည်မသိ။ ဆရာ ဝန်မလေးက အံကြိတ်ရင်း ...

"ကောင်းပြီလေ .. မင်း မပြောနဲ့ဆိုလို့ အစ်မ မပြောတော့ဘူး၊ အခုလို လာပြောတဲ့အတွက် မင်းကို အစ်မ သိပ်ကျေးဇူးတင်တယ်၊ အဲဒီအတွက် .."

ဆရာဝန်မလေးက လွယ်ထားတဲ့အိတ်ကို ဖြုတ်ပြီး ပိုက်ဆံ အိတ်ကိုဖွင့်ကာ ပိုက်ဆံတစ်ထပ်ကို ဆွဲယူပြီး ...

"ဘယ်လောက်လဲတော့ အစ်မ မသိဘူး၊ တစ်သိန်းတော့ မပြည့်လောက်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မဟုတ်တာ၊ ကျွန်တော် ပိုက်ဆံလိုချင်လို့ လာပြောတာမှ မဟုတ်တာ .."

ကျွန်တော်က အိုက်တင်အပြည့်နှင့် ငြင်းဆန်တော့ ဆရာဝန်မလေးက အတင်း ကျွန်တော့်လက်ထဲ ထိုးထည့်ပေးသည်။ ကျွန်တော်က မယူချင့်ယူချင်ဟန်နှင့် မတတ်သာလို့ ယူရတဲ့ပုံနဲ့ ယူပြီး...

"ဒီကိစ္စကိုတော့ ဒီလူကိုတော့ လုံးလုံးမပြောပါနဲ့ အစ်မရယ်.."

"စိတ်ချပါကွာ၊ ကဲ .. အစ်မလဲ ဂျူတီချိန်နီးလို့ သွားဦးမယ်'

ဆရာဝန်မလေးက နှုတ်ဆက်ပြီး ထွက်သွားတော့ သားဇင်ထမခုန်မိအောင် ကြိုးစားနေရပါသည်။ တစ်ချက်ခုတ် သုံးချက်လောက်ပြတ်တဲ့ တကယ့်ဇာတ်လမ်း ..။

သားဇင် စကားဆုံးတော့ မျက်ရည်စ ခိုသီနေတဲ့ အိမ်စွန်း က မင်းထွန်း ကို ဒေါသတကြီး ကြည့်နေပါသည်။

"နင် သူတော်ကောင်းလို့ ထင်ထားတဲ့လူရဲ့ မျက်နှာ အရေခွံထပ်ကွာကျဖို့ လူတစ်ယောက်ကို ခေါ် ရဦးမယ်၊ မိုးသောက် ရေ ..."

ကြာဖြူ ခေါ် သံကြောင့် ကျွန်မ အံ့အားတသင့်နဲ့ ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာကြည့်မိတော့ ခပ်လှမ်းလှမ်း သစ်ပင်အကွယ်က မိုးသောက် က သူတို့ဆီ လျှောက်လာပါတယ်။

သူမနဲ့ မျက်နှာချင်းဆိုင်အကွာအဝေးမှာ မိုးသောက် ရပ်နေပါ





တယ်။ တစ်ယောက်နဲ့ တစ်ယောက် ငေးစိုက်ကြည့်မိကြပါတယ်။ ပြီးတော့ မိုးသောက် က ဘာမပြောညာမပြောဘဲ ရုတ်တရက် မင်းထွန်း ကို လှည့်ပြီး ...

"ဝုန်း .."

ဖြုန်းခနဲ ထိုးချလိုက်တာကြောင့် မင်းထွန်း အငိုက်မိကာ ခွေလဲသွားပါတယ်။ ကိုတင်ထွဋ် က မင်းထွန်း ကို ပြန်ထူပေးပြီး ...

"ခင်ဗျား ဒီလောက်တော့ တန်ပါတယ် ကိုမင်းထွန်း"

သွေးစွန်းနေတဲ့နှုတ်ခမ်းကို မင်းထွန်း က သုတ်ရင်း ...

"အခုအချိန်မှာ ကျွန်တော် တောင်းပန်နေလို့လဲ ဘာမှမထူးတော့ပါဘူး။ ကျွန်တော် ဒါပဲ ပြောချင်ပါတယ်"

ကိုတင်ထွဋ် က မင်းထွန်း ပခုံးကိုပုတ်ပြီး ...

"ခင်ဗျား အသာတကြည်နဲ့ အေးအေးဆေးဆေး ထွက်သွားမလား။ ကျွန်တော်ကိုယ်တိုင် ခင်ဗျားကို မောင်းထုတ်ရမလား ကိုမင်းထွန်း .."

"ခဏလေး .. နေပါဦး"

အိမ်စွန်း ဆီက အေးစက်စက်ထွက်လာတဲ့ စကားသံကြောင့် အားလုံး အိမ်စွန်း ဆီ အာရုံရောက်သွားကြပါတယ်။

အိမ်စွန်း က မင်းထွန်း ရှေ့ဆီ လျှောက်သွားပြီး မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဝဲတက် နှုတ်ခမ်းကို တင်းတင်းစေ့ရင်း ....

"ဖြန်း .."

အိမ်စွန်း ရဲ့ရိုက်ချက်က အတော်ပြင်းပါသည်။ ကိုမင်းထွန်း ဘယ်ဘက်ပါးက ချက်ချင်းရဲတက်လာပါသည်။

"ရှင် ကြံစည်ခဲ့တာတွေအတွက် ကျွန်မ ဂုဏ်ပြုတာပါ။ ဇာတ်စပ် ပွဲကို ဖျက်သိမ်းဖို့ ရှင့်ဘာသာရှင် စီစဉ်ပါ"

ကိုမင်းထွန်း က ခေါင်းညိတ်ပြပြီး သူတို့ရှေ့က ထွက်သွားပါ တယ်။ ဒီနောက် ကျွန်တော် အိမ်စွန်း ကို ကြည့်မိသည်။ အိမ်စွန်း မျက်ဝန်းထဲမှာ ကျွန်တော့်ကို တောင်းပန်ရိပ်တွေ ..၊ ကျွန်တော် လှည့်ထွက်လာတော့ ...

"ဟေ့ကောင် .. ဘယ်လဲ"

"ဟေ့ကောင် .. နေဦးဟ"

ကျွန်တော့်နောက်က ပုဇာ နဲ့ အင်္ဂလန် က လိုက်လာပြီး ကျွန် တော့်လက်ကို အတင်းဆွဲကာ ခုံတန်းလျားတစ်ခုမှာ အတင်းထိုင် ခိုင်းပါတယ်။

"မင်းက ဘာဖြစ်တာလဲ"

ကျွန်တော်က ဘာမှပြန်မဖြေ၊ ပုဇာ က ....

"နေပါဦးဟ .. ခဏနေရင် မင်းသမီးက မင်းသားကို ချော့တဲ့



BURMESE CLASSIC .com



အခန်း ကျန်သေးတယ်"

"ဟော .. လာနေပြီ၊ ကဲ .. အင်္ဂလန်၊ ရှောင်ပေးကြစို့"

ကျွန်တော်က လှည့်မကြည့်၊ ကျွန်တော့်နောက်မှာ ရင်းနှီးနေ ကျ ရနံ့လေးက သင်းပျံ့ပျံ့ ..။ သူမက ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် လာရပ်ပါသည်။ ထို့နောက် ဒူးထောက်ကာ မျက်ရည်တွေနဲ့ ကျွန် တော့်ကို မော့ကြည့်ရင်း ...

"မောင် .."

ကျွန်တော် သူမကို တည်တည်ငြိမ်ငြိမ်ပဲ ကြည့်နေမိသည်။

"ကျွန်မ မှားပါတယ် မောင်၊ ကျွန်မ ဖဉ်းစားဉာဏ်မရှိဘဲ မောင့် ကို အယင်လွှဲခဲ့မိတာ၊ ကျွန်မကို ခွင့်လွှတ်ပါ မောင်"

ကျွန်တော်က သက်ပြင်းချပြီး ကန်ရေပြင်ဆီက မျက်နှာလွှဲ သည်။ သူမက ကျွန်တော့်ပေါင်ပေါ် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုပါတော့သည်။

"ကျွန်မကို ခွင့်လွှတ်ရင် စကားတော့ ပြန်ပြောပါ မောင်၊ ဒီလို ကြီး မနေပါနဲ့"

ကျွန်တော်က ပြန်မဖြေ၊ သူမက ကျောပြင် တသိမ့်သိမ့်တုန်ခါ လာသည်အထိ ရှိုက်ငို၍ကောင်းတုန်း ..။

"အိမ်စွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ခေါ်သံကြောင့် သူမ မျက်ရည်တွေနဲ့ အံ့အားသင့်ကာ မော့ကြည့်ပါသည်။

"ကျွန်တော် ခင်ဗျားအပေါ်မှာ အမြဲ ခွင့်လွှတ်တတ်တဲ့ကောင်ပါ"

"တကယ် .."

ကျွန်တော် ခေါင်းညိတ်ပြတော့ မျက်ရည်တွေနဲ့ သူမ ပြုံးရယ်လာပါသည်။ ကျွန်တော်က တွဲထူရင်း မတ်တတ်ရပ်တော့ ...

BURMESE CLASSIC .com

"စုနက ဘာလို့ ချက်ချင်းမပြောတာလဲ"

"တမင်ညှဉ်းထားတာ .. နောက်တော့ မနေနိုင်လို့"

သူမက ချစ်စရာကောင်းအောင် မျက်စောင်းထိုးပြပြီး သူ့ရင်ခွင်ထဲ တိုးဝင်ပါသည်။

"စုန .. ဘယ်လိုခေါ်လိုက်တယ်"

သူမက ရှက်ရှက်နဲ့ ရင်ခွင်ထဲကနေ ခေါင်းခါပြကာ မျက်နှာကို ဝှက်ထားပါသည်။ ဒီအချိန်မှာ နောက်ကနေ ပြိုင်တူအော်လိုက်တဲ့ အသံ ..။

"မောင် .."

ပြီးတော့ ရယ်သံတွေ ...၊

ဒီနိုင်းခ



www.burmeseclassic.com

www.burmeseclassic.com

# စဝင် ဒီနှင်းခါ

ရေအဆုံးကုန်းတစ်ဝက် မျှော်လင့်ချက်



BURMESE CLASSIC .com

www.burmeseclassic.com